# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မမေ့မလျော့ခြင်း**

မမေ့မလျော့ခြင်းသည် နိဗ္ဗာန်၏ အကြောင်းတည်း။ မေ့လျော့ခြင်းသည် သေခြင်း၏ အကြောင်းတည်း။ မမေ့မလျော့သောသူတို့သည် သေသည် မမည်ကုန်၊ မေ့လျော့သော သူတို့သည် သေသည်မည်ကုန်၏။

အပ္ပမာဒဝဂ်(ဓမ္မပဒ-၂၁)


၁၃၈၃ ခုနှစ်၊ ဝါဆိုလဆန်း ၁၃ ရက် ၂၀၂၁ ခုနှစ်၊ ဇူလိုင် ၂၁ ရက်၊ ဗုဒ္ဓဟူးနေ့ အတွဲ (၆၀)၊ အမှတ် (၂၉၁)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေး ရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံ ဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေးဆက်လက်ဆောင်ရွက်သွားမည်။

## ယနေ့ မာတိကာ


ကြားနာစစ်ဆေးဆဲ ပြစ်မှုဆိုင်ရာ အမှုများ ပိတ်သိမ်းခြင်း စာ - ၃

ကချင်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာ စာ - ၅


# ကိုဗစ်-၁၉ ကူးစက်မြန်ရောဂါကုသရာတွင် အသုံးပြုရန် Remdesivir ကုသဆေးများ နေပြည်တော်သို့ရောက်ရှိ



ကိုဗစ်-၁၉ ကူးစက်မြန်ရောဂါ အရေးပေါ်ကုသရာတွင် အသုံးပြုရန်အတွက် အိန္ဒိယနိုင်ငံ National Strategic Investment Corporation Co.Ltd(NSIC) မှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ လှူဒါန်းသည့် Remdesivir ကုသဆေးများ နေပြည်တော်လေဆိပ်သို့ ရောက်ရှိလာစဉ်။

သတင်းစဉ်

**နေပြည်တော် ဇူလိုင် ၂၀**

ကိုဗစ်-၁၉ ကူးစက်မြန်ရောဂါ အရေးပေါ်ကုသရာတွင် အသုံးပြုရန်အတွက် National Strategic Investment Corporation Co.Ltd(NSIC) မှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ လှူဒါန်းသည့် Remdesivir ကုသဆေး အလုံးပေါင်း သုံးသောင်းသည် အိန္ဒိယနိုင်ငံ ဟိုက်ဒရာဘတ် အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ တစ်ဆင့် တပ်မတော်လေယာဉ်ဖြင့် နေပြည်တော်လေဆိပ်သို့ ယနေ့ ညပိုင်းတွင် ရောက်ရှိလာသည်။

**လက်ခံရယူ**

အဆိုပါ Remdesivir ကုသဆေးများကို နေပြည်တော်လေဆိပ်၌ National Strategic Investment Corporation Co.Ltd မှ အထွေထွေမန်နေဂျာက လွှဲပြောင်း ပေးအပ်ရာ


*စာမျက်နှာ ၄ ကော်လံ ၁* ❑

မြန်မာ့အလင်း

# ဒွါရသုံးပေါက်ကို ကောင်းစွာစောင့်ရှောက်

တစ်နိုင်ငံလုံး တစ်မျိုးသားလုံးအတွက် လတ်တလော အရေးကြီးဆုံး ဆောင်ရွက်ရမည့်အလုပ်မှာ ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ပျံ့နှံ့မှုကို ဖြတ်တောက်ထိန်းချုပ်ရေးပင်ဖြစ်သည်။ ကိုဗစ်-၁၉ တတိယလှိုင်း ဝင်ရောက်ချိန်မှစ၍ နေ့စဉ်မြင့်တက်လာနေသည့် ဓာတ်ခွဲအတည်ပြုလူနာအရေအတွက်မှာ ရာဂဏန်းမှသည် ထောင်ဂဏန်းသို့ ရောက်ရှိလာပြီး ယခုအခါ ငါးထောင်ကျော်အထိ ဖြစ်နေသည်။ ဓာတ်ခွဲနမူနာ စစ်ဆေးမှုများ ယခုထက်ပို၍ များများပြုလုပ်နိုင်လျှင် အတည်ပြုလူနာများ ယခုထက်ပို၍ တွေ့ရှိမည်မှာ အသေအချာပင်ဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါကို ထိထိရောက်ရောက် ကာကွယ်ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် အများပြည်သူအလုပ်ပိတ် ရက်ရှည်ကိုးရက် သတ်မှတ်ထားရာ အများပြည်သူတို့ အိမ်မှာနေရင်း မိမိနှင့်တကွ မိသားစုတို့၏ ကျန်းမာရေးကို စောင့်ရှောက်နိုင်ကြရန်လိုသည်။ ကျန်းမာရေးစောင့်ရှောက်ရန်ဟုဆိုရာတွင် လူတိုင်းကိုယ်ရောစိတ်ပါ ကျန်းမာကြံ့ခိုင်ကြစေရန် ဆိုလိုရင်းဖြစ်သည်။ ခန္ဓာကိုယ် ကျန်းမာရေးအတွက် ကိုယ်ခံအားကောင်းဖို့လိုသလို စိတ်ဓာတ်ကြံ့ခိုင်နိုင်ရေးအတွက် ကြုံလာသမျှ အရေးတို့အပေါ်တွင် သင့်တင့်လျောက်ပတ်စွာ နှလုံးသွင်းနိုင်ဖို့ မတုန်လှုပ်ဖို့လိုသည်။ ကပ်ရောဂါ ကျရောက်နေသည့်ကာလအတွင်း တစ်ကိုယ်ရည်ဖြစ်စေ၊ မိသားစုနှင့်ဖြစ်စေ မည်သို့နေရမည်၊ မည်သို့ စားရမည်၊ မည်သည်တို့ကို ပြုလုပ်ရမည်၊ မည်သည်တို့ကို ရှောင်ရှားရမည် စသည်တို့ကို မီဒီယာနည်းလမ်းမျိုးစုံဖြင့် ပြည်သူတို့သိရှိစေရန် ပညာပေးလျက်ရှိရာ ကောင်းစွာလေ့လာမှတ်သားပြီး လက်တွေ့ကျကျ ကျင့်သုံးခြင်းအားဖြင့် ကမ္ဘာ့ကပ်ရောဂါကို ရင်ဆိုင်နိုင်ကြမည် ဖြစ်သည်။

ကူးစက်မြန်ပြီး ပြင်းထန်သည့် ကိုဗစ်-၁၉ ရောဂါပိုးတို့ လူသားတို့၏ ခန္ဓာကိုယ်ကို မျက်စိ၊ နှာခေါင်း၊ ပါးစပ်တို့မှ ဝင်ရောက်ခြင်းဖြစ်ရာ အဆိုပါ ဒွါရသုံးပေါက်ကို သတိဖြင့် စောင့်ရှောက်ပိတ်ဆို့နိုင်လျှင် ကူးစက်ရောဂါဘေးမှ ကင်းဝေးပြီဟု ဆိုနိုင်သည်။ နှာချေသူ၊ ချောင်းဆိုးသူ၊ စကားကျယ်လောင်စွာ ပြောဆိုသူ၊ သီချင်းဆိုသူတို့ကြောင့် ကိုရိုနာဗိုင်းရပ်စ်တို့က လေထုထဲသို့ အခိုက်အတန့် ရောက်ရှိလာသည်။ လူများများ စုဝေးနေကြသည့်နေရာမျိုးတွင် လေထုထဲမှာ ပိုးများများလွင့်မျောနေနိုင်သည်။ လေထဲမှ ရောဂါပိုးတို့ မျက်စိထဲဝင်လျှင်၊ နှာခေါင်း၊ ပါးစပ်ထဲဝင်လျှင် ရောဂါကူးစက်ခံရပြီ ဖြစ်သည်။ ထို့ကြောင့် လူစုလူဝေးရှောင်ရန်၊ အိမ်ပြင်ထွက်ပါက ပါးစပ်နှာခေါင်းစည်းကို လုံခြုံစွာတပ်ရန်၊ မျက်နှာအကာတပ်ဆင်ရန် နှိုးဆော်နေခြင်းဖြစ်သည်။ မျက်လုံး၊ နှာခေါင်း၊ ပါးစပ်တို့ထဲသို့ ရောဂါပိုးကို သယ်ဆောင်ပေးသည့် နောက်ထပ်တရားခံမှာ မိမိကိုယ်တိုင်၏ လက်ပင်ဖြစ်သည်။ လေထုထဲမှ ဗိုင်းရပ်စ်ပိုးတို့က အရာဝတ္ထုများပေါ်သို့ ကျရောက်ခြင်း၊ ရောဂါပိုးသယ်ဆောင်ထားသူတို့ ကိုင်တွယ်ထိတွေ့ခြင်းတို့ကြောင့် ကိုဗစ်-၁၉ ဗိုင်းရပ်စ်တို့မှာ အရာဝတ္ထုများ၏ မျက်နှာပြင်များပေါ်မှာ ရှိနေတတ်သည်။ ထိုအရာဝတ္ထုများကို ကိုင်တွယ်ထိတွေ့ခြင်းဖြင့် ရောဂါပိုးတို့ မိမိလက်ပေါ်ရောက်လာသည်။ ထိုလက်ဖြင့် မျက်စိ၊ နှာခေါင်း၊ ပါးစပ်တို့ ထပ်မံထိတွေ့သည့်အခါ ရောဂါပိုးတို့ ခန္ဓာကိုယ်ထဲ ဝင်ခွင့်ရသွားသည်။ မကြာမကြာ ကိုယ့်လက်ကိုယ်ဆေးကြောခြင်းဖြင့် ရောဂါပိုးတို့ ကင်းစင်နေစေဖို့လိုသည်။ အလွန်လွယ်ကူရှင်းလင်းသော နည်းလမ်းကလေး အနည်းငယ်မျှဖြင့် ကပ်ရောဂါဘေးဆိုးကို ရှောင်ကြဉ်နိုင်ရန်မှာ သတိကလေးကို မပြတ်ကပ်ထားကြရမည်ဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု အရှိန်အဟုန်မြင့်တက်လာသည့်အတွက် ဖြစ်ပေါ်လာသည့် အခက်အခဲ အကျပ်အတည်းများကို မိမိတို့နိုင်ငံမှာသာမက အခြားနိုင်ငံတို့တွင်လည်း တွေ့နေကြရသည်။ ကမ္ဘာ့ကပ်ရောဂါဖြစ်သည့်အလျောက် နိုင်ငံတိုင်းမှာ ရင်ဆိုင်ကြရသည့် ပြဿနာများက အတူတူ။ ဆေးရုံခုတင်၊ ဆေးဝါး၊ အောက်ဆီဂျင်၊ ဆရာဝန်၊ သူနာပြု စသည့် အခက်အခဲများပင်ဖြစ်သည်။ ရောဂါမဖြစ်သေးသူတို့အဖို့ မိမိကိုယ်ကို ကောင်းစွာကာကွယ် စောင့်ရှောက်ကြရာတွင် အထက်မှာဆိုခဲ့ပြီးသည့်အတိုင်း မျက်စိ၊ နှာခေါင်း၊ ပါးစပ်တည်းဟူသော ဒွါရသုံးပေါက်မှ သေမင်းတမန် ရန်သူဗိုင်းရပ်စ်တို့ ဝင်ရောက်ခွင့်မရရေးသည်သာ အဓိကဟု မှာဝေလိုက်ရပါကြောင်း။ ။

# မြန်မာနိုင်ငံ ပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| | အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဒေါက်တာ ညွန့်စိုး ပါမောက္ခချုပ် ပြည်နည်းပညာတက္ကသိုလ် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ပါမောက္ခချုပ် နည်းပညာတက္ကသိုလ်(စစ်ကိုင်း) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |
| (၂) | ဒေါက်တာ စန်းစန်းရီ ပါမောက္ခချုပ် နည်းပညာတက္ကသိုလ် (တောင်ကြီး) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ပါမောက္ခချုပ် နည်းပညာတက္ကသိုလ် (မိတ္ထီလာ) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |
| (၃) | ဒေါက်တာ ခင်ထိုက်ထိုက်လွင် ပါမောက္ခချုပ် နည်းပညာတက္ကသိုလ် (ကျောက်ဆည်) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ပါမောက္ခချုပ် နည်းပညာတက္ကသိုလ် (တောင်ကြီး) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |
| (၄) | ဒေါက်တာသင်းသုနိုင် ပါမောက္ခချုပ် ကွန်ပျူတာတက္ကသိုလ် (တောင်ကြီး) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ပါမောက္ခချုပ် ကွန်ပျူတာတက္ကသိုလ် (ကျိုင်းတုံ) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |

# ကြက်ဥအစားထိုးအဖြစ် ပဲအမျိုးမျိုးနှင့် ငှက်ပျောသီး၊ အာလူး စသည်တို့စားသုံးနိုင်

**နေပြည်တော် ဇူလိုင် ၂၀**

ကြက်ဥသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်နိုင်တယ်ဆိုသည့် သတင်းအမှားများကြောင့် ဈေးကွက်အတွင်း ကြက်ဥပြတ်လပ်သွားခြင်း၊ ဈေးအဆမတန် မြင့်တက်သွားခြင်းများ ဖြစ်ပေါ်လျက်ရှိသည်။

ကိုယ်ခံစွမ်းအားကို အကောင်းဆုံးတည်ဆောက်ပြီး ကိုဗစ် - ၁၉ ရောဂါကို ကာကွယ်တားဆီးရန်အတွက် ကြက်ဥသည် စားသင့်သည့်အစားအစာများထဲမှ တစ်ခုသာဖြစ်ပြီး ကြက်ဥတစ်မျိုးတည်းစားရုံဖြင့် ကိုဗစ်-၁၉ ကို မကာကွယ်နိုင်ကြောင်း သိရသည်။

"အာဟာရပြည့်ဝစေဖို့အတွက် အသီးအနှံတွေစားပါ။ ဟင်းသီးဟင်းရွက်တွေ စားပါ။ ပဲတောင့်ရှည်တွေ၊ ပဲနီလေး၊ ပဲဝါလေးတွေစားပါ။ အခွံမာအသီး၊ အစေ့အဆန်တွေစားပါ။ ဂျုံ၊ စပါးတွေစားပါ။ ပြောင်းဖူးတွေ၊ ဂျုံ၊ ဂျုံနဲ့လုပ်တဲ့ အစားအစာတွေစားပါ။ ဆန်လုံးညိုစားပါ။ အာလူးတွေ၊ ကန်စွန်းဥတွေ၊ ပီလောပီနံတွေစားလို့ရပါတယ်။ အသားတွေ၊ ငါးတွေ စားလို့ရပါတယ်။ ဥတွေစားလို့ရပါတယ်။ နို့လည်း သောက်လို့ရပါတယ်" ဟု ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာခင်ခင်ကြီးက မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် တွေ့ဆုံမေးမြန်းခန်းတွင် ဖြေကြားထားသည်။

ထို့ပြင် ကြက်ဥရှားပါးဈေးတက်ချိန်တွင် ကြက်ဥအစားထိုးအဖြစ် ပဲနီလေး၊ ကုလားပဲ၊ ပဲပိစပ်၊ မြေပဲ၊ ပဲပြား/တိုဟူး၊ ငှက်ပျောသီး၊ အာလူး၊ နွားနို့၊ ကန်စွန်းဥ၊ ကြက်သား၊ ငါးမျိုးမျိုးစသည့် အစားအစာများကိုလည်း အစားထိုးစားသုံးနိုင်ကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ပြည်သူသို့ အသိပေးသတင်းထုတ်ပြန်ထားသည်။

သတင်းစဉ်

# အင်းစိန်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုမရှိစေရေးအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိ

**ရန်ကုန် ဇူလိုင် ၂၀**

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်၌ ပြည်သူများ ကျန်းမာရေး ကောင်းမွန်စွာ နေထိုင်နိုင်စေရန်နှင့် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်စေရန် ရည်ရွယ်၍ မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီ၏ ဦးဆောင်မှုဖြင့် ကြက်ခြေနီအသင်း (အင်းစိန်)၊ ပရဟိတအသင်း/အဖွဲ့များနှင့် တာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိသည်။

အင်းစိန်မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီ၏ ဦးဆောင်မှုဖြင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှဝန်ထမ်းများ၊ ကြက်ခြေနီအသင်း(အင်းစိန်)၊ တွဲလက် လူမှုကူညီရေးအဖွဲ့၊ စိန်ရတနာ နာရေးကူညီမှုအသင်း၊ ပရဟိတအသင်း/ အဖွဲ့များနှင့် တာဝန်ရှိသူများက အင်းစိန်မြို့နယ် ရပ်ကွက်များအတွင်းရှိ ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိခဲ့သူများနှင့် ထိတွေ့ဆက်စပ်ခဲ့သူများကို သွားရောက်၍ ခေါ်ဆောင်ကာ အင်းစိန် (GTI) Quarantine Center (၃) တွင် တို့ဖတ်နမူနာယူ စစ်ဆေးပေးခြင်း၊ ပြည်သူများ လက်ဝယ်အရောက် နှာခေါင်းစည်းများ ဖြန့်ဝေပေးခြင်း၊ ပြည်သူများ ကျန်းမာရေးအခက်အခဲ ကြုံတွေ့ခြင်းနှင့် အောက်ဆီဂျင် လိုအပ်လျှင် အကူအညီတောင်းခံပါက ကြက်ခြေနီအသင်း (အင်းစိန်) နှင့် ပရဟိတအသင်း/ အဖွဲ့များက အချိန်နှင့်တစ်ပြေးညီ သွားရောက်၍ ရှေးဦးပြုစုနည်းဖြင့် ကျန်းမာရေးစောင့်ရှောက်မှု ပေးပြီး ဆေးရုံသို့ပို့ဆောင်ပေးခြင်း စသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။



အင်းစိန်မြို့နယ် အတွင်းရှိ စည်ပင်သာယာဈေးများ၌ ဈေးရောင်းချသူများနှင့် ဈေးဝယ်လာသူများအား ကိုဗစ်-၁၉ရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် နေ့စဉ်အသံချဲ့စက်ဖြင့် ဈေးအတွင်းသို့ လှည့်လည်ကာ နှိုးဆော်ပေးခြင်း၊ ကိုယ်အပူချိန် တိုင်းတာပေးခြင်း၊ နှာခေါင်းစည်းများ ပေးဝေခြင်း (အပေါ်ပုံ)နှင့် ကိုဗစ်-၁၉ ရောဂါအကြောင်း သိကောင်းစရာများကို ဈေးတာဝန်ခံများနှင့် ဝန်ထမ်းများက အသိပညာပေး ဆောင်လျက်ရှိပြီး မြို့နယ်အတွင်းရှိ အခြားပုဂ္ဂလိက ဈေးများတွင်လည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အင်းစိန်မြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာန၊ ဒုတိယမြို့နယ် ကျန်းမာရေးမှူး(စီမံ/ဘဏ္ဍာ)မှ ဒေါက်တာ မိုးမိုးမြင့်နှင့် အခြေခံကျန်းမာရေး ကျွမ်းကျင် ပညာရှင်များက မြို့နယ်အတွင်း အခြေခံပညာ အထက်တန်း ကျောင်းများ၊ အလယ်တန်း ကျောင်းများနှင့် မူလတန်းကျောင်းများရှိ ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ရပ်ကွက်နေ ပြည်သူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးပြီး မြို့နယ်အတွင်းတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပြီးသူ ၄၀၀၀ ခန့် ရှိပြီဖြစ်ကြောင်း အင်းစိန်မြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာန ဒုတိယမြို့နယ် ကျန်းမာရေးမှူး (စီမံ/ဘဏ္ဍာ)မှ ဒေါက်တာ မိုးမိုးမြင့်ထံမှ သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**



## စစ်အင်အားတောင့်တင်းမှ ကမ္ဘာ့လူရာဝင်နိုင်

စစ်အင်အားတောင့်တင်းမှ ကမ္ဘာ့လူရာဝင်နိုင်သည်ကို ရှင်းပြနေရန်ပင် လိုမည်မထင်ကြောင်း၊ လက်နက်အင်အား၊ စစ်မက်အင်အား၊ နိုင်ငံရေးအား၊ ကြီးပွားရေးအားများ အရေးကြီးကြောင်း၊ အရင်းခံမှာ စစ်မက်အင်အား၊ နိုင်ငံရေးအားများ ဖြစ်ကြောင်း။

**(၁၉၄၄ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နေ့ ပုသိမ်မြို့တွင် စစ်ဝန်ကြီး ဗိုလ်ချုပ်အောင်ဆန်း မြွက်ကြားခဲ့သော မိန့်ခွန်းစကားမှ ကောက်နုတ်ချက်)**

## ကြားနာစစ်ဆေးဆဲ ပြစ်မှုဆိုင်ရာ အမှုများ ပိတ်သိမ်းခြင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ် ၁၄၇ / ၂၀၂၁**
**၁၃၈၃ ခုနှစ်၊ ဝါဆိုလဆန်း ၁၂ ရက်**
**( ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက် )**

**ကြားနာစစ်ဆေးဆဲ ပြစ်မှုဆိုင်ရာ အမှုများ ပိတ်သိမ်းခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လတ်တလောဖြစ်ပေါ်နေသော ကိုဗစ်-၁၉ ကူးစက်မှုကို ထိရောက်စွာ ကာကွယ်ကုသနိုင်ရေးအတွက်လည်းကောင်း၊ သက်ဆိုင်ရာ တရားရုံးများတွင် စွဲဆိုထားသည့် ပြစ်မှုများအတွက် တရားခံများကို ကိုဗစ်-၁၉ ဆိုင်ရာ စည်းကမ်းချက်များကြောင့် ရုံးထုတ်စစ်ဆေးနိုင်ခြင်းမရှိသဖြင့် ချုပ်ရက်များ ရှည်ကြာနေသဖြင့်လည်းကောင်း အချို့သောပြစ်မှုဖြင့် စွဲဆိုခံရသည့် နိုင်ငံသားများအတွက် သက်ညှာစွာစဉ်းစားပြီး ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၄၁၉ အရ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၂။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့နှင့် ယင်းနေ့မတိုင်မီက အောက်ဖော်ပြပါ ပြစ်မှုတစ်ခုခုဖြင့် သက်ဆိုင်ရာတရားရုံးများတွင် စွဲဆိုခံရသည့် ပြစ်မှုဆိုင်ရာ အမှုအားလုံးကို ပိတ်သိမ်း၍ တရားခံများအား အမှုမှ လွှတ်ရမည်-

- (က) ရာဇသတ်ကြီးပုဒ်မ ၃၇၉၊ ၃၈၀ နှင့် ၃၇၉/ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၅၄၊ ၃၈၀/ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၄၊
- ( ခ ) သစ်တောဥပဒေပါ ပုဒ်မ ၄၂ နှင့် ၄၃ တို့မှအပ ကျန်ပြစ်မှုတစ်ခုခု၊
- ( ဂ ) လောင်းကစားဥပဒေပါ ပြစ်မှုတစ်ခုခု၊
- (ဃ) ယစ်မျိုးအက်ဥပဒေပါ ပြစ်မှုတစ်ခုခု၊
- ( င ) ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့် ခံဝန်အက်ဥပဒေပါ ပြစ်မှုတစ်ခုခု၊
- ( စ ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၆ နှင့် အားပေးကူညီမှုများ၊
- (ဆ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၉(က) နှင့် အားပေးကူညီမှုများ၊ (မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ နှင့် စပ်လျဉ်း၍ ယင်းဥပဒေပုဒ်မ ၂၆ အရ အလေးချိန်သတ်မှတ်ချက် ၃ ဂရမ်ဖြစ်ပါက ၁၀ ဂရမ်နှင့် အောက်သော်လည်းကောင်း၊ ၁၀၀ ဂရမ်ဖြစ်ပါက ၂၀၀ ဂရမ်နှင့်အောက်သော်လည်းကောင်း၊ ဘိန်းစာရွက်အစိုဖြစ်ပါက ၁၀ ကီလိုဂရမ်နှင့်အောက်သော်လည်းကောင်း၊ ဘိန်းစာရွက်အခြောက် သို့မဟုတ် ဘိန်းစာမှုန့်ဖြစ်ပါက ၅ ကီလိုဂရမ်နှင့် အောက်သော်လည်းကောင်း သိမ်းဆည်းရမိမှုများအတွက်သာ)၊
- ( ဇ ) လက်နက်ဥပဒေပုဒ်မ ၁၉ (င)၊
- ( ဈ ) ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေပါ ပြစ်မှုတစ်ခုခု၊
- (ည) ရဲအက်ဥပဒေပါ ပြစ်မှုတစ်ခုခု၊
- ( ဋ ) ရုပ်မြင်သံကြားနှင့် ဗီဒီယို ဥပဒေပါ ပြစ်မှုတစ်ခုခု။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## ရခိုင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ စစ်တွေတက္ကသိုလ်(အဟောင်း) Quarantine Center သို့ သွားရောက်ကြည့်ရှု

**စစ်တွေ ဇူလိုင် ၂၀**

ရခိုင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာ အောင်ကျော်မင်းသည် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် ထင်လတ်ဦး၊ ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက စစ်တွေတက္ကသိုလ် (အဟောင်း) Quarantine Center တွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။



အဆိုပါ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာတွင် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများက Quarantine Center အတွင်း၊ အပြင် သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ချုံနွယ်ပေါင်းမြက်များ ရှင်းလင်းခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြပြီး ရခိုင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုအားပေးကာ လိုအပ်သည်များကို သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

စစ်တွေတက္ကသိုလ်(အဟောင်း) Quarantine Center တွင် (Stay at Home) သတ်မှတ်ထားသည့် မြို့နယ်များမှ စစ်တွေမြို့သို့ လာရောက်သူ ၁၅၀ ထားရှိနိုင်ရန် စီစဉ်ထားပြီး ထို့ပြင်နေအိမ်တွင် နေထိုင်ရေး (Stay at Home) နေရာများမှ စစ်တွေမြို့သို့ ရောက်ရှိလာကြသူများအား ထားရှိနိုင်ရန် Quarantine Center အဖြစ် ခိုင်သဇင်ပန်းခြံ ခန်းမ၊ လောကာနန္ဒာစေတီတော်အတွင်းမှ သာသနာ့ဗိမာန်တော်၊ ရေချမ်းပြင်ကျေးရွာအနီးတွင် ရှိသည့် အားကစားနှင့် ကာယသိပ္ပံကျောင်းနှင့် ပြည်နယ်လွှတ်တော် အဆောက်အအုံတို့ကို အရန်အသင့် စီစဉ်ထားကြောင်း သိရသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇူလိုင် ၂၀

နေပြည်တော်၊ မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေသည်။

**မိုး/ဇလ**

# ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်း အရှိန်အဟုန်မြှင့်တင်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၂၀**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်း အရှိန်အဟုန်မြှင့်တင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ရုံးအမှတ် (၄) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန နေပြည်တော်၌ Video Conference စနစ်ဖြင့် ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း တက်ရောက်သည်။ (ယာပုံ)



### အမြန်ဆုံးဖြည့်ဆည်း ဆောင်ရွက်ပေးမည်

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ရန်ကုန်တိုင်းဒေသကြီးတွင် ကိုဗစ်-၁၉ ရောဂါ ကုသရေးဌာနများ ထပ်မံတိုးချဲ့သွားမည့် အစီအစဉ်များ၊ လူနာများ လိုအပ်သည့် အရေးပေါ်ကုသမှု ရရှိရန် ဆောင်ရွက်ထားသည့် အခြေအနေများ၊ ပုဂ္ဂလိက ဆေးရုံများတွင် ကိုဗစ်-၁၉ လူနာများ လက်ခံကုသနိုင်ရေးနှင့် အောက်ဆီဂျင်လုံလောက်စွာ ရရှိနိုင်ရေး စီမံဆောင်ရွက်ထားသည့် အခြေအနေများနှင့် ပတ်သက်၍ ယနေ့အစည်းအဝေးတွင် ပွင့်ပွင့်လင်းလင်း ဆွေးနွေးသွားစေလိုပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး၏ လိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ အမြန်ဆုံးဖြည့်ဆည်း ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ပြောကြား သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုး က ကိုဗစ်-၁၉ ရောဂါ mild, moderate လူနာများအတွက် ကိုဗစ်-၁၉ ရောဂါကုသရေးဌာနများ ထပ်မံတိုးချဲ့သွားမည့် အစီအစဉ်များကို လည်းကောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အေးထွန်း က ကိုဗစ်-၁၉ ရောဂါ ပြင်းထန်လူနာများ ကုသနိုင်ရန် ဆေးရုံများ ထပ်မံတိုးချဲ့နေမှုအစီအစဉ်များကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ထွန်းမင်း က ရန်ကုန်တိုင်းဒေသကြီး၏ ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားနေမှုအခြေအနေများ၊ ကြုံတွေ့နေရသည့်အခက်အခဲများနှင့်ပတ်သက်၍ လည်းကောင်း တင်ပြဆွေးနွေးရာ ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ mild, moderate လူနာများအတွက် လိုအပ်သည့်ဆေးဝါးများ မဖြစ်မနေရရှိအောင် စီစဉ်ဆောင်ရွက်ရေး၊ သွေးတိုး၊ ဆီးချိုရောဂါရှိသည့် ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများအတွက် ဆေးဝါးမပြတ်လပ်စေရေး၊ ဖြည့်ဆည်းပေးမည့်ကဏ္ဍများ၊ ဆက်လက်ဆောင်ရွက်သွားရမည့် လုပ်ငန်းများအား လမ်းညွှန်မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

### ရောဂါကူးစက်မှုများ လျော့ကျ

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် Video Conference စနစ်ဖြင့် တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများနှင့် တွေ့ဆုံဆွေးနွေးရာတွင် ဇူလိုင် ၁၈ ရက်က ပြုလုပ်ခဲ့သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ လမ်းညွှန်မှာကြားချက်များကို ဦးစွာရှင်းလင်းပြောကြားပြီး ပြည်သူများအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်၊ ပန်ကြားချက်များကို တိတိကျကျလိုက်နာခြင်းနှင့် ရောဂါကာကွယ်ရေးလုပ်ငန်းများကို တိတိကျကျ ကြီးကြပ်ဆောင်ရွက်စေခြင်းတို့ဖြင့် ရောဂါကူးစက်မှုများ လျော့ကျနိုင်မည်ဖြစ်၍ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများမှ တိုင်းဒေသကြီး၊ ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပူးပေါင်း၍ ကြပ်ကြပ်မတ်မတ် ဆောင်ရွက်သွားရန် အရေးကြီးပါကြောင်း၊ ရောဂါကူးစက်မှုများ လျော့ကျစေရေးဝန်ကြီးဌာနမှ ဖြန့်ဝေပေးထားသည့် ပါးစပ်နှင့် နှာခေါင်းစည်း(Mask) များကို ပြည်သူများထံ အမြန် ဖြန့်ဝေပေးရန်ဖြစ်ကာ နောက်ထပ်လိုအပ်ချက်များရှိပါက ဝန်ကြီးဌာနမှ ဆက်လက်ထောက်ပံ့ပေးမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးအသိပညာမြှင့်တင်ရေးလုပ်ငန်းများ၊ ရောဂါကာကွယ်ရေး ပညာပေးခြင်း/ အသိပေး/ သတိပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းကို အသံချဲ့စက်များဖြင့် ညပိုင်းတွင်သာမက နံနက်ပိုင်းနှင့် နေ့ဘက်အချိန်တွင်ပါ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်မှသာ အိမ်အပြင် ထွက်မည့်သူများနှင့် လုပ်ငန်းခွင်သို့ သွားရောက်မည့်သူများအနေဖြင့် ပိုမိုသတိပြု ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း။

### မပြတ်လပ်အောင် ဆောင်ရွက်

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံမည့်လူစာရင်း တိတိကျကျရရှိရေး၊ ကာကွယ်ဆေးထိုးနှံမည့်သူများအား စနစ်တကျ ကြိုတင်မှတ်ပုံတင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရန်ဖြစ်ပါကြောင်း၊ ကာကွယ်ဆေးထိုးမှတ်တမ်း စနစ်တကျထားရှိရေးနှင့် ကာကွယ်ဆေးထိုး မှတ်တမ်းကတ်ပြားများ အချိန်နှင့်တစ်ပြေးညီ ထုတ်ပေးနိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ အရေးပေါ်လူနာများကို နှောင့်နှေးမှု မရှိစေဘဲ ကုသမှုရရှိစေရန် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကုသရေးတွင် ရှေ့တန်းမှ တာဝန်ထမ်းဆောင်လျက်ရှိသူ ကျန်းမာရေးဝန်ထမ်းများအား ထောက်ပံ့ငွေကျပ် ၅၀၀၀၀ လစဉ်ပေးအပ်သွားမည်ဖြစ်ပြီး ညဂျူတီ တာဝန်ထမ်းဆောင်သူများအား တစ်ညလျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ ထိုသို့ထောက်ပံ့ပေးရာတွင် ကန်ထရိုက်စနစ်ဖြင့် တာဝန်ထမ်းဆောင်မည့်သူများကိုပါ ထောက်ပံ့ပေးမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အောက်ဆီဂျင်ထုတ်လုပ်မှုနှင့် လိုအပ်ချက်ကို တွက်ချက်၍ ဗဟိုနှင့်ညှိနှိုင်းကာ အောက်ဆီဂျင် မပြတ်လပ်အောင် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးကြီးကြပ် (၂) များ၊ သားဖွားဆရာမများ၊ နေ့စားဝန်ထမ်းများ ခန့်အပ်နိုင်ရေး အမြန်ဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများက လက်ရှိကြုံတွေ့နေရသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများက ပြန်လည်ဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းပေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ရန် လမ်းညွှန်မှာကြား၍ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

---

❑ *ရှေ့ဖုံးမှ*

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာ သက်ခိုင်ဝင်းက လက်ခံရယူသည်။

### ကိုဗစ်-၁၉ ကူးစက်မြန်ရောဂါ ကုသမှုတွင် အသုံးပြု

ကမ္ဘာတစ်ဝန်းတွင် ဖြစ်ပွားလျက်ရှိသော ကူးစက်မြန် ကိုဗစ်-၁၉ ရောဂါအား Remdesivir ဆေးဖြင့် ကုသရာတွင် အထိရောက်ဆုံးနှင့် လူသေဆုံးမှုနှုန်းကို လျှော့ချနိုင်မှု အရှိဆုံးဖြစ်ကြောင်း၊ အဆိုပါ Remdesivir ကုသဆေးကို အမေရိကန်နိုင်ငံ Gileat Sciences, Inc မှ တီထွင်ထုတ်လုပ်ပြီး အမေရိကန်နှင့် ဥရောပနိုင်ငံများတွင် FDA ထောက်ခံချက်ရရှိခဲ့ကာ ကိုဗစ်-၁၉ ကူးစက်မြန်ရောဂါ ကုသမှုတွင် အသုံးပြုလျက်ရှိကြောင်း သိရသည်။

### Remdesivir ဆေးဝါးကို ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိ

ထို့ပြင် Remdesivir ကုသဆေးကို ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အသုံးပြုရန်အတွက် Gileat Sciences, Inc က ထုတ်လုပ်မှုလိုင်စင်ကို အိန္ဒိယနိုင်ငံ Hetero Labs Limited မှ ဝယ်ယူ၍ Remdesivir ဆေးဝါးကို ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိကြောင်း၊ Remdesivir ကုသဆေးကို National Strategic Investment Corporation Co.Ltd အနေဖြင့် မြန်မာကျပ်ငွေ ၃ ဘီလီယံတန်ဖိုးခန့်ရှိ ဆေးအလုံးပေါင်း သုံးသောင်းအား အိန္ဒိယနိုင်ငံက မှာယူ၍ မြန်မာနိုင်ငံပြည်သူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှတစ်ဆင့် လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




Remdesivir ကုသဆေးများကို National Strategic Investment Corporation Co.Ltd မှ အထွေထွေမန်နေဂျာက လွှဲပြောင်းပေးအပ်ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းက လက်ခံရယူစဉ်။

## စစ်မှန်ရိုးသားသည့် ဒီမိုကရေစီ ဖြစ်စေချင်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ တိုင်းဒေသကြီးနှင့် ပြည်နယ်/ မြို့နယ်များအလိုက် မဲစာရင်း စိစစ်တွေ့ရှိမှုများနှင့် ၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုဖြစ်ပွားခဲ့သည့် မဲစာရင်းအခြေအနေများအား ဌာနဆိုင်ရာဝန်ထမ်းများသိရှိအောင် ပြောကြားဆောင်ရွက်နေရန်လိုကြောင်း၊ မိမိတို့အနေဖြင့် ဒီမိုကရေစီကို တန်ဖိုးထားပြီး စစ်မှန်ရိုးသားသည့် ဒီမိုကရေစီဖြစ်စေချင်သော်လည်း ယခင်ပြီးခဲ့သည့် အထွေထွေရွေးကောက်ပွဲတွင် ဒီမိုကရေစီကို မရိုးမသားပြုလုပ်ခဲ့သည့်အတွက် နိုင်ငံရေးအကျပ်အတည်းများ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်ကို နိုင်ငံ့ဝန်ထမ်းများအားလုံး နားလည်သိရှိရန်လိုကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀-၅-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

## ကချင်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**အမိန့်အမှတ် ၂၉၃ /၂၀၂၁**
**၁၃၈၃ ခုနှစ်၊ ဝါဆိုလဆန်း ၁၂ ရက်**
**(၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်)**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ (ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ (Coronavirus Disease 2019 – COVID–19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ ကချင်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် COVID–19 ခတ်ခွဲအတည်ပြုလူနာများ တွေ့ရှိရမှုများပြားလာပြီး ပိုးတွေ့နှုန်းမြင့်တက်လျက်ရှိပါသဖြင့် အဆိုပါ မြို့နယ်များတွင်နေထိုင်သည့် ပြည်သူများအနေဖြင့် မိမိနေအိမ်တွင်နေထိုင်ရန် (Stay at Home) လိုအပ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ကချင်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ အောက်ဖော်ပြပါမြို့နယ်များတွင် နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာလိုက်သည်–

**(က) ကချင်ပြည်နယ်**
- (၁) ရွှေကူမြို့နယ်၊
- (၂) ဖားကန့်မြို့နယ်၊
- (၃) မိုးကောင်းမြို့နယ်။

**(ခ) မကွေးတိုင်းဒေသကြီး**
- (၁) ပခုက္ကူမြို့နယ်၊
- (၂) မြိုင်မြို့နယ်၊
- (၃) တောင်တွင်းကြီးမြို့နယ်၊
- (၄) နတ်မောက်မြို့နယ်၊
- (၅) စလင်းမြို့နယ်၊
- (၆) ဆင်ပေါင်ဝဲမြို့နယ်၊
- (၇) မင်းတုန်းမြို့နယ်၊
- (၈) မင်းလှမြို့နယ်၊
- (၉) သရက်မြို့နယ်။

၃။ အဆိုပါမြို့နယ်များရှိ နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်သော ပြည်သူများသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာရမည် –

(က) မိမိနေအိမ်တွင်သာ နေထိုင်ရန် –

(၁) အစိုးရဌာနများတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများမပါ၊

(၂) ပုဂ္ဂလိကလုပ်ငန်းများဖြစ်သည့် ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၊ စက်သုံးဆီ အရောင်းဆိုင်များ၊ စားသောက်ကုန်နှင့် သား၊ ငါး၊ အအေးခန်း လုပ်ငန်းများ၊ ဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာ ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းများ၊ ရေသန့် ထုတ်လုပ် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းများ၊ နေ့စဉ်တစ်ကိုယ်ရေသုံးပစ္စည်း ထုတ်လုပ်သည့်စက်ရုံများတွင် တာဝန်ထမ်းဆောင်ရန် သွားရောက်သူများနှင့် ဆက်စပ်ဆောင်ရွက်ရသည့် လုပ်ငန်းများ၌ မဖြစ်မနေ တာဝန်ထမ်းဆောင်သူများမပါ၊

(၃) Relief Flight များ Cargo Flight များနှင့် အထူးစင်းလုံးငှားလေယာဉ် ခရီးစဉ်များ အတွက် ဝန်ဆောင်မှုပေးရသည့်လုပ်ငန်းများဖြစ်သော လေကြောင်းလိုင်းများ/ အထွေထွေလေကြောင်းပို့ဆောင်ရေးလုပ်ငန်းများ၊ မြေပြင်ဝန်ဆောင်မှုလုပ်ငန်းများ၊ လေယာဉ်ဆီဖြည့်တင်းရေးလုပ်ငန်း၊ လေကြောင်းဖြင့် ကုန်စည်တင်သွင်း/တင်ပို့ခြင်း လုပ်ငန်း၊ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း (Freight Forwarder) ကုမ္ပဏီများ၊ အကောက်ခွန် ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်သည့် ကုမ္ပဏီ အေဂျင်စီများ၊ လေယာဉ်တင် အစားအသောက် ထုတ်လုပ်တင်ပို့ခြင်းလုပ်ငန်း၊ လေယာဉ်ပြုပြင်ထိန်းသိမ်းမွမ်းမံခြင်းလုပ်ငန်းမှ ဝန်ထမ်းများမပါ၊

(၄) ဆိပ်ကမ်းတွင် ကုန်တင်သင်္ဘောများအတွက် ဝန်ဆောင်မှုပေးရသည့် ပုဂ္ဂလိက ဆိပ်ကမ်းများ၊ သင်္ဘောလိုင်းဌာနေကိုယ်စားလှယ်ရုံးများ၊ အပြည်ပြည်ဆိုင်ရာ ကုန်စည် ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း (Freight Forwarder) ကုမ္ပဏီများ၊ အကောက်ခွန် ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်သည့် ကုမ္ပဏီအေဂျင်စီများ၊ ကုန်သေတ္တာတင် မော်တော်ယာဉ်လုပ်ငန်းများ၊ ဆိပ်ကမ်းပို့ကုန်/သွင်းကုန် သယ်ဆောင်သည့် ကုန်တင် မော်တော်ယာဉ်၊ ရေယာဉ်လုပ်ငန်းများ၊ ကုန်းတွင်း ကုန်သေတ္တာစခန်းများ (Inland Container Depot) နှင့် ကုန်းတွင်းဆိပ်များ (Dry Port) မှ ဝန်ထမ်းများမပါ၊

(၅) ဆက်သွယ်ရေးဝန်ဆောင်မှုပေးရသော လုပ်ငန်းများဖြစ်သည့် စာပို့တိုက်ဝန်ဆောင်မှု လုပ်ငန်း၊ ကြိုးဖုန်းနှင့် မိုဘိုင်းတယ်လီဖုန်း ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း၊ အင်တာနက်ဝန်ဆောင်မှုများ (ဆိုင်ဖွင့်လှစ်၍ တယ်လီဖုန်း ရောင်းချခြင်း၊ ဒေတာ ရောင်းချခြင်းများမပါ)၊ တာဝါနှင့် ဖိုင်ဘာပြုပြင်ခြင်း ဝန်ဆောင်မှုလုပ်ငန်းမှ ဝန်ထမ်း များမပါ၊

( ခ ) ကုန်ကြမ်းယူ၊ ကုန်ချောပေးဆောင်ရွက်သော လက်ခစားလုပ်ငန်း(CMP)စက်ရုံ၊ အလုပ်ရုံများ တွင် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီများအနေဖြင့် လိုအပ်သော အမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းများ ဆောင်ရွက်ပေးရန်၊

( ဂ ) အဖွဲ့အစည်းများ၊ ကုမ္ပဏီများအနေဖြင့် အိမ်မှနေ၍ လုပ်ငန်းဆောင်ရွက်ရန်၊

(ဃ) မဖြစ်မနေ ဈေးဝယ်ထွက်ရန်အတွက် တစ်အိမ်လျှင်တစ်ဦးသာ သွားရောက်ရန်၊

( င ) ဆေးရုံ၊ ဆေးခန်းသွားရောက်ရန်ရှိပါက တစ်အိမ်လျှင်နှစ်ဦးသာ သွားရောက်ရန်၊

( စ ) နေအိမ်မှ ပြင်ပသို့ သွားလာလျှင် ပါးစပ်/နှာခေါင်းစည်း(Mask) တပ်ရန်၊

(ဆ) တာဝန်ထမ်းဆောင်ရန် သွားရောက်/ပြန်လာမည့်သူများကို ပို့ဆောင်မည့်ယာဉ်များနှင့် ဖြတ်သန်းခွင့်ပြုထားသော ယာဉ်များကိုသာ ရပ်ကွက်ကျော်လွန် သွားလာခွင့်ပြုရန်၊

( ဇ ) ရပ်ကွက်အတွင်း ဈေးဝယ်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် တစ်ဦး၊ ဆေးရုံ ဆေးခန်းသွားရောက်ခြင်းအတွက် ယာဉ်မောင်းအပြင် ယာဉ်ပေါ်တွင် နှစ်ဦးသာ သွားရောက် ရန်၊

( ဈ ) အဆိုပါမြို့နယ်များမှ ကုန်စည်စီးဆင်းမှု အဆင်ပြေချောမွေ့စေရေးအတွက် ကုန်တင်ယာဉ် များ သွားလာမှု စံသတ်မှတ်ချက် Standard Operating Procedure (SOP) အတိုင်း လိုက်နာဆောင်ရွက်ရန်။

၄။ အပိုဒ် ၃ အပိုဒ်ခွဲ(ဃ)၊ (င)နှင့် (ဇ)တို့ပါ ကိစ္စရပ်များတွင် သတ်မှတ်ဦးရေထက် ပိုမိုရန်ရှိလျှင် ဖြစ်စေ၊ အခြားအရေးပေါ်ကိစ္စရပ်များအတွက် သွားလာရန်ရှိလျှင်ဖြစ်စေ သက်ဆိုင်ရာရပ်ကွက်/ကျေးရွာစီမံ အုပ်ချုပ်ရေးအဖွဲ့သို့ သတင်းပို့၍ ခွင့်ပြုချက်ဖြင့်သွားလာရန်နှင့် သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာစီမံအုပ်ချုပ် ရေးအဖွဲ့သည် တာဝန်ရှိသူ၊ တာဝန်ထမ်းဆောင်ရန် သွားရောက်ပြန်လာသူများမှအပ ရပ်ကွက်ပြင်ပမှ လည်းကောင်း၊ ရပ်ကွက်အတွင်းမှလည်းကောင်း ဝင်/ထွက်ခွင့်မပြုရန် ဖြစ်သည်။

၅။ ဤအမိန့်ကို လိုက်နာရန်ပျက်ကွက်ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်မည် ဖြစ်သည်။

၆။ ဤအမိန့်သည် ၂၁-၇-၂၀၂၁ ရက်၊ နံနက် ၀၄:၀၀ နာရီအချိန်မှ စတင်သက်ရောက်သည်။

ဒေါက်တာသက်ခိုင်ဝင်း
ပြည်ထောင်စုဝန်ကြီး

# အုပ်ချုပ်ရေး ပီပြင်မှ မြို့ရွာစည်ပင်မည်

**စာချစ်သူ**

**"မင်းပေါက်တူးပေါက်တာ ခြေထောက်ကို ခုတ်မိလိမ့်မယ်" ရပ်ကွက်ရှိ ကလေးကစားကွင်းတစ်ခုကို ရပ်ကွက်သားများ လုပ်အားပေးချိန်ရှင်း၊ မြက်ခုတ်ဆောင်ရွက်ကြစဉ် ကလေးအရွယ် ကျွန်တော့်အား လူကြီးတစ်ဦးက ဤသို့သတိပေးလေသည်။**

**ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး အားနည်းလာသည်နှင့်အမျှ ဒေသခံပြည်သူတို့၏ လူမှုစီးပွားအဝဝသည်လည်း အားနည်းချို့ယွင်း ပျက်ပြားလာတတ်သည်။ ပစ္စက္ခ ကိုဗစ်တတိယလှိုင်း မြင့်တက်လာသည့်အခိုက်တွင်လည်း အချို့ရပ်ကျေးများ၌ ရပ်ကျေးအုပ်ချုပ်ရေးပီပြင် သက်ဝင်မှုအားနည်းခဲ့၍ ကိုဗစ်ကပ်ဘေးအန္တရာယ်ကို ကာကွယ်တားဆီးရေး၊ ကုသရေး၊ ပံ့ပိုးကူညီ ဆောင်ရွက်ရေးအပိုင်းတို့တွင် လတ်တလော အင်ပြည့်အားပြည့် မလုပ်ဆောင်နိုင်သေးချေ**

ထိုမှပြီး "ပေါက်တူးပေါက်ရင် ခြေထောက်ကို ဒီလိုချဲထားရတယ်ကွ"ဟု နမူနာ လက်တွေ့ပေါက်ပြလေသည်။ ထိုလူကြီးမှာ ကျွန်တော်တို့မြို့နယ်မှ ပါတီကောင်စီလူကြီး ဖြစ်လေသည်။

ကျွန်တော်တို့ အရွယ်ရောက်လာသည့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်တွင် ရပ်ကျိုးရွာကျိုးအတွက် မိသားစုစိတ်ဓာတ်အပြည့်ဖြင့် လူတိုင်း ဤသို့တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်လေ့ရှိကြသည်။

နွေမိုးဆောင်း ရေဝပ်လေ့ရှိသည့် အများပိုင်လမ်းကြားကလေးတစ်ခုကို အုတ်ခဲတွေစီတော့လည်း အိမ်တိုင်းက ကလေးလူကြီးမရွေး နှစ်လုံးတွဲ၊ သုံးလုံးတွဲအုတ်ခဲလေးတွေကို ကိုယ်စီကိုယ်စီသယ်ချ၍ လုပ်ဆောင်ကြပြန်သည်။

## ပျော်ရွှင် ကြည်နူးစရာမြင်ကွင်း

ဟော ရပ်မိရပ်ဖတွေ ဦးဆောင်မှုဖြင့် အုတ်သဲကျောက်၊ ဘိလပ်မြေတွေရလာပြန်တော့ သည်လမ်းကလေးကို ခိုင်ခိုင်မာမာ ချောမွေ့ပြေပြစ်လာအောင် အားလုံးက ဝိုင်း၍ လုပ်အားပေးခဲ့ကြပြန်သည်။ ကလေးအရွယ်ဖြစ်လင့်ကစား မောသည် ပန်းသည်ဟု မထင်ခဲ့။ ရပ်ကွက်မိသားစုဝင် အချင်းချင်း စဟယ်နောက်ဟယ်ဖြင့် ပျော်ရွှင်စရာပင် ကောင်းလှသည်။ လုပ်အားပေးပွဲတွင် စားခဲ့ရသည့် ကောက်ညှင်းပေါင်းနှင့် ထိုပျော်ရွှင် ကြည်နူးစရာမြင်ကွင်းကို ပစ္စက္ခတိုင် မမေ့နိုင်ခဲ့ချေ။

၁၉၈၈ ခုနှစ်နောက်ပိုင်းမှာတော့ လူတွေ မူတွေ ပြောင်းသွားသည်။ ရပ်ကွက်ကောင်စီများအစား ရဝတတွေ(ရပ်ကွက်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့) တွေ ဝင်ရောက်လာသည်။ ကျွန်တော်တို့ ရပ်ကွက်အဖို့မူ အပြောင်းအလဲက နာမည်အခေါ်အဝေါ်မျှသာဖြစ်သည်။ ရဝတဥက္ကဋ္ဌက ရပ်ကွက်ထဲက စီးပွားရေးလုပ်ငန်းရှင် လူရိုသေ ရှင်ရိုသေ ရပ်မိရပ်ဖတစ်ဦးပေမို့။

တစ်နေ့ ထိုရဝတဥက္ကဋ္ဌ၏ တန်ဖိုးကို ကျွန်တော်တို့ မျက်ဝါးထင်ထင် တွေ့လိုက်ရသည်။ လူငယ်ဘဝ ကျွန်တော်တို့ သူငယ်ချင်းတစ်သိုက်နှင့် အခြားလမ်းက လူငယ်တစ်အုပ်တို့ အုပ်စုလိုက် ခိုက်ရန်ဖြစ်ပွားခဲ့သည်။ နှစ်ဖက်မိဘဆွေမျိုးများက ရဲစခန်းတွင် အမှုဖွင့်ရန် စီစဉ်ကြတော့သည်။ သို့တစေ ထိုရဝတလူကြီး၏ မျက်နှာချင်းဆိုင် စေ့စပ်ဖြေရှင်းပေးမှုကြောင့် လွန်တာရှိလျှင် ဝန္ဒာမိပါနှင့် ကိစ္စပြတ်သွား၍ ရုံးမှုဂတ်သို့ ဘယ်သူမျှ မရောက်ခဲ့ကြချေ။

အခေါ်အဝေါ် ဘယ်သို့ပြောင်းပြောင်း ရပ်မိရပ်ဖလူကြီးများသည် ရပ်ကွက်၊ ကျေးရွာအတွင်း အခါအားလျော်စွာ ပေါ်ပေါက်လာသည့် အမှုအခင်းကိစ္စများကို ကြီးသည့်အမှု ငယ်အောင်၊ ငယ်သည့်အမှု ပပျောက်အောင် စွမ်းဆောင်ပေးလေ့ရှိကြသလို ရပ်ရွာ၏ သာရေး၊ နာရေးကအစ ရပ်ရွာအကျိုးသယ်ပိုးဆောင်ရွက်ပေးကြသူများသာ ဖြစ်ပါသည်။

## လေ့လာ တွေ့မြင်နိုင်

ရှေးမြန်မာဘုရင်များလက်ထက် အုပ်ချုပ်မှုယန္တရားကြီးကို လေ့လာကြည့်ပါက မင်းကြီးတွေ၊ ဝန်တွေ၊ မှူးကြီး မတ်ရာတွေက ဆင့်ကဲဆင့်ကဲ အုပ်ချုပ်ပြီး Local Administration အရ မြို့သူကြီးအောက်တွင် တိုက်နယ်သူကြီး၊ ရိုးရိုးကျေးရွာသူကြီး၊ ကျေးရွာသူကြီးအောက်မှာမှ ဆယ်အိမ်ခေါင်း၊ ရွာဆော်၊ ရွာစာရေး၊ ရွာခေါင်း စသည်ဖြင့် လေ့လာတွေ့မြင်နိုင်မည်ဖြစ်သည်။ Tax System အရလည်း သဿမေဓ အခွန်ကို ၁၀ ဖို့ ၁ ဖို့ သူတို့ကို စားခွင့်ပေးခဲ့လေသည်။

၁၈၈၅ ခုနှစ် အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲအပြီး အထက်ဗမာပြည်တစ်ခုလုံး အင်္ဂလိပ်လက်အောက်သို့ ကျရောက်အပြီးတွင် Political Institution က သိသိသာသာ ပြောင်းလဲသွားသည်။ ကိုလိုနီစနစ်အရ နိုင်ငံအများကြီးကို တစ်ပြိုင်နက်တည်း အုပ်ချုပ်ရသည်ဖြစ်သည့်အတွက် အုပ်ချုပ်ရေးစနစ်ကို အင်္ဂလိပ်က အပေါ်က ချုပ်ကိုင်ကာ အောက်တွင် ဒေသခံတွေကနေ ပြန်အုပ်ချုပ်စေသည်။ အသေးစိတ်ကအစ ညွှန်ကြားနိုင်သည့် ကိုလိုနီဗျူရိုကရေစီ ယန္တရားကို ထူထောင်ခဲ့သည်။

စစချင်း မြို့အုပ်ဆိုသည့် ရာထူးကလေးကို ဖန်တီးလိုက်သည်။ မြို့အုပ်ရာထူးကို ယခင်က သူတို့အား သစ္စာခံသည့် မင်းညီမင်းသားဟောင်းများ၊ သို့မဟုတ် ငွေခွန်မှူး၊ မြို့သူကြီးဟောင်းများကို ပြန်လည်ပေးအပ်သည်။ နောက်ပိုင်းတွင် Colonial Social Institution အရ ပညာရေးက B.A အောင်သည့်သူများကို မြို့အုပ်၊ မြို့ပိုင်အဖြစ် ခန့်ထားခဲ့ပြန်သည်။

ထို မြို့အုပ်၊ မြို့ပိုင်များကို အပေါ်က Deputy Commissioner (DC) ခေါ် အရေးပိုင်က ကွပ်ကဲသည်။ အင်္ဂလိပ်တို့က မြန်မာပြည်ကို ထိုစဉ်က ခရိုင်ဒီစတြိတ် ၃၆ ခုခွဲ၍ အရေးပိုင်များကို ခန့်ထားအုပ်ချုပ်စေသည်။ အရေးပိုင် (DC)များကိုမူ အင်္ဂလန်က India Civil Services (ICS) စာမေးပွဲကျင်းပ၍ ရွေးချယ်ခန့်အပ်စေသည်။ ICS စာမေးပွဲကို IA တန်းအောင်လျှင် ဝင်ရောက်ဖြေဆိုခွင့်ပြုသည်။ သို့အတွက် အရေးပိုင် (DC) ရာထူးများ စခါစတွင် အင်္ဂလိပ်မျက်နှာဖြူများသာ ဖြစ်နေခဲ့ကြပြီး နောက်ပိုင်းတွင် ဗမာလူမျိုးများ အနည်းအကျဉ်းဖြစ်ခဲ့ကြသည်။

## ကိုလိုနီသက်တမ်း ကြာရှည်ခံနိုင်အောင်

အင်္ဂလိပ်တို့သည် ၎င်းတို့၏ ဗျူရိုကရေစီယန္တရားကို ထိုသို့စနစ်တကျ တည်ဆောက်ရာတွင် ရည်ရွယ်ချက်နှစ်ရပ် ရှိလေသည်။ တစ်ခုက စီးပွားရေးအရ တွက်ခြေကိုက်စေရန်နှင့် နောက်တစ်ခုက ၎င်းတို့၏ ကိုလိုနီသက်တမ်း ကြာရှည်ခံနိုင်အောင် ဖြစ်လေသည်။

မြန်မာပြည်အတွင်းရှိ ခရိုင် ဒီစတြိတ် ၃၆ ခုတွင် တစ်ခုအပါအဝင်ဖြစ်သော မြစ်ဝကျွန်းပေါ်ရှိ မြောင်းမြခရိုင်သည် မူလက ရွံ့နွံတောကြီးဖြစ်ခဲ့လေသည်။ အင်္ဂလိပ်တို့က စီးပွားရေးအမြင်ဖြင့် ထိုရွံ့နွံတောကြီးကို စပါးစိုက်ပျိုးနိုင်ရန် အိန္ဒိယမှ လယ်ကူလီလုပ်သားများ ခေါ်ယူတင်သွင်း၍ လယ်ယာမြေများအဖြစ် ပြုပြင်ပြောင်းလဲပြီး စပါးစိုက်ပျိုးခဲ့ရာ ပြည်ပသို့ပင် တင်ပို့ရောင်းချနိုင်သည်အထိ အောင်မြင်ဖြစ်ထွန်းခဲ့လေသည်။

ရပ်ရွာများ စည်ပင်လာရေးအတွက်လည်း သူကြီးများကိုခန့်အပ်၍ သူကြီးလက်စွဲ ဥပဒေများပြဋ္ဌာန်းအုပ်ချုပ်စေခဲ့သည်။ အင်္ဂလိပ်တို့ ဘုန်းမီးနေလတောက်ပစဉ်ကာလတွင် မြန်မာသူကြီးတစ်ဦးသည် စည်းကမ်းမဲ့အမှိုက်ပစ်သူ မြို့ပိုင်ကို သူကြီးလက်စွဲဥပဒေအရ ဒဏ်ငွေရိုက်ခဲ့ဖူးလေသည်။

အင်္ဂလိပ်အပြေး ဂျပန်အဝင်တွင်လည်း ဂျပန်တို့က အုပ်ချုပ်ရေးယန္တရားကို အင်္ဂလိပ်မင်းအစိုးရခေတ်ကာလကဲ့သို့ပင် ဆက်လက်ထားရှိ အုပ်ချုပ်စေခဲ့သည်။ ရန်ကုန်မြို့ အတွင်းဝန်များရုံးတွင် နယ်ပိုင်၊ မြို့ပိုင်၊ လက်ထောက်မြို့ပိုင်ရာထူးများအတွက် လူတွေ့မေးမြန်းကာ ရွေးချယ်ခန့်ထားခဲ့လေသည်။ မြို့ပိုင် မောင်ပြုံးချို ခေါ် စာရေးဆရာကြီး မန်းတင်သည် ၁၉၄၂ ခုနှစ်တွင် လက်ထောက်မြို့ပိုင်အဖြစ် ရွေးချယ်ခန့်ထားခြင်း ခံခဲ့ရလေသည်။

မြန်မာပြည် လွတ်လပ်ရေးရပြီးစတွင်မူ ပြည်တွင်းသောင်းကျန်းမှုဒဏ်ကြောင့် မြို့အုပ်၊ သူကြီးအချို့ ရန်ပြုသတ်ဖြတ်ခံခဲ့ရ၍ အချို့မြို့ရွာများတွင် အုပ်ချုပ်မှုပျက်ပြားခဲ့ရသည်။ ထိုသောအခါ ရပ်ရွာများတွင် ဓားပြသူခိုးများ ထကြွခဲ့၍ ဥစ္စာရှိသူများမှာ ညစဉ်ပုန်းအောင်း ပြောင်းရွှေ့အိပ်ကြရသည်။ အချို့တတ်နိုင်သူများက မြို့တက်အခြေချ ပြောင်းရွှေ့ကြလေသည်။

## မြို့ရွာများ စည်ပင်လာ

၁၉၅၀ ပြည့်နှစ်အလွန်တွင် တပ်မတော်၏ တန်ပြန်ထိုးစစ်များကြောင့် မြို့ရွာအများစု သောင်းကျန်းသူများ၏ဘေးရန်မှ ကင်းဝေးလာခဲ့၍ ဖဆပလအစိုးရသည် အုပ်ချုပ်ရေးယန္တရားကို ပြန်လည် တည့်မတ်ဆောင်ရွက်နိုင်ခဲ့သည်။ အုပ်ချုပ်ရေးယန္တရား ပီပြင်လာသည်နှင့်အမျှ စီးပွားရေးကို ဖော်ချဆောင်ရွက်နိုင်သည့်အတွက် မြို့ရွာများ စည်ပင်လာသည်။ လူမှုအဆင့်အတန်းလည်း မြင့်တက်လာကာ တိုင်းကား ပြည်ရွာသည်လည်း သာယာဝပြောလာသည်။

ထိုခေတ် ဖဆပလအစိုးရလက်ထက်တွင် မြို့အုပ်မြို့ပိုင်များသည် တရားစီရင်ရေးအပိုင်းတွင်လည်း ထောင်ခြောက်လအထိ ချမှတ်နိုင်သည့် လုပ်ပိုင်ခွင့်ရှိခဲ့သည်။ မြို့အုပ်မြို့ပိုင်များမှာ ဥပဒေဘွဲ့ရ ပညာတတ်အများစုဖြစ်၍ တရားစီရင်ရေးအပိုင်းတွင်ပါ တာဝန်ထမ်းဆောင်နိုင်လေသည်။

၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီ အစိုးရခေတ်တွင် ခေတ်စနစ်အရ ကိုလိုနီနယ်ချဲ့၏ အငွေ့သရိုက်များပါသော မြို့ပိုင်၊ နယ်ပိုင်၊ အရေးပိုင်ဝန်ထောက် ရာထူးအခေါ်အဝေါ်များကို ပြောင်းလဲစေခဲ့သည်။ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် အုပ်ချုပ်သည့် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီခေတ်တွင်မူ အုပ်ချုပ်ရေးယန္တရားကို ပြည်သူ့ကောင်စီ အဆင့်ဆင့်ဖြင့် ရွေးချယ်ခန့်အပ် တာဝန်ပေးဆောင်ရွက်စေခဲ့သည်။

ထို့အတူ နဝတ၊ နယက အစိုးရခေတ်မှ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ပေါက်လာသော ဒီမိုကရေစီအစိုးရ သက်တမ်းနှစ်ဆက်အထိတိုင်လည်း ရပ်ကွက်အုပ်ချုပ်ရေးမှူးများကို ရပ်ရွာသားများကသာ ရွေးချယ်တင်မြှောက်ခဲ့ကြလေသည်။

ပြီးခဲ့သည့် NLD အစိုးရ ငါးနှစ်သက်တမ်းတွင်မူ ရပ်ကွက်အုပ်ချုပ်ရေးမှူးများကို အာဏာရပါတီမှ ပါတီဝင်များ ဝင်ရောက်ရွေးချယ် ယှဉ်ပြိုင်စေခဲ့၍ ရပ်ကွက်အုပ်ချုပ်ရေးမှူး အများစုမှာ အာဏာရပါတီဝင်များသာ ဖြစ်ခဲ့လေသည်။

မည်သို့ဆိုစေ ခေတ်တိုင်း၊ ခေတ်တိုင်း၊ အဖွဲ့အစည်းတိုင်းလိုလိုတွင် ကောင်းသူရှိသလို ဆိုးသူများလည်း ရှိကြပါသည်။ ရပ်ကျိုးရွာကျိုးကို စေတနာအပြည့်ဖြင့် နေ့မအား ညမနား ကြိုးပမ်းဆောင်ရွက်သူများရှိသလို အာဏာပါဝါပြ၍ လုပ်ပိုင်ခွင့်ကို တလွဲအသုံးချသူများလည်း ရှိတတ်ကြပါသည်။

သို့တစေ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ရပ်ကျိုးရွာကျိုးများကို တာဝန်သိသိ၊ သစ္စာရှိရှိ စေတနာအပြည့်အဝဖြင့် ထမ်းရွက်သော ရပ်/ကျေးအုပ်ချုပ်ရေးမှူးများသည် လူ့အဖွဲ့အစည်းတွင် မရှိမဖြစ် လိုအပ်ပေသည်။

ပစ္စက္ခ မြန်မာ့နိုင်ငံရေး အပြောင်းအလဲတွင် မသမာသူ အကြမ်းဖက်အဖွဲ့အစည်းများသည် နိုင်ငံတော်၏အုပ်ချုပ်ရေးယန္တရား ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် ရပ်/ကျေး ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကို ချောင်းမြောင်း လုပ်ကြံသတ်ဖြတ်လျက်ရှိကြသည်။

ရပ်ကွက်အုပ်ချုပ်ရေးမှူးများ အသတ်ခံရသည့်ဖြစ်စဉ်သည် မေလ ၃ ရက် ရန်ကုန်မြို့ သာကေတမြို့နယ် အမှတ်(၇)ရပ်ကွက် အုပ်ချုပ်ရေးမှူး တစ်ဦးကို ဧည့်စာရင်းတိုင်မည်ဟု အကြောင်းပြု၍ ဓားနှင့်ထိုးသတ်ခဲ့ခြင်းက စတင်ခဲ့သည်ဟု ဆိုနိုင်သည်။ ဇူလိုင်လ ဒုတိယအပတ်တွင်မူ စာရင်းအရ ဒေသအနှံ့ရှိ အုပ်ချုပ်ရေးမှူးများ သေဆုံးမှုမှာ ၄၀ ခန့်အထိ ရှိလာခဲ့သည်။ ရပ်ကျေးအုပ်ချုပ်ရေးမှူးရုံးများကို မီးရှို့မှု၊ ဗုံးနှင့် ပစ်ပေါက်မှုများလည်း အများအပြား ဖြစ်ပေါ်ခဲ့သည်။

အကြမ်းဖက်မှုများ လုပ်ဆောင်ရန် လေလှိုင်းပေါ်ကတစ်ဆင့် စေခိုင်းသူအခါပေး ဦးပုညတို့၏ မြှောက်ထိုးပင့်ကော် စကားသံများကြောင့် မသိနားမလည်သူများကလည်း ရပ်ကျေးအဖွဲ့ဝင်များသည် သူလျှို၊ ဒလန်များဖြစ်သည်ဟုဆိုကာ အကြမ်းဖက်လုပ်ရပ်ကို အားပေးအားမြှောက်ပြုကြပြန်သည်။

## ရာဇဝတ်မှုများ ထူပြောလာ

အကျိုးဆက်ကား အချို့ရပ်ရွာများတွင် အုပ်ချုပ်မှုပျက်ပြားကာ ကျေးလက်နေ ပြည်သူအချို့ အားကိုးရာမဲ့ဖြစ်ကြရလေသည်။ တောကြောင်များ ထကြွလာ၍ ရာဇဝတ်မှုများ ထူပြောလာသည်။

ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက ပုသိမ်မြို့ရှိ ချေးငွေလုပ်ငန်းတစ်ခုတွင် လုပ်ကိုင်နေသူ ကျောင်းကုန်းမြို့ ကျေးရွာတစ်ရွာမှ မိန်းကလေးတစ်ဦးကို မသမာသူများက ဓားနှင့်ခုတ် သတ်ဖြတ်ကာ ဆိုင်ကယ်ကို လုယူသွားခဲ့ကြသည်။

ကျိုက်မရောမြို့နယ် အံကရဲကျေးရွာမှ ကျောင်းဆရာမတစ်ဦးသည်လည်း အသတ်ခံခဲ့ရသည်။ ရုပ်အလောင်းကို မာကလာချောင်းအတွင်း ပြန်လည်တွေ့ရှိခဲ့ရသော်လည်း သူ စီးနင်းလာသည့် ဆိုင်ကယ်မှာမူ ပျောက်ဆုံးနေသည်။

ဇူလိုင်လ ၁၁ ရက် မနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သမိုင်းခုံးကျော် တံတားအဆင်းနားရှိ ရွှေဆိုင်တစ်ဆိုင်ကို မသမာသူများက သေနတ်ပြ၍ လုယက်သွားကြသည်။

ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး အားနည်းလာသည်နှင့် အမျှ ဒေသခံပြည်သူတို့၏ လူမှုစီးပွားအဝဝသည်လည်း အားနည်းချို့ယွင်း ပျက်ပြားလာတတ်သည်။ ပစ္စက္ခ ကိုဗစ်တတိယလှိုင်း မြင့်တက်လာသည့်အခိုက်တွင်လည်း အချို့ရပ်ကျေးများ၌ ရပ်ကျေးအုပ်ချုပ်ရေးပီပြင် သက်ဝင်မှုအားနည်းခဲ့၍

*စာမျက်နှာ ၇ သို့*

# မအူကုန်း ကိုဗစ်- ၁၉ လူနာများကုသရေးစင်တာဖွင့်လှစ်ပြီး လူနာများ စတင်လက်ခံ

**ရန်ကုန် ဇူလိုင် ၂၀**

ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးလှစိုးနှင့် ကောင်စီအဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဗိုလ်ဌေးနှင့် ကော်မတီဝင်များသည် ယနေ့ ညနေပိုင်း၌ မင်္ဂလာတောင်ညွန့်မြို့နယ် မအူကုန်း စက်ရုံလမ်းရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ ဝန်ထမ်း သင်တန်းကျောင်းဝင်း အတွင်း မအူကုန်း ကိုဗစ်-၁၉ လူနာကုသရေး မအူကုန်းစင်တာ ဖွင့်လှစ်ပြီး လူနာများ စတင်လက်ခံရန် ပြင်ဆင်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။(ယာပုံ)

မအူကုန်းစင်တာတွင် အဆောင်လေးဆောင်ပါဝင်၍ လူနာအင်အား ၁၀၀ ထားရှိနိုင်ရေး နေရာထိုင်ခင်း ပြင်ဆင်ထားပြီး လူနာများ အောက်ဆီဂျင် လိုအပ်ချက်အတွက် 10 Litre Oxygen Concentrator အလုံး ၂၀ နှင့် အရန်မီးစက်တစ်လုံး အဆင်သင့် ပြင်ဆင် ဆောင်ရွက်ထားရှိကြောင်း သိရသည်။

ထို့နောက် ကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူးနှင့်အဖွဲ့သည် စင်တာအတွင်း လူနာများအတွက် ဆောင်ရွက်ထားသည့် ရေချိုးခန်း၊ အိမ်သာများ၊ ကုသရေးအဖွဲ့များနှင့် လုပ်အားပေးအဖွဲ့များ ထားရှိရန်နေရာများ၊ လူနာမှတ်ပုံတင်ခန်း၊ ဆရာဝန်အဆောင် ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် ပတ်ဝန်းကျင်အား ထိခိုက်သက်ရောက်မှုနှင့် ကူးစက်ပျံ့နှံ့မှုမရှိစေရေး စီစဉ်ထားမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။ အဆိုပါစင်တာအား ယနေ့ ညနေပိုင်းမှစတင်၍ လက်ခံ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



ယင်းနောက် ကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဝန်ထမ်း သင်တန်းကျောင်းဝင်း အတွင်းရှိအစည်းအဝေးခန်းမတွင် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့် အောက်ဆီဂျင်လိုအပ်နေသော ပြည်သူများ၏လက်ဝယ်သို့ အမြန် ဖြန့်ဖြူးပေးရေး ကိစ္စရပ်များနှင့် ရောဂါကာကွယ်၊ ထိန်းချုပ်နိုင်ရေး ဆွေးနွေးခဲ့ကြသည်။

**ဆန်းကျော်ဦး (ပြန်/ဆက်)**

# ကရင်ပြည်နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**ဘားအံ ဇူလိုင် ၂၀**

ကရင်ပြည်နယ် ကိုဗစ်- ၁၉ ထိန်းချုပ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ (၆/၂၀၂၁) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီက ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ(၂)၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။ **(ယာပုံ)**



**ပူးပေါင်းဆောင်ရွက်ရန်လို**

အစည်းအဝေးတွင် ကရင်ပြည်နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးက နေပြည်တော်တွင် ပြုလုပ်သည့် ကိုဗစ်- ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆိုင်ရာ တတိယအကြိမ်ညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်မှာကြားချက်များကို ရှင်းလင်းပြောကြားပြီး လက်ကျန်ကာကွယ်ဆေးများကို ပြီးစီးအောင် ထိုးနှံပေးကြဖို့လိုပြီး ကာကွယ်ဆေးများ ထပ်မံရောက်ရှိ လာမည်ဖြစ်သဖြင့် ဆက်လက်ထိုးနှံပေးနိုင်ရန် မျှော်မှန်းဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်နယ်အတွင်း ကိုဗစ်- ၁၉ ပိုးတွေ့ရှိနှုန်းသည် လျော့ကျသွားခြင်းမရှိဘဲ ထပ်မံတိုးလာသည့် အနေအထားတွင် ရှိသည့်အတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများကို ထိထိရောက်ရောက် ထပ်မံဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ပြည်သူများပူးပေါင်းပါဝင်မှသာလျှင် ရောဂါကူးစက်မှုနှုန်း ကျဆင်းမည်ဖြစ်ကြောင်း၊ ကုသရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ကြရန် လိုကြောင်း၊ ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများနှင့် တွေ့ဆုံဆွေးနွေး၍ ကိုဗစ်- ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ကြစေလိုကြောင်း၊ သက်ဆိုင်ရာ မြို့နယ်များတွင် ကိုဗစ်စင်တာများ ထပ်မံတိုးချဲ့ပြင်ဆင်ဆောင်ရွက်ကြစေလိုကြောင်း၊ ကျန်းမာရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးတိုင်ပင်၍ အကူအညီရယူရမည်ဖြစ်ကြောင်း၊ ရုံးပိတ်ရက်ရှည်တွင် ထိထိရောက်ရောက်ဖြင့် ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်ကြရန်လိုကြောင်း၊ ထုတ်ပြန်ထားသည့် ကိုဗစ်ဆိုင်ရာ စည်းကမ်းချက်များ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်မှု ရှိ/ မရှိ ထိထိရောက်ရောက် ဆောင်ရွက်ပေးကြရန် လိုကြောင်း၊ ကိုဗစ်နှင့် ပတ်သက်သည့် ဆက်စပ်ပစ္စည်းများ တင်သွင်းရာတွင် အခက်အခဲရှိပါက ချက်ချင်းတင်ပြပေးရန်၊ သတင်းနှင့် ပြန်ကြားရေးအပိုင်းကို ထိထိမိမိဆောင်ရွက်ကြရန်လိုပြီး သတင်းအမှားများကို ချက်ချင်းပြန်လည်တုံ့ပြန်နိုင်ရန်လိုကြောင်း ပြောကြားသည်။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး**

ထို့နောက် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ လူမှုကူညီရေးအသင်းအဖွဲ့များက အသိပညာပေးခြင်းနှင့် စိစစ်အရေးယူခြင်းဆိုင်ရာကိစ္စရပ်များ၊ Stay at Home ဆောင်ရွက်မှုအခြေအနေနှင့် စိစစ်ကြပ်မတ်မှုအခြေအနေများ၊ အောက်ဆီဂျင်လိုအပ်မှုအခြေအနေနှင့် ဖြည့်ဆည်းဆောင်ရွက်ပေးနေမှုအခြေအနေများ၊ Online မှ တစ်ဆင့် စေတနာ့ဝန်ထမ်းသင်တန်းများ ဖွင့်လှစ်ပေးမည့် အခြေအနေများကို ဆွေးနွေးတင်ပြကြရာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌကလိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး နိဂုံးချုပ်အမှာစကား ပြောကြားကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

*စာမျက်နှာ ၆ မှ*

ကိုဗစ်ကပ်ဘေးအန္တရာယ်ကို ကာကွယ်တားဆီးရေး၊ ကုသရေး၊ ပံ့ပိုးကူညီဆောင်ရွက်ရေးအပိုင်းတို့တွင် လတ်တလော အင်ပြည့်အားပြည့် မလုပ်ဆောင်နိုင်သေးချေ။ ရပ်ရွာတွင် အခါအားလျော်စွာ ဖြစ်တတ်သည့် အချို့အမှုအခင်းများကိုလည်း ဥပဒေနှင့်အညီ ဖြေရှင်းနိုင်ရန် လက်လှမ်းမမီနိုင် ဖြစ်နေသေးသည်။

သို့ဆိုလျှင် နိုင်ငံတော်၏ အုပ်ချုပ်ရေးယန္တရားပျက်ပြားစေရန်၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးပျက်ပြားစေရန် မသမာသူများ၏ ဆိုက်ဝါးအစွဲအလမ်းများကို ကိုယ့်မြို့ ကိုယ့်ရွာ သာယာဝပြောရေးအတွက် ကျွန်ုပ်တို့ ချေချွတ်စွန့်လွှတ်ကြရပါတော့မည်။ ရှေးအတီအတောခေတ်ကာလများကဲ့သို့ပင် ကိုယ့်ရပ်ကိုယ့်ရွာ သာယာဝပြောစည်ပင်ရေးအတွက် ရပ်မိရပ်ဖများနှင့်အတူ ပူးပေါင်းလက်တွဲ၍ ကြုံလာသမျှ အခက်အခဲများကို ရင်ဆိုင်ဖြေရှင်း ဆောင်ရွက်ကြရပါမည်။ မည်သည့် ခေတ်မဆို အုပ်ချုပ်ရေးပီပြင်မှ မြို့ရွာတွေ စည်ပင်ကြပါလိမ့်မည်ဟု ဆိုပါရစေ။ ။

**ကိုးကား - ဆရာ ဦးကိုကိုလှိုင်၏ လူမှုအဖွဲ့အစည်း၏ စုဖွဲ့မှု အပြောင်းအလဲများ(၂) ဆွေးနွေးချက်။**

# တန့်ယန်းမြို့နယ်၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် အောက်ဆီဂျင်အိုးများလှူဒါန်း

**တန့်ယန်း ဇူလိုင် ၂၀**

ရှမ်းပြည်နယ်မြောက်ပိုင်း တန့်ယန်းမြို့နယ်၌ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရန် မြို့နယ်မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူများ ပူးပေါင်းကာ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ အောက်ဆီဂျင်အိုးများ ပေးအပ်လှူဒါန်းခြင်းကို ဇူလိုင် ၂၀ ရက်က မြို့နယ်အရန်မီးသတ်တပ်ရင်းရုံး၌ ကျင်းပသည်။

မြို့နယ်တွင် ကိုဗစ် - ၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရန်အတွက် မြို့နယ်အရန်မီးသတ်တပ်ရင်းမှ ဆောင်ရွက်နေသော အောက်ဆီဂျင်လိုအပ်သူများအား အခမဲ့ငှားရမ်းခြင်းလုပ်ငန်းကို အထောက်အကူဖြစ်စေရန် မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိနှင့် တာဝန်ရှိသူတို့က အောက်ဆီဂျင်လီတာ ၄၀ လေးလုံးကို မြို့နယ်အရန်မီးသတ်တပ်ရင်းရုံးတွင် ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် မြို့နယ်အတွင်း၌ ဖွင့်လှစ်ရောင်းချနေသော စားသောက်ဆိုင်များ၊ ကုန်စုံဆိုင်များနှင့် စတိုးဆိုင်များအား ပါးစပ်နှင့် နှာခေါင်းစည်းစနစ်တကျတပ်ဆင်အသုံးပြုရန်နှင့် စားသုံးသူများအား ပါဆယ်စနစ်ဖြင့်သာ ရောင်းချရန် မြို့နယ်စည်ပင်သာယာရေးဌာနမှ အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများက လိုက်လံကြည့်ရှုစစ်ဆေး၍ အသိပညာပေးရှင်းလင်းကြကြောင်း သိရသည်။

**မင်းလွင်ဦး(ပြန်/ဆက်)**

# လူသားတို့၏ ကျန်းမာရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး

# မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ အောက်ဆီဂျင်ဓာတ်ငွေ့ ထုတ်လုပ်သည့်စက် ထားရှိမည့် မကွေးမြို့ ကားကြီးကွင်းအတွင်းရှိ မြေနေရာအား သွားရောက်ကြည့်ရှုစစ်ဆေး

**မကွေး ဇူလိုင် ၂၀**
မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်နှင့် အဖွဲ့ဝင်များသည် ယနေ့နံနက် ၉ နာရီက တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မကြာမီရောက်ရှိလာတော့မည့် အောက်ဆီဂျင်ဓာတ်ငွေ့ထုတ်လုပ်သည့်စက် ထားရှိရန် မကွေးမြို့ ကားကြီးကွင်းအတွင်းရှိ မြေနေရာအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး အဆောက်အအုံ အမြန်ဆောက်လုပ်နိုင်ရေး၊ လျှပ်စစ်မီးရရှိရေး ကိစ္စရပ်များကို အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ရန် မှာကြားခဲ့သည်။ **(ယာပုံ)**



မကြာမီရောက်ရှိလာတော့မည့် အောက်ဆီဂျင်အိုး အလုံး ၅၀၀ ထားရှိနိုင်ရန်အတွက် ကားကြီးကွင်းအတွင်း၌ ဆောက်လုပ်ထားရှိပြီးဖြစ်သည့် အခန်းများအနက် အခန်းနှစ်ခန်းကိုလည်း ပြင်ဆင်ဆောင်ရွက်ထားရန် တာဝန်ရှိသူများအား မှာကြားဆောင်ရွက်ခဲ့သည်။

တိုင်းဒေသကြီးအတွင်း အသက်ရှူလမ်းကြောင်းဆိုင်ရာ ကိုဗစ်- ၁၉ ရောဂါကာကွယ် ကုသရေးလုပ်ငန်းအတွက် လိုအပ်လျက်ရှိသော အောက်ဆီဂျင်လိုအပ်မှုကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရန် တစ်နေ့လျှင် အောက်ဆီဂျင် လီတာ ၄၀ အိုး အလုံး ၃၀၀ ထွက်ရှိသည့် စက်တစ်လုံး၊ အောက်ဆီဂျင်လီတာ ၄၀ အိုး အလုံး ၁၀၀ ထွက်ရှိသည့် စက်သုံးလုံးတို့အား မှာယူထားရှိပြီးဖြစ်ရာ ဇူလိုင်လကုန်တွင် ရောက်ရှိမည်ဖြစ်ပြီး အောက်ဆီဂျင်အိုးအလုံး ၅၀၀ မှာ ယခုဇူလိုင် ၂၈ ရက်တွင် ရောက်ရှိလာတော့မည် ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ကိုဗစ်- ၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများကို အချိန်နှင့် တစ်ပြေးညီ စီမံဆောင်ရွက်လျက်ရှိရာ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန် ဆောင်ရွက်ပေးလျက်ရှိသည့် မကွေးတိုင်းဒေသကြီးအတွင်းရှိ စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့များအတွက် ကျန်းမာရေးအာမခံထားပေးနိုင်ရေး အစီအစဉ်နှင့် စောင့်ကြည့်ရေးစင်တာများတွင် ထားရှိသည့် ပိုးတွေ့လူနာများအနက် စားသောက်ရေးခက်ခဲသည့် လူနာများကိုလည်း ကျွေးမွေးနိုင်ရေးအစီအမံများကို တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီက စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်ညီညာ(မကွေး)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ထံ သတင်းမီဒီယာများက မေးမြန်းချက်များကို ပြန်လည်ဖြေကြားခြင်း

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ထံ သတင်းမီဒီယာများက မေးမြန်းလာမှုများကို အောက်ပါအတိုင်းရှင်းလင်းဖြေကြားခဲ့ပါသည်-**

မေး ။ ။ မြောက်ဒဂုံမှာ ကိုဗစ်လူနာဟန်ဆောင်ပြီး စေတနာ့ဝန်ထမ်းဆရာဝန် ငါးဦးကို ဖမ်းသွားတယ်၊ အောက်ဆီဂျင်အိုးနှင့် ဆေးပစ္စည်းတွေကိုလည်း လုံခြုံရေးတပ်ဖွဲ့ဝင်တွေက သိမ်းသွားတယ်လို့ သတင်းတွေတက်နေပါတယ်။ အပြင်မှာလည်း အဲဒီသတင်းနဲ့ ပတ်သက်ပြီး ဝေဖန်မှုတွေ ထွက်နေပါတယ်။ အဲဒီကိစ္စ မှန် မမှန် ဘာကြောင့် ဖမ်းရတယ်ဆိုတဲ့အဖြစ်မှန်ကို သတင်းထုတ်ပေးစေချင်ပါတယ်။

ဖြေ ။ ။ မြောက်ဒဂုံရှိ စေတနာ့ဝန်ထမ်း ဆေးကုသပေးနေသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနဲ့ ပြည်သူ့အကျိုးပြုဆရာဝန်နဲ့ စေတနာ့ဝန်ထမ်းအဖွဲ့ကို လုံခြုံရေးအဖွဲ့များက ဇူလိုင် ၁၉ ရက် နံနက်ပိုင်းမှာ ဖမ်းဆီးပြီး ငွေကျပ် ၃၂ သိန်းတန်ဖိုးရှိဆေးဝါးများနဲ့ အောက်ဆီဂျင်အိုးများ၊ ဆက်စပ်ပစ္စည်းများ သိမ်းဆည်းခံရကြောင်း အဖွဲ့ခေါင်းဆောင်ဦးချမ်းလေးရဲ့ ပြောကြားချက်အရဆိုပြီး BBC Burmese နဲ့ Myanmar Now သတင်းဌာနများက ထုတ်ပြန်လျက်ရှိပါတယ်။

အဆိုပါသတင်းက အမှန်တကယ်ဖြစ်ပွားမှုမရှိတဲ့ သတင်းဖြစ်ပြီး မြောက်ဒဂုံမှာ အဆိုပါ CDM ဆရာဝန်၊ စေတနာ့ဝန်ထမ်းများ ဖမ်းဆီးထားခြင်း မရှိပါ။ ဘာရည်ရွယ်ချက်နဲ့ ပြည်သူလူထုအတွင်း ယခုလို မဟုတ်မမှန်လုပ်ကြံသတင်းတွေ ထုတ်လွှင့်နေတာကို စိစစ်လျက်ရှိပါတယ်။ CDM ဆရာဝန်များ၊ CDM ကျန်းမာရေးဝန်ထမ်းများအနေနဲ့ ပြည်သူလူထုအတွင်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေတဲ့ လူနာတွေကို ဆေးဖိုးဝါးခ အဆမတန် တောင်းယူပြီး နေအိမ်တွေမှာ လျှို့ဝှက်ကုသပေးနေကြောင်း၊ လူမှုကွန်ရက် စာမျက်နှာများကတစ်ဆင့် လူနာများအား မိမိအစီအစဉ်နဲ့ ဆေးကုသနိုင်အောင် ညွှန်ပြမှုများကြောင့် လူနာများမှာ အသက်မဆုံးရှုံးသင့်ဘဲ ဆုံးရှုံးနေကြကြောင်း စတဲ့သတင်းတွေ ပြည်သူလူထုအတွင်း ပျံ့နှံ့လျက်ရှိတယ်လို့ သတင်းရရှိပါတယ်။

မေး ။ ။ NLD ပါတီက ဦးဉာဏ်ဝင်းဟာ ကိုဗစ်နဲ့ ဆုံးသွားပြီလို့ သတင်းထွက်လာပါတယ်။ မြန်မြန်အတည်ပြုပေးစေလိုပါတယ်။ အလေးထားပြီး ပြန်ကြားပေးစေလိုပါတယ်။

ဖြေ ။ ။ NLD ပါတီမှ ဦးဉာဏ်ဝင်းဟာ ဆေးကုသမှုခံယူနေရာမှ ယခင်ရောဂါအခံဖြစ်တဲ့ ဆီးချိုရောဂါနဲ့ သွေးတိုးရောဂါတို့နဲ့ ယနေ့နံနက် ၉ နာရီမှာ အင်းစိန်ထောင်မှာ သေဆုံးခဲ့ပါတယ်။ မြန်မာတစ်နိုင်ငံလုံးရှိ အကျဉ်းထောင်တွေမှာ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူ အကျဉ်းသား၊ အကျဉ်းသူ ၃၇၅ ဦးရှိခဲ့ပြီး အကျဉ်းထောင်များအလိုက် အကျဉ်းထောင်ဆေးရုံ၊ ဆေးခန်းများနဲ့ ကိုဗစ်- ၁၉ ရောဂါ Positive Center များ သီးခြားထားရှိ ဖွင့်လှစ်ပြီး ကိုဗစ်-၁၉ ရောဂါပျောက်ကင်းတဲ့အထိ ကုသပေးလျက် ရှိပါတယ်။

ယနေ့အထိ ကိုဗစ်- ၁၉ ရောဂါ သက်သာပျောက်ကင်းပြီး အကျဉ်းထောင်အလိုက် ဆေးရုံမှ ဆင်းရသူ ၁၅၂ ဦး၊ ဆက်လက်ကုသမှုခံယူဆဲ ၂၀၈ ဦးဖြစ်ပြီး ယနေ့နံနက် ဦးဉာဏ်ဝင်း သေဆုံးတဲ့အချိန်ထိ သေဆုံးသူ ၆ ဦးသာ ရှိပါတယ်။ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားခဲ့ပြီး ရောဂါပျောက်ကင်း၍ လွတ်ရက်စေ့ပြီး လွတ်မြောက်ခဲ့သူ ၉ ဦး ရှိပါတယ်။ ရောဂါဖြစ်ပွားနေသူတွေကို ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိတယ်။

**သတင်းစဉ်**

# တာချီလိတ်မြို့သို့ ထိုင်းနိုင်ငံမှ မှာယူထားသည့် အောက်ဆီဂျင်အိုး အလုံး ၃၀ ထပ်မံရောက်ရှိ

**တာချီလိတ် ဇူလိုင် ၂၀**
ရှမ်းပြည်နယ် (အရှေ့ပိုင်း)တာချီလိတ်မြို့ မြန်မာ- ထိုင်း ချစ်ကြည်ရေးတံတားအမှတ်(၂)မှတစ်ဆင့် အောက်ဆီဂျင်အိုး အလုံး ၃၀ ယနေ့ထပ်မံရောက်ရှိလာကြောင်း သိရသည်။

တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏ စီမံမှုဖြင့် စစ်ဗျူဟာအဖွဲ့ (အခြေချ) တာချီလိတ်မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး မင်းမင်းထွန်းနှင့် တာဝန်ရှိသူများက ထိုင်းနိုင်ငံသို့မှာယူပြီး ရှမ်းပြည်နယ် (အရှေ့ပိုင်း)နှင့် ရန်ကုန်မြို့တွင်း လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် လီတာ ၄၀ ဝင် အောက်ဆီဂျင်အိုးကြီးအလုံး ၃၀ ကို မြို့မိမြို့ဖများက လက်ခံယူခဲ့ကြသည်။

အဆိုပါ ထပ်မံရောက်ရှိလာသည့်အောက်ဆီဂျင်အိုးအလုံး ၂၀ ကို ခရိုင်ပြည်သူ့ဆေးရုံ၌ ထားရှိပြီး ၁၀ လုံးကို ရန်ကုန်မြို့ရှိ ရွှေလောင်းတင် ပရဟိတအသင်းသို့ ပို့ဆောင်ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ယင်းအောက်ဆီဂျင်အိုးများကို ရှမ်းအရှေ့(တာချီလိတ်) ရေပေးဝေရေးကုမ္ပဏီမှ ၁၀လုံး၊ ဟိန်းလီဂရုပ်နှင့် ကုမ္ပဏီများအဖွဲ့မှ ၁၀ လုံး၊ ကိုးကန့်လူမှုဖူလုံရေးအဖွဲ့မှ ၁၀ လုံး စုပေါင်းလှူဒါန်းခြင်းဖြစ်ပြီး လိုအပ်သည့်နေရာများသို့ လှူဒါန်းနိုင်ရန်အတွက် ယခုကဲ့သို့ စီစဉ်ပေးခြင်းဖြစ်ကြောင်း ဗိုလ်မှူးကြီး မင်းမင်းထွန်းထံမှ သိရသည်။

**ယာဆေး (ပြန်/ဆက်)**



◆ *ကျောဖုံးမှ*

ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ
(၂၀-၇-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၅၆၂) ခု | (၁၃၉) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၃၉) ခု | (၃၁) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၇၂၅) ခု | (၃၀၈) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁,၃၆၁) ခု | (၄၇၀) ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၄၀၀) ခု | (၁၂၉) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၄၆၉) ခု | (၉၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂,၁၆၅) ခု | (၁,၁၈၁)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၀,၁၉၀) ခု | (၃,၅၀၇) ဦး |
| **စုစုပေါင်း** | (၁၅,၉၁၁) ခု | (၅,၈၆၀) ဦး |

** ပြည်သူလူထုအနေဖြင့် ကိုဗစ်- ၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ရေး နည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်- ၁၉ ရောဂါဆိုင်ရာ သတင်း အချက်အလက်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန



မူဆယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ အောက်ဆီဂျင်အရည်များ တင်သွင်းလာစဉ်။



ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးစခန်းမှ အောက်ဆီဂျင်အရည်များ တင်သွင်းလာစဉ်။

❑ *ကျောဖုံးမှ*

များနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိဘဲ လွယ်ကူလျင်မြန်စွာ တင်သွင်းနိုင်ရေးအတွက် ဆက်စပ်ဝန်ကြီးဌာနများနှင့် ထိထိရောက်ရောက် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်သူများ အရေးပေါ်လိုအပ်လျက်ရှိသော ကိုဗစ်- ၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများအား ပြည်ပမှ တင်သွင်းမှုကို အများပြည်သူ ရုံးပိတ်ရက်များတွင်လည်း ရပ်ဆိုင်းထားခြင်းမရှိဘဲ ပုံမှန်အတိုင်း လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ဇူလိုင် ၂၀ ရက်တွင် အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ပင်လယ်ရေကြောင်းဆိပ်ကမ်းများနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများဖြစ်သည့် မူဆယ်၊ ချင်းရွှေဟော်၊ မြဝတီ၊ တာချီလိတ်၊ မောတောင်စခန်းတို့မှ ကုမ္ပဏီ (၇၆) ခု၊ မော်တော်ယာဉ် (၅၁)စီးဖြင့် အောက်ဆီဂျင်အရည် (Bowser) ယာဉ်ဖြင့် (၄၃) တန်၊ အောက်ဆီဂျင် အရည် (အိုးဖြင့်) (၂၉) တန်၊ Oxygen Generator (၄)လုံး၊ အိမ်သုံးအောက်ဆီဂျင်စက် (Oxygen Concentrator) (၃၉၇၈)ခု၊ Test Kit (၂၀၀၀၀)၊ နှာခေါင်းစည်း( Mask) (၅၅) တန် တင်သွင်းနိုင်ခဲ့သည်။

ဇူလိုင် ၁၂ ရက်မှ ၂၀ ရက်အထိ မော်တော်ယာဉ် (၂၁၃)စီးဖြင့် အောက်ဆီဂျင်အရည် (Bowser) ယာဉ်ဖြင့် (၃၂၉) တန်၊ အောက်ဆီဂျင်အရည် (အိုးဖြင့်) (၁၁၂)တန်၊ အောက်ဆီဂျင်ဓာတ်ငွေ့ (အိုးဖြင့်) (၆၂) တန်၊ အိမ်သုံးအောက်ဆီဂျင်စက် (၁၅၅၆၁)ခု၊ Test Kit အခု (၁၃၄၅၀၀) ၊ နှာခေါင်းစည်း ( Mask ) တန် (၄၂၀) တင်သွင်းခွင့်ပြုခဲ့ပြီး ဖြစ်သည်။

မူဆယ်နယ်စပ်မှ တင်သွင်းမည့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများ လွယ်ကူလျင်မြန်စွာ ရောက်ရှိစေရေးအတွက် ကုမ္ပဏီများအနေဖြင့် တင်ပြလျှောက်ထားသည့် စာများတွင် တစ်ဖက်တရုတ်နိုင်ငံရှိ ဆက်သွယ်ရမည့် သူအမည်၊ ကုမ္ပဏီအမည်၊ တရုတ်ဖုန်းနံပါတ်များကို ထည့်သွင်းဖော်ပြပေးနိုင်ပါရန် အသိပေးထားကြောင်းနှင့် အကူအညီ လိုအပ်ပါက သက်ဆိုင်ရာဌာနများအလိုက် ဆက်သွယ်မေးမြန်းနိုင်သည့် တာဝန်ခံ Contact Person များကိုလည်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ website ဖြစ်သည့် commerce. gov.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရှိရသည်။

**သတင်းစဉ်**



နယ်စပ်ကုန်သွယ်ရေးစခန်းတစ်ခုမှ အောက်ဆီဂျင်အရည်များ တင်သွင်းလာစဉ်။

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဇူလိုင် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့်မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **မိုး/ဇလ**

# ဆားကမြွက်

## — — ဆရာမဲဇာ — —

**“ပြည်ပန်းညို ချိုပါလျက် ဆားကမြွက်” ဆိုစကားထဲက ပြည်ပန်းညို၏ အချိုကို သုံးဆောင်ဖူးသူတွေ ရှားသွားသော်လည်း ဆားကိုမူ မလျှော့တမ်း တိုး၍ တိုး၍ စားနေကြပါသည်။ ရလဒ်ကား ချိုမြိန်သော ဘဝအရသာကို ရေရှည်မခံစားနိုင်ဘဲ ရောဂါဝေဒနာတွေ တိုးလျက် အသက်တိုကြရသူတွေ များလာခြင်းဖြစ်သည်။**

ဆား စားသုံးမှုများရုံနှင့် အသက်တိုစေသည်မှာ ဟုတ်ပါ့မလားဟု သံသယရှိသူ အပြည့်ပင်။ မြန်မာတို့က ဆား စားသုံးမှုနှုန်း အမြင့်မားဆုံးဖြစ်ကြောင်း တွေ့ရရုံသာမက ရလဒ်အဖြစ် သွေးတိုးရောဂါအဖြစ်များပြီး နှလုံးနှင့် သွေးကြောရောဂါများ၊ လေဖြတ်၍ ဒုက္ခိတဖြစ် သေဆုံးရသူများ ရှိနေကြောင်း မှတ်တမ်းများအရ သိရှိနိုင်ပါသည်။

### အငန်များ စားသုံးမှု လွန်ကဲနေ

ဆီစားသုံးမှုများသောကြောင့် အဝလွန်ခြင်း၊ သွေးတိုးခြင်း၊ နှလုံးရောဂါဖြစ်ခြင်း၊ ဆီးချိုဖြစ်ခြင်း၊ လေဖြတ်ခြင်းများ ဖြစ်သည်မှာလည်း သေချာ၏။ သို့သော် ဆီစားသုံးမှု အထူးသဖြင့် ဆီဆိုးများ စားသုံးမှုကြောင့် ရောဂါပေါ်လာသည်မှာ မြင်သာ၏။ ဆား စားသုံးမှုများသောကြောင့် ရောဂါဖြစ်လာသည်မှု စစ်ဆေးမှသိရ၏။ ပိန်ပိန်ကလေးနှင့် သွေးတိုးမြင့်နေသော လူနာတွေကို မြန်မာပြည်မှာ အတွေ့များလာ၏။ မေးမြန်းကြည့်လိုက်လျှင် ဆားကဲ့သို့သော အငန်များ စားသုံးမှု လွန်ကဲနေ၍ဖြစ်ကြောင်း သိရ၏။ ထိုအထဲတွင် မငန်ဘဲ အရသာထူးသော အချိုမှုန့်များမှရသည့် ဆိုဒီယမ်ဓာတ်များက ဒုက္ခဖြစ်လောက်သည်အထိ တွန်းပို့နေကြောင်း စားသုံးသူတို့ သတိမပြုမိကြချေ။

ဆားအပါအဝင် အငန်ဓာတ်များ၏ သဘာဝက ရသတဏှာကို ဖြစ်စေရုံသာမက စွဲလမ်းရုံမက မူးယစ်ဆေးဝါးများကဲ့သို့ တိုး၍ တိုး၍ သုံးစွဲလိုသော ဆန္ဒများကို ဖြစ်ပေါ်စေ၏။ ဆားလျှော့စားလျှင်၊ အငန်ပေါ့သွားလျှင် လျှာကသိသာ၏။ ဟင်းမည်မျှ ကောင်းကောင်း အရသာမတွေ့။ ရေနွေးထဲမှာ အချိုမှုန့် ခပ်ထားသော “မှန်ရောင်ဟင်းချို” ကမှ သောက်၍ ကောင်းသလိုလို ရှိတော့၏။

အချိုမှုန့်နှင့် ဆားတို့သည် တွဲဖက်၍ လျှာကို အကျင့်ပျက်စေ၏။ နဂိုကပင် အငန်ကဲသည့် ငါးပိ၊ ငါးခြောက်၊ ငံပြာရည်များနှင့် တွဲ၍ အချိုမှုန့် သုံးကြ၏။ ငါးခြောက်ဖုတ်ကို ဆီရွှဲရွှဲဆမ်းထားသည့် အပေါ်တွင် အချိုမှုန့်တစ်ဇွန်းလောက်ထပ်၍ ခပ်ကာ ညှော်ကောင်း ဆောင်ကောင်းများအတွက် တည်ခင်းညှော့ခံသည်ကိုလည်း ကြုံဖူးပါ၏။

အဝေးပြေးလမ်းတစ်နေရာတွင် သန့်ရှင်းသပ်ရပ်သော စားသောက်ဆိုင်ကလေးတစ်ခုမှာ ရောင်းချနေသမျှ အစာများ အငန်ကဲနေသဖြင့် အကြောင်းရင်းကို မေးကြည့်၏။ ဆိုင်ကလေးမှာ အဝေးပြေးယာဉ်မောင်းတို့ နားနေရာဖြစ်ကြောင်း၊ အဝေးပြေးယာဉ်မောင်းတို့မှာ ကွမ်းယာစားသုံးမှုများသဖြင့် လျှာထူနေပြီး တော်ရုံတန်ရုံ ဆားခပ်ထားသည့် ဟင်းလျာများမှာ မတိုးတော့ကြောင်း ဆိုင်ရှင်က ရှင်းပြ၏။

မြန်မာတို့မှာ ကျား မ မရွေး ကွမ်းယာစားသုံးမှုဓလေ့ရှိ၏။ ကွမ်းစွဲသူများလှ၏။ အဝေးပြေးယာဉ်မောင်းများမှာ လမ်းခရီးတွင် အိပ်မငိုက်ဘဲ အလုပ်တွင်ရန် ကွမ်းယာမြုံ့တတ်ပြီး တစ်နေ့လျှင် ကွမ်းယာ ငါးဆယ်မက စားသုံးလေ့ရှိပါသည်။ ကွမ်းယာကို မဖြတ်နိုင်သည်နှင့်အမျှ လျှာက အငန်ကို ပို၍တောင့်တလာပြီး ကွမ်းစားသုံးမှု အနည်းအများသာလျှင်ကွာမည် အငန်ကြိုက်သည်ကတော့ အတူတူဖြစ်တော့၏။

ထူးခြားဖြစ်စဉ် တစ်ခုအနေဖြင့် ရှမ်းပြည်နယ်ထဲက ဒေသတစ်ခုတွင် တစ်ရွာလုံး သွေးတိုးရောဂါဖြစ်နေသည်ကို တွေ့ရ၏။ အဆီ၊ အငန်စားသုံးမှု ပုံမှန်ဖြစ်လျက် သွေးတိုးနေကြသဖြင့် သူတို့သောက်နေကျရေတွင် သွေးတိုးစေသည့် ဓာတ်များပါနေသလားဟု ယူဆကြ၏။ ခိုင်ခိုင်မာမာ သက်သေပြဖို့ အခွင့်အရေး မရခဲ့ပေ။

ရှေးလူကြီးများမှာ မကူးစက်နိုင်သော ရောဂါပြဿနာ မများလှပါ။ Non Communicable Disease–NCD ဟုခေါ်သော ထိုရောဂါများကြောင့် ရောဂါရခြင်း၊ အသက်တိုခြင်းဖြစ်ခဲ့၏။ ရောဂါပိုးကြောင့်ဖြစ်သော ကူးစက်ရောဂါများကြောင့်သာ အသေအပျောက်များပြီး အသက်တိုစေသော ကပ်ရောဂါများ ရံဖန်ရံခါဖြစ်ခဲ့၏။

လူတို့သည် ကပ်ရောဂါဖြစ်မှာ ကြောက်၏။ ငွေတွေပုံပေး၍ ကာကွယ်ဖို့ ကုသဖို့ ကြိုးစားကြ၏။ ငွေမကုန်ဘဲနှင့် ကိုယ့်ကိုယ်ကိုယ် စောင့်ရှောက်ရသော အလုပ်များကိုမူ ဦးစားပေးလေ့မရှိချေ။ ယခုအဖြစ်များနေသော ကိုဗစ်–၁၉ ကပ်ရောဂါဆိုးကြီးကို ကျော်လွှားရန်အတွက် ကုသဆေးတွေရှာ၏။ မတွေ့။ ကာကွယ်ဆေးတွေ တစ်မျိုးပြီး တစ်မျိုး အချိန်တိုအတွင်းပေါ်လာ၏။ သို့ရာတွင် ငြိမ်ငြိမ်မနေသော ရောဂါပိုးများက ဗီဇပြောင်းကာ မျိုးကွဲများ ဖန်တီး၍ တိုက်ခိုက်ကြ၏။

> ❊ **ဆီဆိုးများ စားသုံးခြင်း၊ အချိုမှုန့်၊ အငန်များ၊ သဘာဝမကျသော အစားများစားသုံးခြင်းကိုမှ မလျှော့နိုင်ကြပါ။ ရောဂါပျောက်ဆေးများ မိုးပေါ်က ကျလာမည်လား မျှော်လင့်နေမည့်အစား ဆီလျှော့စားဖို့၊ ဆားလျှော့ စားဖို့၊ အချိုမှုန့်လျှော့စားဖို့ ခက်နေ၏။ လွယ်လွန်းသောကြောင့် ခက်နေခြင်း၊ စိတ်မဝင်စားခြင်း၊ ကိုယ့်ကျန်းမာရေးကိုယ် ဖန်တီးနိုင်စွမ်းကို မယုံကြည်ခြင်းများ တွေ့နိုင်**

### ကိုယ်ခံအားနည်းခြင်းကြောင့် ရောဂါပိုးကူးစက်

ပိုးနှင့်လူသားတို့၏ “ဘတစ်ပြန်–ကျားတစ်ပြန်” တိုက်ပွဲများသည် မည်သည့်အခါမှ နိဂုံးချုပ်မည်မသိ။ ထိုကာလအတွင်း လူသားပေါင်း သန်းနှစ်ရာနီးပါး ရောဂါရ၍ သုံးသန်းမျှ သေလွန်ကြလေပြီ။ သုတေသနများအရ မကူးစက်သော ရောဂါများဖြစ်သော သွေးတိုး၊ ဆီးချို၊ အဝလွန်၊ အသက်ကြီး၊ ကိုယ်ခံအားနည်းခြင်းကြောင့် ရောဂါပိုးကူးစက်ရောဂါ (Communicable Disease – CD) ဖြစ်ကာ သေရခြင်းဖြစ်ကြောင်း ပေါ်လွင်လာ၏။

NCD ဖြစ်ရခြင်း အကြောင်းရင်းဖြစ်သော ဆီဆိုးများစားသုံးခြင်း၊ အချိုမှုန့်၊ အငန်များ၊ သဘာဝမကျသော အစာများစားသုံးခြင်းကိုမှ မလျှော့နိုင်ကြပါ။ ရောဂါပျောက်ဆေးများ မိုးပေါ်က ကျလာမည်လား မျှော်လင့်နေမည့်အစား ဆီလျှော့စားဖို့၊ ဆားလျှော့စားဖို့၊ အချိုမှုန့်လျှော့စားဖို့ ခက်နေ၏။ လွယ်လွန်းသောကြောင့် ခက်နေခြင်း၊ စိတ်မဝင်စားခြင်း၊ ကိုယ့်ကျန်းမာရေးကိုယ် ဖန်တီးနိုင်စွမ်းကို မယုံကြည်ခြင်းများ တွေ့နိုင်ပါ၏။

ပညာပေးသူတွေဘက်ကလည်း စားပွဲပေါ်ထိုင်၍ အင်တာနက်ကိုခေါက်၍ သိလာသည်ကိုကူး၍ ကပ်ပေးလိုက်ခြင်း (Copy and Paste) လုပ်နေကြသည်ကများ၏။ ဆားလျှော့စားသုံးဖို့ တစ်ခုတည်းမှာပင် မတူကွဲပြားနေသော နေထိုင်မှု ဘဝဟန် (Life – Styles) များကို အခြေခံနေသော အကြောင်းတရားများကို မသိကျိုးကျွန် ပြု၍မရ။

ရေခဲသေတ္တာသုံးနိုင်သူနှင့် ကြောင်အိမ်ထဲမှာ ဟင်းထည့်ထား၍ စားရသူတို့ မတူကြ။ တစ်နေ့လုပ်မှ တစ်နေ့စားရသူတို့က ရွေးချယ်စားသုံးရသော အာဟာရမတူကြ။ ပူပြင်းခြောက်သွေ့လွန်းသော အညာဒေသနှင့် စွတ်စိုထိုင်းမှိုင်းသော ဒေသ၊ အေးလွန်းသော ဒေသများတွင် စားသောက်ပုံ (အထူးသဖြင့် အစားအစာသိမ်းဆည်းပုံ) ချင်း မတူကြ။

လက်တစ်ကမ်းမှာ ဈေးသည်ရှိသော မြို့ပြနှင့် ငါးရက်မှတစ်ဈေး ထွက်သောဒေသမှ လူများ မတူကြ။ ကျပ်တိုက်၊ ဆားနယ်၊ အချဉ်တည်ထားမှ အချိန်ကြာကြာ စားသုံးနိုင်ရန်အတွက် ဆားသည် အဓိကဇာတ်ဆောင်ဖြစ်လာ၏။ ချွေးတလုံးလုံးနှင့် အလုပ်နေပူထဲမှာမှ လုပ်ငန်းခွင်ဝင်ရသော ပုဂ္ဂိုလ်များအတွက် ဆားလိုအပ်ချက် ပိုများသည်မှာလည်း အမှန်ပင်။

### ဆား လျှော့ချစားသုံးဖို့ တိုက်တွန်းလို

ကွဲပြားသော နေထိုင်မှုဘဝဟန်ကြောင့် ဖြစ်လာသော ရောဂါများ (Life – Style Diseases) များတွင် သွေးတိုး၊ လေဖြတ်ရောဂါများသည် ယခုအခါမြန်မာပြည်တွင် ရှေ့တန်းရောက်လာ၏။ အချိုတွေစား၍ သွေးတိုးဆီးချိုဖြစ်ရသော မြန်မာလူချမ်းသာများကိုကြည့်၍ အချိုလျှော့စားဖို့ ပညာပေးနေသည်မှန်သော်လည်း တစ်နိုင်ငံလုံး ဆင်းရဲချမ်းသာမရွေး အလွယ်တကူ ပေါပေါများများ စားသုံးနေသော ဆားနှင့် ဆားထွက်ပစ္စည်းများကို ချက်ချင်း လျှော့ချစားသုံးဖို့ တိုက်တွန်းလိုပါ၏။

အငန်ကို လျှော့စားကြည့်ပါ။ သိသိသာသာ နေထိုင်ကောင်းလာပါမည်။ မိမိ၏ ခံစားမှုနှင့် နှိုင်း၍ စားနေကျ အငန်ထက် တဖြည်းဖြည်း လျှော့စားသွားရန်သာ လိုပါသည်။ စာအုပ်ကြီးထဲက ကိန်းဂဏန်းတွေထက် မိမိ၏ နေထိုင်မှုဘဝဟန်နှင့် ကိုက်ညီရန် ညှိရပါမည်။ တိုင်းတာနိုင်သည့် ဓာတ်ခွဲစစ်ဆေးမှုတွေ များလှသော်လည်း အလွယ်ဆုံးမှာ သွေးတိုးရှိ၊ မရှိစစ်ဆေးကြည့်ဖို့ပင် ဖြစ်ပါသည်။

တစ်လတစ်ခါလောက် ပုံမှန်စစ်ဆေးကြည့်ရုံနှင့် မိမိတို့စားသုံးသင့်သည့် အငန်ဓာတ်ကို ချိန်ဆနိုင်ပါသည်။ တစ်ချိန်က သွေးပေါင်တစ်ခါချိန်လျှင် တစ်ကျပ်မျှသာ ကုန်ကျ၏ သို့စင်လျက် ပုံမှန်ချိန်မည့်သူမရှိ။ အငန်တွေလျှော့စားရသည်ကို ရေရှည် သည်းမခံနိုင်သူများလည်းရှိ၏။

### သွေးတိုးရောဂါ ကာကွယ်ရေး

ဆရာဝန်ထံသွားလျှင် “ဝါးခ” ကုန်မှာကြောက်သဖြင့် သွေးမချိန်သူ ရှိလျှင်မူ လူထုအခြေပြုဖြေရှင်းမှု ရှိပါ၏။ ခေတ်ပေါ်ဒစ်ဂျစ်တယ် သွေးတိုင်းကိရိယာများကို ငါးတန်းကျောင်းသားပင် အလွယ်တကူ သုံးတတ်ပါ၏။ ရွာထဲက အလယ်တန်းကျောင်းသားများကို သွေးချိန်နည်းသင်ပေးထားပြီး စေတနာ့ဝန်ထမ်းအဖြစ် ရွာထဲမှာ သွေးတိုး ရှိ၊ မရှိ စစ်ဆေးကြည့်နိုင်၏။ သူတို့၏ မှတ်တမ်းများကို ဒေသခံကျန်းမာရေးဝန်ထမ်းများက ပုံမှန်စစ်ဆေးပြီး လိုအပ်သလိုကုသခြင်း၊ လွှဲပို့ခြင်းပြုနိုင်၏။ ဤစီမံချက်ငယ်များကို ကျန်းမာရေးပညာအလုပ်အဖြစ် ဌာနက ဦးဆောင်လုပ်ခဲ့ပါ၏။ လူထုကိုယ်တိုင် သွေးတိုးရောဂါ ကာကွယ်ရေး အငန် လျှော့စားခြင်းများကို လိုလိုချင်ချင် ပြုလုပ်နိုင်ပါသည်။

- လူဖြစ်စေ၊ တိရစ္ဆာန်ဖြစ်စေ ဆားကိုဖြတ်၍ မရပါ။
- မရှိမဖြစ် ဆားကိုလည်း မများအောင် ချင့်ချိန်ပါ။
- စားမည်ဆိုလျှင်လည်း အိုင်အိုဒင်းဓာတ်ပါသော ဆားကို စားပါ။

❍ **လူငယ်အချို့ဟာ နယ်ချဲ့လက်ပါးစေရဲ့ လှည့်စားသွေးဆောင်ဖြားယောင်းမှုကို နားယောင်ပြီး တိုင်းပြည်ကိုဖျက်ဆီးမယ့်စီမံကိန်းကြီးထဲ** Country Destructive Movements **မှာ ပါဝင်ချင်ကြတယ်။ ရှေ့က အမှားသင်ခန်းစာတွေကို ကြည့်ပါ။ နားမယောင်လေနဲ့ သမီးတို့ သားတို့၊ မိဘများက နားဝင်အောင် တားဆီးနိုင်ကြပါစေ၊ ရွယ်တူသူငယ်ချင်းတွေက မမှားခင် ကယ်တင်ဆွေးနွေးကြပါလေ။**

# အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများ၏ နာသုံးနာ လက်ကိုင်ထား၍ ကျောင်းသား ကျောင်းသူများအပေါ် မိဘသဖွယ်စိတ်ဓာတ်ဖြင့် သင်ကြားရေးတာဝန်ထမ်းဆောင်နေမှုအား အသိအမှတ်ပြု သတင်းထုတ်ပြန်ခြင်း

**နေပြည်တော် ဇူလိုင် ၂၀**

မြန်မာနိုင်ငံ၌ ဆရာ ဆရာမများအပေါ် ရိုသေလေးစားမှုပြုရသည့် အနန္တောအနန္တဂိုဏ်းဝင်အဖြစ် ရှေးယခင်ကတည်းကပင် ယဉ်ကျေးမှုတစ်ရပ်သဖွယ် သတ်မှတ်ထားပြီး အခြားမည်သည့်နိုင်ငံတွင်မှ မတွေ့ရှိနိုင်သော အလေးအနက်ပြုမှုကို တွေ့ရှိရမည်ဖြစ်ပါသည်။ အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများသည်လည်း စေတနာကို အရင်းခံပြီး ဝါသနာနှင့်အတူ အနစ်နာခံကာ တပည့်များအပေါ် ရင်ဝယ်သားသဖွယ် သဘောထား၍ ကျောင်းသား ကျောင်းသူများအား ဂုဏ်သိက္ခာပြည့်ဝစွာဖြင့် အတတ်ပညာ သင်ကြားပို့ချရုံသာမက **“အတတ်လည်းသင်၊ ပွဲပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့”** ဟူသော ဆရာကျင့်ဝတ်ငါးသွယ်ကို ကျေပွန်စွာ ထမ်းဆောင်နေသူများ ဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရပ်နားထားရသည့် ကျောင်းများကို လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများအား ဇွန် ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

စာသင်ကျောင်းများဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်နေသည့်ကာလနှင့် လက်ရှိသင်ကြားနေသည့်ကာလတွင် မိမိတစ်ပါတီ ကောင်းစားရေးကိုသာရှေးရှု၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ နိုင်ငံရေးအစွန်းရောက် NLD ပါတီဝင်များနှင့် ၎င်းတို့ကို ထောက်ခံသူများ၊ NUG၊ CRPH နှင့် PDF စသည့်အဖွဲ့များသည် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများအပြင် ကလေးငယ်များ ပညာသင်ကြားရေးကို အခက်အခဲဖြစ်စေရန် ရည်ရွယ်၍ စာသင်ကျောင်းများကို မိုင်းများ၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအပြင် ဆရာ ဆရာမများကို စာပေသင်ကြားမှုမပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းများသာမက အချို့အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ရပြီး သေဆုံးထိခိုက်ဒဏ်ရာရရှိသူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မကောင်းမှု၊ မတရားမှုတို့ကို ပြုလုပ်ရမည့်အပေါ် ရှက်ခြင်း၊ ကြောက်ခြင်းဟူသော ဟီရီ၊ ဩတ္တပ္ပတရားတို့အပေါ်၌ သာမန်လူတို့ထက် ပိုမိုသိရှိစောင့်ထိန်းတတ်သည့် ဆရာ ဆရာမတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲ၊ အကျပ်အတည်းများ၊ နှောင့်ယှက်မှုမျိုးစုံတို့ကြားမှ အနန္တောအနန္တဂိုဏ်းဝင် ဆရာဟူသည့် မွန်မြတ်လှသည့် ဂုဏ်ပုဒ်နှင့်အညီ ကောင်းမွန်မြင့်မြတ်သည့် စိတ်ထားများဖြင့် နိုင်ငံ့အတွက် ပညာတတ်လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရေး ရှေးရှု၍ သင်ကြားရေးတာဝန်များကို မလစ်ဟင်းရအောင် အားကြိုးမာန်တက် ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် တာဝန်ထမ်းဆောင်နေကြသော ဆရာ ဆရာမများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။**

နိုင်ငံ့အနာဂတ် ရင်သွေးငယ်များ၏ စာပေပညာ တတ်မြောက်ရေး၊ ပညာရည် မြင့်မားရေးအတွက် အခက်အခဲမျိုးစုံကြားမှ သင်ကြားရေးတာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက်ရှိသည့် ဆရာ ဆရာမများ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အထူးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ ကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိထားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များ၌ ပါဝင်လှူဒါန်းမှုများ ပြုလုပ်နိုင်ကြောင်း ကြေညာချက်

ယခုအခါ မိမိတို့နိုင်ငံအတွင်း COVID-19 တတိယလှိုင်းဖြစ်ပေါ်လျက်ရှိပြီး ကူးစက်မှုနှုန်း မြင့်တက်လာသည့်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တို့ ပူးပေါင်း၍ နိုင်ငံတစ်ဝှမ်း COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ဆေးရုံများ၊ ဆေးခန်းများ၊ Quarantine Center များ၊ Community COVID Positive Centre များ ဖွင့်လှစ်၍ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများပြုလုပ်ရာတွင် လိုအပ်သည့် ရောဂါကာကွယ်ရေးပစ္စည်းများ၊ ဆေးဝါးများ၊ အသုံးအဆောင်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများ၊ အခြားအထောက်အကူပြုပစ္စည်းများနှင့် အလှူငွေများအား သက်ဆိုင်ရာ COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် ဆေးရုံ၊ ဆေးခန်း၊ Quarantine Center များနှင့် Community COVID Positive Centre များနှင့် သက်ဆိုင်ရာနေရာများသို့ တိုက်ရိုက်ပေးပို့လှူဒါန်းနိုင်ကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

Coronavirus Disease 2019(COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ

# ဟုမ္မလင်းမြို့ ခုတင် (၁၀၀) ဆံ့ ပြည်သူ့ဆေးရုံတွင် သိုဝှက်ထားသည့် အောက်ဆီဂျင်အိုး ၃၅ လုံးနှင့် အောက်ဆီဂျင်အစားထိုးစက် ၁၃ လုံးကို ရှာဖွေတွေ့ရှိ

**ဟုမ္မလင်း ဇူလိုင် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ဟုမ္မလင်းမြို့နယ် ခုတင် (၁၀၀) ဆံ့ပြည်သူ့ဆေးရုံမှ CDM ပြုလုပ်သွားသော ဆရာဝန်များ၏ ရုံးခန်းများနှင့် စတိုခန်းများကို ဇူလိုင် ၁၇ ရက် မွန်းလွဲပိုင်းက ဟုမ္မလင်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်၊ နယ်မြေခံ တပ်မတော်ဆေးရုံ တပ်မှူး ဗိုလ်မှူးပြည့်ဖြိုးအောင်၊ စီမံကိန်းဦးစီးမှူး ဦးတင်မောင်ဝင်း၊ မြို့နယ်လဝကဦးစီးမှူး ဦးမင်းညွန့်၊ စိုက်ပျိုးရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်စုစုထွေး၊ ဟုမ္မလင်း ခုတင်(၁၀၀) ပြည်သူ့ဆေးရုံမှ ရုံးအုပ် ဦးကံစိန်၊ တာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများက သွားရောက်စစ်ဆေးခဲ့ကြသည်။



ထိုသို့ သွားရောက်စစ်ဆေးစဉ် ဟုမ္မလင်းမြို့ ခုတင် (၁၀၀) ဆံ့ ပြည်သူ့ဆေးရုံရှိ သားဖွားခန်း၊ ခွဲစိတ်လူနာဆောင်၊ ဖျားနာလူနာဆောင် နှင့်မျက်စိ၊ အရိုးအကြော ကုသဆောင်တို့အတွင်းမှ အောက်ဆီဂျင်အိုး လီတာ ၄၀ ဆံ့ ၂၈ လုံး၊ အောက်ဆီဂျင်အိုး လီတာ ၂၀ ဆံ့ တစ်လုံး၊ အောက်ဆီဂျင်အိုး ၁၅ လီတာဆံ့ ခြောက်လုံး စုစုပေါင်း အောက်ဆီဂျင်အိုး ၃၅လုံး၊ အောက်ဆီဂျင် အစားထိုးစက်(Oxygen concentrator) ၁၃ လုံးတို့ကို ရှာဖွေတွေ့ရှိခဲ့သည်။

အဆိုပါ ရှာဖွေတွေ့ရှိခဲ့သည့် အောက်ဆီဂျင်အိုးများနှင့် အောက်ဆီဂျင် အစားထိုးစက်များကို လူနာများအတွက် ကောင်းမွန်စွာ အသုံးပြုနေပြီဖြစ်ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၁ ရက်တွင် တပ်မတော်က နိုင်ငံ့တာဝန်ယူပြီးနောက် ဟုမ္မလင်းမြို့နယ် ပြည်သူ့ဆေးရုံမှ ဆေးရုံအုပ် ဒေါက်တာ ဝင်းနိုင်ထွန်း ဦးစီးသော ဆရာဝန်များက ဆေးရုံကို ဖေဖော်ဝါရီ ၆ ရက်မှ စတင်သော့ခတ်၍ CDM ပြုလုပ်သဖြင့် ဟုမ္မလင်းခုတင် (၁၀၀) ဆံ့ ပြည်သူ့ဆေးရုံကို ပိတ်ထားခဲ့ရကြောင်း၊ ဟုမ္မလင်းဒေသခံ လူနာများမှာ အမှတ် (၁၉) ခုတင် (၁၀၀)ဆံ့ တပ်မတော်ဆေးရုံကိုသာ မှီခိုအားထားခဲ့ရာမှ နေရာအခက်အခဲရှိလာသဖြင့် တပ်မတော်ဆေးရုံ ဆေးတပ်မှူး ကြီးကြပ်၍ တပ်မတော်ဆရာဝန်များ၊ သူနာပြုများနှင့် CDM မပြုလုပ်သည့် ကျန်းမာရေးဝန်ထမ်းများ စုစည်းပြီး ပြင်ပလူနာများကို ဧပြီ ၁၉ ရက်မှ စတင်ကာ ယနေ့အချိန်အထိ ကုသပေးလျက်ရှိပြီး သတင်းအရ ရုံးခန်းများနှင့် စတိုခန်းများကိုရှာဖွေ စစ်ဆေးရာမှ ယခုကဲ့သို့ တွေ့ရှိရခြင်းဖြစ်ကြောင်း သိရသည်။

ဟုမ္မလင်း( ပြန်/ဆက်)

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အထောက်အကူပြုပစ္စည်းများနှင့် အောက်ဆီဂျင်အိုးများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဇူလိုင် ၂၀**

လက်ရှိအချိန်တွင် ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းဖြစ်ပွားမှု မြင့်တက်လျက်ရှိပြီး ခေတ်ခွဲ အတည်ပြု ပိုးတွေ့လူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများကို တပ်မတော်ဆေးရုံများ၊ ပြည်သူ့ဆေးရုံများ၊ ကျန်းမာရေးဌာနများနှင့် ကိုဗစ်စင်တာများတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို တပ်မတော်သားဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များပူးပေါင်း၍ အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိပြီး ထိုသို့ဆောင်ရွက်ပေးရာတွင် အထောက်အကူ ဖြစ်စေရန်အတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများ၊ အောက်ဆီဂျင်အိုးများနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာ များကို တပ်မတော်က သွားရောက်ထောက်ပံ့လှူဒါန်း ပေးလျက်ရှိသည်။

**ပေးအပ်လှူဒါန်း**

ထိုသို့ ပေးအပ်လှူဒါန်းလျက်ရှိရာ ဇူလိုင် ၁ ရက်မှ ယနေ့အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများ၊ တပ်မတော်ဆေးရုံများ၊ ကျန်းမာရေးဌာနများ၊ ကိုဗစ်စင်တာများ၊ ဘာသာရေးကျောင်းများ၊ စာသင်ကျောင်းများနှင့် ဒေသခံပြည်သူလူထုများသို့ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက အောက်ဆီဂျင်အိုး ၃၅၃၃ လုံး၊ Mask ၃၂၁၇၆၂ ခု၊ Personal Protective Equipment (PPE) ဝတ်စုံ ၁၅၆၀၊ Hand Gel ၆၈၉ ဘူး၊ Face Shield အခု ၂၀၀၊ လက်ဆေးဆပ်ပြာရည် လေးပုံး၊ လက်အိတ် Surgical Gloves ၁၂၀၀၊ ခေါင်းစွပ် အခု ၉၀၀၊ စက်သုံးဆီများ၊ အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် အလှူငွေများကို သွားရောက်ပေးအပ်လှူဒါန်းနိုင်ခဲ့ကြောင်း နှင့် ဆက်လက်ပေးအပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။



**အသီးသီးလက်ခံရယူ**

အလားတူ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများ ဆောင်ရွက်ရန် အတွက် အထောက်အကူပြု ပစ္စည်းများ၊ အလှူငွေများကို စေတနာရှင် အလှူရှင်များက ပေးအပ်လှူဒါန်းလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး မင်္ဂလာခန်းမ၌ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် စီမံအုပ်ချုပ်ရေးကောင်စီရုံး၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့ ဘိုးတော်ကုန်းကျေးရွာ အောင်သစ္စာစာသင်တိုက်၌ လည်းကောင်း ပေးအပ်လှူဒါန်းကြရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက အသီးသီးလက်ခံရယူပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများ၊ တပ်မတော်ဆေးရုံများ၊ ကျန်းမာရေးဌာနများနှင့် ကိုဗစ်စင်တာများသို့ အောက်ဆီဂျင်အိုးများ ဖြန့်ဝေလှူဒါန်း

**နေပြည်တော် ဇူလိုင် ၂၀**

ကိုဗစ်-၁၉ ရောဂါခေတ်ခွဲအတည်ပြု ပိုးတွေ့လူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများကို ကုသရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အောက်ဆီဂျင်လိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန်အတွက် တပ်မတော်နှင့် အလှူရှင်များက အောက်ဆီဂျင်အိုးများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိပြည်သူ့ဆေးရုံများ၊ တပ်မတော်ဆေးရုံများ၊ ကျန်းမာရေးဌာနများနှင့် ကိုဗစ်စင်တာများသို့ ပေးပို့လှူဒါန်းလျက်ရှိသည်။

**သွားရောက်လှူဒါန်း**

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ၊ ဇမ္ဗူသီရိမြို့နယ်ရှိ အထွေထွေရောဂါကုဆေးရုံကြီး (ခုတင်-၁၀၀၀) သို့ အောက်ဆီဂျင်အိုး ၄၇ လုံးနှင့် ပုဗ္ဗသီရိမြို့နယ်ရှိ ပြည်သူ့ဆေးရုံကြီး (ခုတင်-၃၀၀)သို့ အောက်ဆီဂျင်အိုး ၄၅ လုံးတို့ကို နေပြည်တော်တိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများက လည်းကောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ္မတူမြို့ပြည်သူ့ဆေးရုံသို့ အောက်ဆီဂျင်အိုး အလုံး ၂၀ ၊ လားရှိုးမြို့ ပညာရေးဒီဂရီကောလိပ်ရှိ ကိုဗစ်-၁၉ ကုသရေး စင်တာအတွက် အောက်ဆီဂျင်အိုး အလုံး ၃၀၊ လားရှိုးမြို့ အထွေထွေရောဂါကုဆေးရုံကြီး (ခုတင်-၅၀၀) သို့ အောက်ဆီဂျင်အိုး အလုံး ၄၀၊ လားရှိုးမြို့နယ်မြေခံဆေးတပ်ရင်းနှင့် တပ်မတော်ဆေးရုံသို့ အောက်ဆီဂျင်အိုး အလုံး ၃၀၊ သိန္နီမြို့ ပြည်သူ့ဆေးရုံသို့ အောက်ဆီဂျင်အိုး ငါးလုံး၊ Oxygen Regulator တစ်စုံ၊ Oxygen ပိုက် နှစ်ချောင်း၊ PPE ဝတ်စုံ အစုံ ၇၀၊ PPE Level-2 ဝတ်စုံ အစုံ ၅၀၊ Mask ၄၈၀၀၊ အရပ်ပြန်ဘူး ၆၀၊ ရေမလိုလက်သန့်ဆေးရည်၇၂ ဘူး၊ ပိုးသတ်ဆေးရည်ဘူး ၄၀၊ လက်အိတ်အစုံ ၁၀၀၊ ခေါင်းစွပ်အခု ၂၀၀၊ ဆေးဝါးများနှင့် စားသောက်ဖွယ်ရာများကို တပ်မတော် (ကြည်း၊ရေ၊လေ) အရာရှိစစ်သည်၊ မိသားစုများနှင့် Corner Stone ကုမ္ပဏီတို့ကလည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့ ပြည်သူ့ဆေးရုံနှင့် Oxygen Plant နေရာများသို့ အောက်ဆီဂျင်အိုး အလုံး ၁၀၀ ကို ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများနှင့် အလှူရှင်များက လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၊ တွံတေးမြို့နယ်၊ ကော့မှူးမြို့နယ်၊ ကွမ်းခြံကုန်းမြို့နယ်နှင့် ဆိပ်ကြီးခနောင်တိုမြို့နယ်တို့ရှိ ပြည်သူ့ဆေးရုံများသို့ အောက်ဆီဂျင်အိုး ၇၅ လုံးကို ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ကျုံမငေးမြို့၊ သာပေါင်းမြို့နှင့် ဖျာပုံမြို့တို့ရှိ ပြည်သူ့ဆေးရုံများအတွက် အောက်ဆီဂျင်အိုး ၆၉ လုံးနှင့် ၁၀ လီတာ အောက်ဆီဂျင်စက်တစ်လုံးတို့ကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများနှင့် အလှူရှင်များက လည်းကောင်း သွားရောက် လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။



**ဖြန့်ဝေပေးသွားမည်**

၎င်းအပြင် နယ်စပ်ကုန်သွယ်ရေး စခန်းများမှတစ်ဆင့် ကျန်းမာရေးဆိုင်ရာ ပစ္စည်းများကို တင်သွင်းခွင့်ပြုထားရာ ပုဂ္ဂလိက ကုမ္ပဏီများမှ တင်သွင်းလာသည့် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး ၁၇၀၇ လုံး၊ အောက်ဆီဂျင် Concentrator အလုံး ၅၀၊ Finger Tit ၉၆ ခု၊ Mask သိန်း ၇၀ နှင့် တရုတ်တိုင်းရင်းဆေးဘူး ၁၁၂၀၀၀ တို့ကို မူဆယ်မြို့နယ်စပ်ဂိတ်နှင့် ချင်းရွှေဟော်မြို့ရှိ နယ်စပ်ဂိတ်များမှတစ်ဆင့် လည်းကောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ရှိ ပုဂ္ဂလိကကုမ္ပဏီများမှ တင်သွင်းလာသည့် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး အလုံး ၃၀ တို့သည် ထိုင်းနိုင်ငံ ချင်းရိုင်းခရိုင် မယ်ဆိုင်မြို့မှတစ်ဆင့် မြန်မာ-ထိုင်း အမှတ် (၂) ချစ်ကြည်ရေးတံတား (တာချီလိတ်မြို့)သို့ လည်းကောင်း၊ ကျန်းမာရေးဦးစီးဌာနနှင့် စေတနာရှင်အလှူရှင်များက စုပေါင်းလှူဒါန်းသည့် အောက်ဆီဂျင်အရည် ၂၉ တန်၊ လီတာ ၆၀ အိုး ၆၅ လုံး၊ လီတာ ၄၀ အိုး ၅၈၅ လုံး ၊ ၁၅ လီတာအိုး ၃၅ လုံး၊ ၁၀ လီတာအိုး ခြောက်လုံး၊ ၅ လီတာအိုး လေးလုံးတို့သည် ထိုင်းနိုင်ငံ မဲဆောက်မြို့မှ မြဝတီမြို့သို့လည်းကောင်း အသီးသီး ရောက်ရှိလာကြသဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးသို့ ဆက်လက်ပို့ဆောင် ဖြန့်ဝေပေးသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တပ်မတော်ဆေးရုံများနှင့် ယာယီအရေးပေါ်ဆေးရုံများ၌ ယနေ့အထိ ပြင်ပလူနာ နှစ်သိန်းခုနစ်သောင်းကျော် ကုသပေးနိုင်ခဲ့

**နေပြည်တော် ဇူလိုင် ၂၀**

ပြည်သူလူထုအတွက် အဓိကအကျဆုံးဖြစ်သော ကျန်းမာရေးကဏ္ဍမြင့်မားရေးအတွက် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ပြည်သူလူထု၏ အရေးပေါ် ကျန်းမာရေးဆိုင်ရာကုသမှုများ ဆောင်ရွက်ပေးနိုင်ရန်အတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများ၌ ကျန်းမာရေးစောင့်ရှောက်မှုများကို နေ့ညမပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာပေါင်း ၂၇၃၁၁၄ ဦးနှင့် အတွင်းလူနာပေါင်း ၇၉၄၅၃ ဦးတို့ကို ကုသပေးနိုင်ခဲ့သည်။

၎င်းလူနာများအနက် အကြီးစား ခွဲစိတ်ကုသရန်လိုအပ်သူ ၁၂၆၆၂ ဦး၊ အသေးစားခွဲစိတ်ကုသရန်လိုအပ်သူ ၆၇၈၀၊ စုစုပေါင်း ၁၉၄၄၂ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့သည့်အပြင် စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။ ထို့ပြင်ကလေးမီးဖွားလူနာ ၆၄၈၅ ဦးကို ခွဲစိတ်၍လည်းကောင်း၊ ၉၁၁၇ ဦးကို သာမန်ဖြင့်လည်းကောင်း မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိကလေးငယ် ၁၅၆၀၂ ဦးကို အောင်မြင်စွာမွေးဖွားပေးနိုင်ခဲ့ပြီး တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍမြင့်မားရေးတွင် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အင်္ဂလန်တွင် ကိုဗစ် -၁၉ ကူးစက်မှု မြင့်မားနေသော်လည်း ကန့်သတ်ချက်အများစုကို ဖယ်ရှားပေး

**လန်ဒန် ဇူလိုင် ၂၀**

အင်္ဂလန်တွင် ကိုဗစ်-၁၉ကန့်သတ် ချက် အများစုကို ဖယ်ရှားပေး လိုက်ပြီဖြစ်သည်။ သို့သော်လည်း လူအများစုမှာ ကူးစက်မှုများ မြင့်မားနေဆဲကာလ ဖြစ်သည့်အတွက် စိုးရိမ်ပူပန်မှုများ ရှိနေကြသည်။ ဇူလိုင် ၁၉ ရက်တွင် ဖယ်ရှားပေးလိုက်သည့် ကန့်သတ်ချက်များထဲတွင် အများပြည်သူ သယ်ယူပို့ဆောင်ရေးနှင့် စူပါမားကတ်များတွင် ပါးစပ်၊ နှာခေါင်းစည်းမဖြစ်မနေတပ်ဆင်ရမည့် အမိန့်ကို ဖယ်ရှားပေးခြင်းလည်းပါဝင်သည်။

လန်ဒန်မြို့ရှိ နိုက်ကလပ်များ မှာ ၁၆ လတာကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် ပြန် လည်ဖွင့်လှစ်ခွင့်ရပြီဖြစ်သည်။ ဗြိတိန်တွင် ကိုဗစ် -၁၉ ကူးစက်မှုများမှာ သိသိသာသာ မြင့်မားနေဆဲဖြစ်သည်။ အထူးသဖြင့် ဗီဇပြောင်းဒယ်လ်တာမျိုးရပ်စ်ကြောင့် ကူးစက်မှုများ သိသိသာသာ များပြားလာခြင်းဖြစ်သည်။

ယင်း အခြေအနေများ အောက်တွင် ကန့်သတ်ချက်များ ဖြေလျှော့ပေး လိုက်ခြင်းမှာ စွန့်စားလွန်းရာကျသည့် လှုပ်ရှားမှုဟု ကျွမ်းကျင်သူအချို့က ပြောသည်။ စိုးရိမ်မှုများနှင့် မသေချာမှုများမှာ ပြည်သူများကြားထဲတွင် ပျံ့နှံ့နေဆဲဖြစ်သည်။ လန်ဒန်ရှိ အချို့သော ဈေးဆိုင်များတွင် ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်ကြရန် ဝယ်သူများကို တောင်းဆိုထားသည်။

ဗြိတိန်ဝန်ကြီးချုပ်ဘောရစ်ဂျွန်ဆင်ကလည်း ပြည်သူများအနေဖြင့် မပေါ့ဆကြရန် သတိပေးထားသည်။ ဗြိတိန်ဝန်ကြီးချုပ်သည်လည်း ကိုဗစ်-၁၉ ကူးစက်ခံထားရသည့် ကျန်းမာရေးဝန်ကြီး ဆာဂျစ်ဂျာဗက်နှင့် အနီးကပ်ထိတွေ့ ထားမှုကြောင့် ဇူလိုင် ၂၆ရက်အထိ အသွားအလာ ကန့်သတ်ခံရမည်ဖြစ်သည်။

အင်န်အိတ်ချ်ကေ



လန်ဒန်မြို့တွင် လမ်းသွားလမ်းလာများကိုဇူလိုင် ၁၉ ရက်က တွေ့ရစဉ်။

# အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့အရှေ့ပိုင်း၌ ပေါက်ကွဲမှုဖြစ်ပွားရာ အနည်းဆုံး ၂၈ ဦးထက်မနည်း သေဆုံး

**ဘဂ္ဂဒက် ဇူလိုင် ၂၀**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အရှေ့ပိုင်း လူစည်ကားရာ ဈေးတစ်ခုတွင် ဇူလိုင် ၁၉ရက်က ပေါက်ကွဲမှု ဖြစ်ပွားခဲ့ရာ လူ ၂၈ဦးထက်မနည်း သေဆုံးပြီး လူပေါင်း ၆၀ဦးဒဏ်ရာရရှိခဲ့သည်ဟုအီရတ်ပြည်ထဲရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ သိရသည်။

ဆာ့ဒ်ဈေးတွင် ပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီး အနီးအနားရှိ ဈေးဆိုင်များနှင့် အဆောက်အအုံအချို့ ပျက်စီးသွားရသည်ဟု မျက်မြင်သက်သေများက ပြောသည်။

အီရတ်ဝန်ကြီးချုပ် မုစတာဖာ အယ်ခါဒ်ဟီမီက လုံခြုံရေးနှင့် ထောက်လှမ်းရေး အဖွဲ့ဝင်များကို ခေါ်ယူခဲ့ပြီး ပေါက်ကွဲမှုနှင့် ပတ်သက်၍ အရေးပေါ်အစည်းအဝေးပြုလုပ်ခဲ့သည်။

အဆိုပါ အစည်းအဝေးတွင် အကြမ်းဖက်သမားများကို နိုင်ငံအနှံ့လိုက်လံရှာဖွေမည်ဟု ဝန်ကြီးချုပ်က သေဆုံးသွားသည့်မိသားစုဝင်များထံ ကတိပြုပြောကြားခဲ့သည်။ အီရတ်နိုင်ငံတွင် လုံခြုံရေးအဆင့်အတန်း တိုးမြှင့်လုပ်ဆောင်ပြီးနောက် ဘဂ္ဂဒက်မြို့တွင် ယခုလို ဗုံးပေါက်ကွဲမှုမှာ ဖြစ်တောင့်ဖြစ်ခဲဖြစ်စဉ်ဖြစ်သည်။

အခင်းဖြစ်ပွားမှုနှင့် ပတ်သတ်၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ပြီးနောက်တွင် သတင်းအချက်အလက်များကို မျှဝေပေးသွားမည်ဟုလည်း အီရတ်အာဏာပိုင်များက သတင်းထုတ်ပြန်ခဲ့သည်။ ယခုအချိန်အထိ ပေါက်ကွဲမှုနှင့် ပတ်သက်၍ တိကျသည့် အထောက်အထား ရှာမတွေ့သေးချေ။

ဆင်ဟွာ



ပေါက်ကွဲမှုကြောင့် ပျက်စီးနေသည့် ဈေးဆိုင်များကို တွေ့ရစဉ်။

# ဆီးရီးယားနိုင်ငံ အလက်ပိုမြို့ စစ်ဘက်ဆိုင်ရာစခန်းများကို ပစ်မှတ်ထားကာ အစ္စရေးတိုက်ခိုက်

**ဒမတ်စကတ် ဇူလိုင် ၂၀**

ဆီးရီးယားနိုင်ငံမြောက်ပိုင်း အလက်ပိုရှိ စစ်ဘက်ဆိုင်ရာစခန်းများကိုပစ်မှတ်ထားကာ အစ္စရေးဘက်မှ ဒုံးကျည်ပစ်ခတ်မှုများပြုလုပ်ခဲ့သည်ဟု ဆာနားသတင်းအေဂျင်စီတွင် ဖော်ပြထားသည်။

အလက်ပိုတောင်ပိုင်းရှိ ဆာဖီရာရှိ စစ်ဘက်စခန်းများကို ပစ်မှတ်ထားကာ တိုက်ခိုက်မှု ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ပစ်မှတ်မထိမီ လေကြောင်းရန် ကာကွယ်ရေးစနစ်ဖြင့် အချို့သောဒုံးကျည်များကို ပစ်ချနိုင်ခဲ့သည်ဟု ဆာနားသတင်းဌာနတွင် ဖော်ပြထားသည်။

အစ္စရေးတို့သည် ဆီးရီးယားရှိ စစ်ဘက်စခန်းများမှာ အီရန်က ကျောထောက်နောက်ခံပေးထားသည့် စစ်သွေးကြွများဟုဆိုကာ မကြာခဏဆိုသလို ပစ်မှတ်ထားကာ တိုက်ခိုက်လေ့ရှိသည်။

ဆင်ဟွာ

# ကာကွယ်ဆေးနှစ်ကြိမ်ထိုးထားသည့် အမေရိကန်ခရီးသွားများ ဩဂုတ် ၉ ရက်မှ စတင်၍ ကနေဒါသို့ လာရောက်နိုင်

**အော့တဝါ ဇူလိုင် ၂၀**

ဩဂုတ်လ ၉ ရက်မှစတင်ကာ ကာကွယ်ဆေး နှစ်ကြိမ်လုံးထိုးထားသည့် အမေရိကန်ခရီးသွားများနှင့် အမြဲတမ်းနေထိုင်ခွင့် ရရှိထားသူများကို ကနေဒါနိုင်ငံသို့ လာရောက်ခွင့်ပြုမည်ဟု ကနေဒါအစိုးရက ဇူလိုင် ၁၉ ရက်တွင် ကြေညာခဲ့သည်။

### ကြေညာခဲ့

၂၀၂၀ မတ် ၂၁ ရက်မှစတင်ကာ အမေရိကန်-ကနေဒါနယ်စပ်ကို ကန့်သတ်ထားခြင်းဖြစ်ပြီး လစဉ်လတိုင်းလည်း ကန့်သတ်ချက်သတ်မှတ်ကာလကို တိုးမြှင့်ကြောင်း ကြေညာခဲ့ကြသည်။

### ဆက်လက်သက်တမ်းတိုးထား

ကနေဒါမှ အိန္ဒိယသို့ ပျံသန်းမည့် စီးပွားရေးနှင့် သီးသန့်လေကြောင်း လိုင်းများကိုမူ ဧပြီ ၂၂ ရက်မှစတင်ကာ ပိတ်ပင်ထားခဲ့ခြင်းဖြစ်ပြီး ယခုအခါတွင်လည်း ဗီဇပြောင်းဒယ်လ်တာကူးစက်မှုများပြားနေသည့်အတွက် ဆက်လက်သက်တမ်းတိုးထားသည်ဟု သိရသည်။

ဆင်ဟွာ

# အာဖဂန်နစ္စတန် သမ္မတနန်းတော်သို့ပစ်မှတ်ထားကာ ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်

**ကဘူးလ် ဇူလိုင် ၂၀**

ကဘူးလ်မြို့၌ ဇူလိုင် ၂၀ရက်က သမ္မတနန်းတော် တည်ရှိရာနေရာသို့ ပစ်မှတ်ထား၍ ဒုံးကျည်ပစ်ခတ်မှုများ ပေါ်ပေါက်ခဲ့သော်လည်း ပစ်မှတ်နှင့် လွဲချော်ခဲ့သည်ဟု မီဒီယာများတွင် ဖော်ပြကြသည်။ ယခုအချိန်အထိ ပျက်စီးဆုံးရှုံးမှုများကို မသိရသေးချေ။

သမ္မတနန်းတော် အနီးတွင် ပေါက်ကွဲမှု ဖြစ်ပေါ်ခဲ့သည်ဟု မီဒီယာများတွင် ဖော်ပြကြသည်။ ပါဝန်ပြည်နယ် ရဲခရိုင် အမှတ် ၄ လမ်းပေါ်တွင် စွန့်ပစ်ထားသည့် ကားပေါ်မှနေ၍ ဒုံးကျည်ပစ်ခတ်မှုများ ပြုလုပ်ခဲ့ပြီး ဇူလိုင် ၂၀ရက် ဒေသစံတော်ချိန်နံနက် ၈နာရီတွင် ပစ်ခတ်ခဲ့ခြင်း ဖြစ်သည်ဟု



ကားပေါ်မှတစ်ဆင့် ဒုံးကျည်ပစ်ခတ်မှုပြုလုပ်ခဲ့ရာ အဆိုပါ ကားပျက်စီးနေသည်ကို တွေ့ရစဉ်။

ပြည်ထဲရေးဝန်ကြီးဌာနက ပြောသည်။ သမ္မတနန်းတော်ပြင်ပတွင် အပျက်အစီးများမှာ ကြောက်မက်ဖွယ်ကောင်းလှသည်ဟု ၎င်းက ဆက်ပြောသည်။

နောက်ထပ် အသေးစိတ် အချက်အလက်များ သိရန်မူ စောင့်ဆိုင်းရဦးမည် ဖြစ်သည်။

ယင်း တိုက်ခိုက်မှုနှင့် ပတ်သက်၍ မည်သည့်အုပ်စု၏ လက်ချက်ဖြစ်သည်ကိုမူ မသိရသေးချေ။

ဆင်ဟွာ

# ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အာရှ-ပစိဖိတ်နိုင်ငံများတွင် အကြီးအကျယ်ထိခိုက်ပျက်စီးလျက်ရှိ

**ဟောင်ကောင် ဇူလိုင် ၂၀**

ကိုဗစ်-၁၉ ကပ်ရောဂါသည် အာရှ-ပစိဖိတ်နိုင်ငံများတွင် အကြီးအကျယ် ထိခိုက်ပျက်စီးလျက်ရှိချိန်တွင် အိန္ဒိယနိုင်ငံ၌ ဇူလိုင် ၂၀ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားလျက်ရှိသူ ၃၀၀၉၃ ဦး ရှိလာခဲ့ပြီး အင်ဒိုနီးရှားနိုင်ငံတွင်လည်း တစ်နေ့အတွင်း သေဆုံးသူ စံချိန်တင်မြင့်တက်လာခဲ့သည်။

### အိန္ဒိယ

အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၃၀၀၉၃ ဦးအပါအဝင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၃၁၁၇၄၃၂၂ ဦးအထိ ရောက်ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်လိုက်သော အချက်အလက်များတွင် ဖော်ပြထားသည်။

ထို့အပြင် ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၃၇၄ ဦးနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၄၁၄၄၈၂ ဦးအထိ ရောက်ရှိလာခဲ့သည်။

### အင်ဒိုနီးရှား

အင်ဒိုနီးရှားနိုင်ငံတွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၃၈၃၂၅ ဦးရှိပြီး ၁၂၈၀ ထပ်မံသေဆုံးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြသည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားကတည်းက အဆိုပါပမာဏသည် တစ်နေ့တည်း အများဆုံးသေဆုံးသည့် ပမာဏဖြစ်သည်။

နောက်ဆုံး သတင်းအချက်အလက်များကို အခြေခံ၍ အရှေ့တောင်အာရှ နိုင်ငံတစ်နိုင်ငံဖြစ်သော အင်ဒိုနီးရှားနိုင်ငံ၏ စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၂ ဒသမ ၉၅ သန်းရှိလာခဲ့ပြီး ကိုဗစ်-၁၉ ကြောင့် ဆက်စပ်သေဆုံးသူ ၇၆၂၀၀ ရှိလာခဲ့သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာပြီး ဆေးရုံမှဆင်းလာသူ ၃၂၂၁၇ ဦး ရှိလာသောကြောင့် စုစုပေါင်း ကိုဗစ်-၁၉ မှ ပြန်လည်ကောင်းမွန်လာသူ ၂၂၉၃၈၇၅ ဦးအထိ ရောက်ရှိလာသည်။

အရှေ့တောင်အာရှနိုင်ငံ တစ်နိုင်ငံဖြစ်သော အင်ဒိုနီးရှားနိုင်ငံသည် ၎င်း၏ ကာကွယ်ဆေးထိုးအစီအစဉ်ကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိသည်။

### မလေးရှား

မလေးရှားနိုင်ငံတွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၂၃၆၆ ဦးရှိလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၉၃၉၈၉၉ ဦးအထိ ရောက်ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ဖော်ပြလိုက်သည်။

ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် နော်ဟီရှန်အဗ္ဗဒူလာက ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ရှစ်ဦးမှာ ပြည်ပကူးစက်မှုဖြစ်ပြီး ၁၂၃၅၈ ဦးမှာ ပြည်တွင်းကူးစက်မှုဖြစ်ကြောင်း ပြောကြားခဲ့သည်။

နောက်ထပ် ၉၃ ဦး ကိုဗစ်-၁၉ ကြောင့် သေဆုံးကြောင်း ဖော်ပြမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၇၂၄၁ ဦး ရှိလာခဲ့ပြီဖြစ်သည်။



မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးရန် တန်းစီစောင့်ဆိုင်းနေသည်ကို တွေ့ရစဉ်။



အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ စမ်းသပ်ရန် နှာခေါင်းတို့ဖတ်နမူနာ ရယူနေသည်ကို တွေ့ရစဉ်။

### ဖိလစ်ပိုင်

ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာနက ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၄၅၁၆ ဦး ရှိကြောင်း ဖော်ပြမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၅၁၇၉၀၃ ဦးအထိ ရောက်ရှိလာခဲ့သည်။

ကိုဗစ်-၁၉ ကြောင့် နောက်ထပ် ၅၈ ဦး ထပ်မံသေဆုံးမှုနှင့်အတူ စုစုပေါင်း သေဆုံးသူ ၂၆၈၄၄ ဦးအထိ ရောက်ရှိလာခဲ့သည်။

### ပါကစ္စတန်

ပါကစ္စတန်နိုင်ငံတွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၂၁၄၅ ဦး ရှိလာပြီးနောက် စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၉၉၃၈၇၂ ဦးအထိ ရှိလာခဲ့ပြီး စတုတ္ထလှိုင်း ဂယက်ထပ်မံရိုက်ခတ်လာမည်ကို စိုးရိမ်လျက်ရှိသည်။

ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၃၇ ဦး ရှိလာပြီးနောက် စုစုပေါင်း သေဆုံးသူ၂၂၈၄၈ ဦး သေဆုံးခဲ့ပြီး ကိုဗစ်-၁၉ အသည်းအသန်ဖြစ်နေသူ ၂၆၉၇ ဦးရှိသည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာပြီး ဆေးရုံမှ ဆင်းလာသူပေါင်း ၉၂၁၀၉၅ ဦး ရှိလာခဲ့သည်။

### တောင်ကိုရီးယား

တောင်ကိုရီးယားနိုင်ငံတွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၂၇၈ ဦး ရှိလာပြီး စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၈၀၄၈၁ ဦးအထိ ရောက်ရှိလာခဲ့သည်။

ထပ်မံဖြစ်ပွားသော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူများမှာ ဆိုးလ်ဒေသခံများနှင့် ချုံဂျီပြည်နယ်တို့မှ အများဆုံးဖြစ်သည်။

ကိုဗစ်-၁၉ ကြောင့် တစ်ဦး ထပ်မံသေဆုံးခဲ့သောကြောင့် စုစုပေါင်းသေဆုံးသူ ၂၀၅၉ ဦးအထိ ရောက်ရှိလာသည်။

### ကမ္ဘောဒီးယား

ကမ္ဘောဒီးယားနိုင်ငံတွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၈၂၅ ဦးရှိလာပြီးနောက် စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၆၈၇၉၆ ဦးအထိ ရောက်ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

ကိုဗစ်-၁၉ ကြောင့်ထပ်မံသေဆုံးသူ ၂၁ ဦး ရှိလာပြီးနောက် စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၁၁၄၉ ဦးအထိ ရောက်ရှိလာခဲ့ပြီး ကိုဗစ်-၁၉ မှ ပြန်လည်ကောင်းမွန်လာသူ ၆၁၀၃၉ ဦးရှိလာပြီဖြစ်သည်။

ဆင်ဟွာ

# ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ငါးသိန်းခွဲခန့်ရှိလာ

**ရီယိုဒီဂျနေးရိုး ဇူလိုင် ၂၀**

ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၆၆၃ ဦး ရှိလာမှုနှင့်အတူ စုစုပေါင်း သေဆုံးသူ ၅၄၂၈၇၇ ဦးအထိ ရောက်ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြလိုက်သည်။

ထို့အပြင် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၅၂၇၁ ဦး ရှိလာကြောင်း ဖော်ပြမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၉၃၉၁၈၄၅ ဦး ရှိလာခဲ့သည်။

လွန်ခဲ့သော ခုနစ်ရက်က နေ့စဉ် ပျမ်းမျှသေဆုံးမှုသည် ၁၂၄၇ ဦးအထိ ကျဆင်းလာခဲ့သည်။

ပြည်နယ်ခုနစ်ခု၏ မြို့နယ်များတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများ မြင့်တက်လာခဲ့သည်။

ဘရာဇီးနိုင်ငံ၌ ၈၈ ဒသမ ၇ သန်း ကိုဗစ်-၁၉ ကာကွယ်ဆေး အနည်းဆုံး တစ်ကြိမ် ထိုးနှံမှု ခံယူပြီးပြီဖြစ်ပြီး ၃၃ ဒသမ ၇ သန်းမှာ အပြည့်အဝ ကာကွယ်ဆေး ထိုးနှံခဲ့ပြီးဖြစ်သည်။ **ဆင်ဟွာ**



ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးနေစဉ်။

### ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ
### ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

## ကိုရိုနာဗိုင်းရပ်စ် (ကိုဗစ်–၁၉) ရောဂါ၏ နောက်ဆက်တွဲဆိုးကျိုးများ

ကိုရိုနာဗိုင်းရပ်စ် (ကိုဗစ်–၁၉)ရောဂါဖြစ်ပွားလျှင် ရောဂါပြင်းထန်သည့်လူနာ (၂၀%) ခန့်သည် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူရန်လိုအပ်ပြီး အဆိုပါ (၂၀%)တွင် (၅%) ခန့်သည် အထူးကြပ်မတ်ကုသမှုခံယူရပြီး အသက်သေဆုံးသည်အထိ ဖြစ်ပွားနိုင်ပါသည်။

**နောက်ဆက်တွဲ ရေရှည်ဆိုးကျိုးများအနေဖြင့် –**

- နှလုံးကြွက်သားများထိခိုက်ပျက်စီးပြီး နှလုံးကောင်းစွာအလုပ်မလုပ်နိုင်တော့ခြင်းနှင့် အခြားနှလုံးရောဂါများ ခံစားလာရနိုင်ခြင်း၊
- အဆုတ်အတွင်းရှိ လေအိတ်ငယ်များကိုပျက်စီးစေပြီး အဆုတ်တွင် အမာရွတ်များကျန်ခဲ့၍ နောက်ဆက်တွဲ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ ဖြစ်ပွားနိုင်ခြင်း၊
- ဦးနှောက်နှင့်အာရုံကြောရောဂါများဖြစ်သော လေဖြတ်ရောဂါ၊ အတက်ရောဂါ၊ ယာယီအကြောသေရောဂါ(Guillain–Barre syndrome) များ ဖြစ်ပွားခြင်းနှင့် ပါကင်စန်ရောဂါ (Parkinson )နှင့် အယ်ဇိုင်းမား (Alzheimer) ရောဂါများ ဖြစ်ပွားနိုင်ခြေမြင့်တက်ခြင်း၊
- ခန္ဓာကိုယ်ရှိ သွေးကြောများအတွင်း သွေးခဲခြင်းများဖြစ်ပေါ်၍ ဦးနှောက်သွေးခဲခြင်း၊ နှလုံးသွေးကြောများပိတ်ခြင်း၊ ခြေထောက်သွေးပြန်ကြောများပိတ်ခြင်း (Deep Vein Thrombosis) တို့အပြင် အသည်းနှင့်ကျောက်ကပ်ရောဂါများ ဖြစ်ပွားခြင်း၊
- ရောဂါများပြန်လည်သက်သာလာသော်လည်း အထူးကြပ်မတ်ကုသဆောင်တွင် ကာလရှည်ကြာ ကုသမှုခံယူခဲ့ရသည့်အတွက် စိတ်ပိုင်းဆိုင်ရာထိခိုက်ခြင်း၊ စိတ်ဓာတ်ကျခြင်း၊ စိုးရိမ်ပူပန်စိတ်များခြင်းတို့ ဖြစ်ပွားနိုင်ပါသည်။
- သက်ကြီးဘိုးဘွားများနှင့် နာတာရှည်ရောဂါရှိသူများတွင် အလွန်အမင်းမောပန်းခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ ခေါင်းကိုက်ခြင်း၊ အဆစ်အမျက်များ နာကျင်ကိုက်ခဲခြင်း စသည့်ရောဂါလက္ခဏာများကို ပိုမိုပြင်းထန်စွာ ကာလရှည်ကြာ ခံစားရနိုင်ပါသည်။




### ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာနှင့် ထိတွေ့ခဲ့သူများနှင့် ကိုဗစ်-၁၉ ရောဂါ သံသယလက္ခဏာရှိသူများအား ကျန်းမာရေးစောင့်ရှောက်ခံယူနိုင်ရန် စီစဉ်ထားရှိမှုပုံစံ




* လူနာ၏ ရောဂါလက္ခဏာအပေါ်မူတည်၍ တက်ရောက်ကုသမှုခံယူရမည့်နေရာအား ဆုံးဖြတ်ပါမည်။

### ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာနှင့် ထိတွေ့ခဲ့သူများနှင့် ကိုဗစ်-၁၉ ရောဂါ သံသယရှိသူများအား ကျန်းမာရေးစောင့်ရှောက်မှုခံယူနိုင်ရန် စီစဉ်ထားရှိမှုပုံစံအား ရှင်းလင်းချက်

၁။ ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာနှင့် ထိတွေ့ခဲ့သူ (သို့မဟုတ်) ထိတွေ့ခဲ့သည်ဟု သံသယရှိသူများနှင့် ကိုဗစ်–၁၉ ရောဂါ သံသယလက္ခဏာခံစားနေရသူများအနေဖြင့် ရှေးဦးစွာ မိမိတို့၏ သက်ဆိုင်ရာမြို့နယ်များရှိ ဒေသန္တရကျန်းမာရေးဌာန (သို့မဟုတ်) မြို့နယ်ဆေးရုံများသို့ သွားရောက်၍ သတင်းပေးပို့ရပါမည်။

၂။ ထို့နောက် မြို့နယ်ဒေသန္တရ (သို့မဟုတ်) ပြည်သူ့ဆေးရုံများ၊ ဓာတ်ခွဲစစ်ဆေးရေးစင်တာများနှင့် ပုဂ္ဂလိကဓာတ်ခွဲစစ်ဆေးရေးဆေးခန်းများ၌ ဓာတ်ခွဲစစ်ဆေးမှုများအား ဆက်လက်ဆောင်ရွက်သွားပါမည်။

၃။ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာများအနေဖြင့် မိမိတို့၏ မြို့နယ်/ တိုင်းဒေသကြီး/ ပြည်နယ် ကျန်းမာရေးကော်မတီသို့ ပြန်လည်သတင်းပေးပို့ရမည်ဖြစ်ပြီး ၎င်းမှတစ်ဆင့် ပြည်သူ့ဆေးရုံများသို့ လူနာတက်ရောက်ကုသမှုခံယူနိုင်ရေး စီမံခန့်ခွဲမှုကော်မတီ၏ အစီအစဉ်ဖြင့် သက်ဆိုင်ရာ ပြည်သူ့ဆေးရုံများ၊ ကိုဗစ်–၁၉ ရောဂါ ကုသရေးစင်တာများသို့ ပို့ဆောင်ပေးသွားမည်ဖြစ်ပါသည်။

၄။ သို့ရာတွင် ကိုဗစ်–၁၉ ရောဂါ ပြင်းထန်လက္ခဏာရှိသူများနှင့် အရေးပေါ်လူနာများအနေဖြင့် သက်ဆိုင်ရာ ပြည်သူ့ဆေးရုံများနှင့် ကိုဗစ်–၁၉ ရောဂါ ကုသရေးစင်တာများသို့ တိုက်ရိုက်သွားရောက်၍ ကုသမှုခံယူနိုင်မည်ဖြစ်ပါသည်။

၅။ ပြည်သူ့ဆေးရုံများနှင့် ကိုဗစ်–၁၉ ရောဂါ ကုသရေးစင်တာများအနေဖြင့် အရေးပေါ်လူနာတက်ရောက်ကုသမှုအား ပြည်သူ့ဆေးရုံများသို့ လူနာတက်ရောက်ကုသမှုခံယူနိုင်ရေး စီမံခန့်ခွဲမှုကော်မတီသို့ ဆက်လက်သတင်းပေးပို့သွားရမည် ဖြစ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# ဆွမ်ပရာဘွမ်မြို့နယ်၌ ကျန်းမာရေးစစ်ဆေးရေးဂိတ် ပြန်လည်ထားရှိပြီး ယာဉ်ဖြတ်သန်းသွားလာချိန် ကန့်သတ်ခြင်းနှင့် Mask Campaign ဆောင်ရွက်



ဆွမ်ပရာဘွမ် ဇူလိုင် ၂၀

ကချင်ပြည်နယ် ပူတာအိုခရိုင် ဆွမ်ပရာဘွမ်မြို့နယ်၌ ကျန်းမာရေးစစ်ဆေးရေးဂိတ်ကို မြစ်ကြီးနား - ဆွမ်ပရာဘွမ်- ပူတာအိုကားလမ်း ဆွမ်ပရာဘွမ်မြို့အဝင် ချစ်သူတံတားအနီးတွင် ဇူလိုင် ၂၀ ရက် နံနက် ၇ နာရီခွဲမှစ၍ ကျန်းမာရေးစစ်ဆေးရေးဂိတ်ကို ပြန်လည်စတင်ဖွင့်လှစ်ခဲ့သည်။

ကျန်းမာရေးစစ်ဆေးရေးဂိတ်တွင် ခရီးသွားပြည်သူများအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ခရီးသွားရာဇဝင်များ မှတ်တမ်းထားရှိခြင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော ကိုဗစ်- ၁၉ စည်းကမ်းချက်များနှင့် အညီ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းနှင့် ကျန်းမာရေးစစ်ဆေးရေးဂိတ်ကို နံနက် ၇ နာရီခွဲမှ ညနေ ၆ နာရီအထိ ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်မြင့်နှင့် အဖွဲ့ဝင်များ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ကျန်းမာရေးဂိတ်ဖွင့်လှစ်နေမှုများအား စစ်ဆေးပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် ဇနီး မိသားစုက အလှူငွေကျပ် တစ်သိန်းနှင့် ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံအတွက် ငွေကျပ်တစ်သိန်းတန်ဖိုးရှိ ဆေးပစ္စည်းများကိုလည်းကောင်း၊ မေခသစ္စာကုမ္ပဏီမှ အလှူငွေကျပ် ကိုးသောင်းကို လည်းကောင်း လှူဒါန်းခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကော်မတီဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ကျန်းမာရေးစစ်ဆေးရေး ဂိတ်ရှေ့၊ စည်ပင်သာယာဈေးရှေ့၊ လမ်းဆုံနေရာများတွင် Mask Campaign ပြုလုပ်၍ ခရီးသွားပြည်သူများနှင့် မြို့နေပြည်သူများအား နှာခေါင်းစည်း ၁၀၀ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အုတ်တွင်းမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရေးလုပ်ငန်းများ နေ့စဉ်ဆောင်ရွက်နေ

အုတ်တွင်း ဇူလိုင် ၂၀

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်သည် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုပမာဏ များပြားလျက်ရှိ၍ Stay at Home အဖြစ် ထုတ်ပြန် ကြေညာခဲ့ပြီးနောက် မြို့ပေါ်ရှိ ရပ်ကွက်များ၊ ကျေးရွာအုပ်စုဒေသအလိုက် သိရှိလိုက်နာဆောင်ရွက်ရန် ကိစ္စရပ်များနှင့် အရေးယူဆောင်ရွက်ခြင်းလုပ်ငန်းများကို ဇူလိုင် ၁၇ ရက်မှစတင်ကာ မြို့နယ် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်၊ ကာကွယ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌ ဦးညီညီနှင့် ကော်မတီအဖွဲ့ဝင်များက ဆောင်ရွက်လျက်ရှိသည်။ **(အောက်ပုံ)**

ထိုသို့ ဆောင်ရွက်ရာတွင် Mask Campaign ဆောင်ရွက်ခြင်း၊ ဒဏ်ငွေပေးဆောင်စေခြင်းနှင့် မြို့ဝင်၊ မြို့ထွက်ဂိတ်များ၌ ကျန်းမာရေးစစ်ဆေးဆောင်ရွက်မှုများကိုလည်း နေ့စဉ်ဆောင်ရွက်ပေးနေကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

"Stay at Home ထုတ်ပြန်ထားတဲ့အခါမှာ ပြည်သူတွေအနေနဲ့ မလိုအပ်ဘဲ အိမ်ပြင်မထွက်ကြဖို့ မဖြစ်မနေ သွားရမယ်ဆိုရင်လည်း သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးတွေရဲ့ ထောက်ခံချက်နဲ့ သွားလာကြဖို့ကို ကျွန်တော်တို့ နေ့စဉ်ဆောင်ရွက်ပေးနေပါတယ်" ၎င်းက ဆက်လက်ပြောကြားသည်။

အုတ်တွင်းမြို့နယ်တွင် ဇူလိုင် ၁၇ ရက်မှ ၂၅ ရက်အထိ အသွားအလာ ကန့်သတ်ထားသည့်ကာလအတွင်း ဆေးနှင့် ဆေးပစ္စည်းအရောင်းဆိုင်၊ စားသောက်ကုန်ဆိုင်များကို ကိုဗစ်-၁၉ စည်းကမ်းနှင့်အညီ ဖွင့်လှစ်ရောင်းချ ခွင့်ပြုထားပြီး စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်များကို ပါဆယ်စနစ်ဖြင့်သာ ရောင်းချခွင့်ပြုထားသည့် စည်းကမ်းအတိုင်း လိုက်နာဆောင်ရွက်ရေးတို့ကို ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သန်းလွင်**



# ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူဖြစ်စေရန်အတွက် နှာခေါင်းစည်းများ ဖြန့်ဝေလှူဒါန်း



နေပြည်တော် ဇူလိုင် ၂၀

အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ ကိုဗစ်- ၁၉ ရောဂါကာကွယ်ရေး အထောက်အကူဖြစ်စေရန်အတွက် ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းနှင့် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့တို့ရှိ လူစည်ကားရာ ဘုရားစေတီများ၊ ရပ်ကွက်များ၊ ဈေးများ၊ လမ်းများ၌ ပြည်သူများအား သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ တပ်နယ်အသီးသီးမှ နယ်မြေခံတပ်မတော်သားများက ဌာနဆိုင်ရာ ဝန်ထမ်းများနှင့်အတူ နှာခေါင်းစည်း ၃၄၀၀ ကို ပြည်သူများ၏ လက်ဝယ်အရောက် အခမဲ့ ဖြန့်ဝေလှူဒါန်းကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကန့်ဘလူ၌ အောက်ဆီဂျင်စက် / အိုး ဝယ်ယူဖြစ်မြောက်ရေးအတွက် စေတနာရှင်အလှူရှင်များက ပါဝင်လှူဒါန်းလျက်ရှိ

ကန့်ဘလူ ဇူလိုင် ၂၀

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့တွင် ကိုဗစ်- ၁၉ ရောဂါ ခေတ်ခွဲအတည်ပြုပိုးတွေ့လူနာများ၊ သီးသန့်စောင့်ကြည့်ရမည့်သူများနှင့် အောက်ဆီဂျင်လိုအပ်သူများအတွက် မြို့နယ်အောက်ဆီဂျင်စက်/အိုးဖြစ်မြောက်ရေးကော်မတီက မြို့ပေါ်ရပ်ကွက်များတွင် အလှူခံလျက်ရှိရာ စေတနာရှင် အလှူရှင်များ၊ ဆရာတော်သံဃာတော်များက ပါဝင်လှူဒါန်းကြရာ ယနေ့အထိ ငွေကျပ် သိန်း ၁၇၀ ခန့် အလှူခံရရှိပြီဖြစ်ကြောင်း သိရသည်။

"အခြားမြို့နယ်များမှာ အောက်ဆီဂျင်လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်နေတာသိရတဲ့အတွက် ကျွန်တော်တို့မြို့မှာလည်း လိုအပ်ရင် အရန်သင့်အသုံးပြုနိုင်ရန် အောက်ဆီဂျင် ဆလင်ဒါ လီတာ ၄၀ အိုး ၅၀ မှာထားပါတယ်။ တစ်လုံးကို ငွေကျပ် သုံးသိန်းခန့်ရှိပါတယ်။ ဒီအောက်ဆီဂျင်အိုးတွေကိုတော့ ကော်မတီကပဲ ထိန်းသိမ်းထားမှာပါ"ဟု မြို့နယ်အောက်ဆီဂျင်စက် /အိုးဖြစ်မြောက်ရေးကော်မတီဝင် ဦးဌေးက ပြောသည်။

ထို့ပြင် အောက်ဆီဂျင်စက် တစ်လုံးလျှင် ငွေကျပ် သိန်း ၂၀ ခန့်ရှိပြီး နှစ်ဦးအသုံးပြုနိုင်သည့် အောက်ဆီဂျင်စက် ၁၀ လီတာ နှစ်လုံးမှာယူထားရာ မကြာမီရောက်ရှိမည်ဖြစ်ကြောင်း၊ အောက်ဆီဂျင်လိုအပ်သည့်လူနာများ အကူအညီတောင်းခံရန်နှင့် စေတနာရှင်အလှူရှင်များ ဆက်သွယ်လှူဒါန်းလိုပါက ဦးဌေး (၀၉- ၇၉၁၇၂၀၃၀၅)၊ ဦးစိန်လင်း (၀၉- ၄၀၀၄၄၈၄၈၄)၊ ဦးအောင်ကိုမြင့်(မိုးပျံ) (၀၉- ၄၀၀၄၃၄၉၈၈၇)တို့ထံ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## ၂၀ -၇ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုးကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၅၀၁၈၆၀၀ | ၂၉၄၀၆၂၀၂ | ၆၂၄၉၈၃ |
| ၂။ | အိန္ဒိယ | ၃၁၁၇၄၃၂၂ | ၃၀၃၅၃၇၁၀ | ၄၁၄၅၁၃ |
| ၃။ | ဘရာဇီး | ၁၉၃၉၁၈၄၅ | ၁၈၀၆၇၀၈၀ | ၅၄၂၈၇၇ |
| ၄။ | ရုရှား | ၆၀၀၆၅၃၆ | ၅၃၈၂၂၁၃ | ၁၄၉၉၂၂ |
| ၅။ | ပြင်သစ် | ၅၈၇၁၈၈၁ | ၅၆၆၁၃၅၂ | ၁၁၁၄၉၂ |
| ၆။ | တူရကီ | ၅၅၃၇၃၈၆ | ၅၃၉၀၇၃၉ | ၅၀၆၀၄ |
| ၇။ | ဗြိတိန် | ၅၄၇၃၄၇၇ | ၄၄၀၄၄၆၅ | ၁၂၈၇၂၇ |
| ၈။ | အာဂျင်တီးနား | ၄၇၆၉၁၄၂ | ၄၄၀၇၈၁၅ | ၁၀၁၉၅၅ |
| ၉။ | ကိုလံဘီယာ | ၄၆၅၅၉၂၁ | ၄၄၀၈၀၂၆ | ၁၁၆၇၅၃ |
| ၁၀။ | အီတလီ | ၄၂၈၉၅၂၈ | ၄၁၁၄၁၂၉ | ၁၂၇၈၇၄ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၂၀ - ၇ - ၂၀၂၁

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၂၉၅၀၀၅၈ | ၂၃၂၃၆၆၆ | ၇၆၂၀၀ |
| ဖိလစ်ပိုင် | ၁၅၁၇၉၀၃ | ၁၄၄၄၂၅၃ | ၂၆၈၄၄ |
| မလေးရှား | ၉၃၉၈၉၉ | ၇၉၈၉၅၅ | ၇၂၄၁ |
| ထိုင်း | ၄၂၆၄၇၅ | ၂၉၆၂၀၈ | ၃၅၀၂ |
| မြန်မာ | ၂၄၀၅၇၀ | ၁၆၇၁၇၁ | ၅၅၆၇ |
| ကမ္ဘောဒီးယား | ၆၈၇၉၆ | ၆၁၀၃၉ | ၁၁၄၉ |
| စင်ကာပူ | ၆၃၄၄၀ | ၆၂၅၃၂ | ၃၆ |
| ဗီယက်နမ် | ၆၀၁၈၀ | ၁၁၀၄၇ | ၃၃၄ |
| လာအို | ၃၇၁၀ | ၂၁၇၄ | ၅ |
| ဘရူနိုင်း | ၃၀၅ | ၂၆၁ | ၃ |

# ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ အသိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်



**နေပြည်တော် ဇူလိုင် ၂၀**

ကိုဗစ်-၁၉ ရောဂါတတိယလှိုင်း ဖြစ်ပွားလျက်ရှိပြီး ရောဂါကူးစက်ပြန့်ပွားမှုမှာ နေ့စဉ်မြင့်တက်လျက်ရှိသောကြောင့် ရောဂါကူးစက်မှုမခံရစေရေးအတွက် နေပြည်တော်ကောင်စီနယ်မြေ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၊ ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့များ၌ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ယနေ့တွင် အပြင်ထွက်တိုင်း နှာခေါင်းစည်းတပ်ရန်၊ လူစုလူဝေး ရှောင်ရှားရန်နှင့် မပြုလုပ်ရန်၊ လက်ကို ဆပ်ပြာနှင့် မကြာခဏ ဆေးကြောခြင်း၊ လက်သန့်ဆေးရည်ဖြင့် လက်ကိုသန့်စင်ခြင်းများ ပြုလုပ်ကြရန်၊ မလိုအပ်ဘဲ အိမ်အပြင်သို့ သွားရောက်ခြင်း မပြုလုပ်ရန်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ညွှန်ကြားချက်များ၊ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီမှ အသိပေးပန်ကြားချက်များကို တိကျစွာ လိုက်နာရန် စသည့် အသိပေးနှိုးဆော်မှုများကို(ယာဉ်ပုံ) ပြုလုပ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်

**ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ညွှန်ကြားချက်များအား မြို့နယ်အသီးသီး၌ နှိုးဆော်မှု မြင်ကွင်းများ**



နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်



ရခိုင်ပြည်နယ် မာန်အောင်မြို့နယ်



မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်



တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်



ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်



ရှမ်းပြည်နယ် ကျိုင်းတုံမြို့



နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်



ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်



ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်

# မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းအတွက် လိုအပ်သည့် အောက်ဆီဂျင် ထုတ်လုပ်နေမှု သွားရောက်ကြည့်ရှု

**မော်လမြိုင် ဇူလိုင် ၂၀**

မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးဇော်လင်းထွန်းနှင့် သက်ဆိုင်ရာ ဌာနအလိုက်တာဝန်ရှိသူများသည် ဇူလိုင် ၁၉ ရက် မွန်းလွဲ ၁ နာရီက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနှင့် စပ်လျဉ်း၍ အောက်ဆီဂျင်လိုအပ်သည့် ပိုးတွေ့လူနာများအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် အောက်ဆီဂျင်ထုတ်လုပ်နေသော နေရာများဖြစ်သည့် သံဖြူဇရပ်မြို့နယ် ပြည်သူ့ဆေးရုံသို့ရောက်ရှိ၍ အောက်ဆီဂျင်ထုတ်လုပ်နေမှုအခြေအနေကို သွားရောက်ကြည့်ရှုရာ (ယာပုံ) သံဖြူဇရပ်မြို့နယ် တပ်နယ်မှူးက လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့လူနာများအတွက် လိုအပ်သည့် အောက်ဆီဂျင် ထုတ်လုပ်နေမှု အခြေအနေကိုရှင်းလင်းပြောကြားပြီး ထပ်မံအောက်ဆီဂျင်အရည်ထုတ်လုပ်မည့်စက်ရုံ မြေနေရာ ကို ကြည့်ရှုသည်။

ဆက်လက်၍ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌသည် မုဒုံမြို့နယ်တွင် အောက်ဆီဂျင်အရည် ထုတ်လုပ်မည့် စက်ရုံမြေနေရာကို ကြည့်ရှု၍ လိုအပ်သည်များကို လမ်းညွှန်မှာကြားပြီး စက်ရုံတည်ဆောက်ရန်အတွက် အလှူငွေများလှူဒါန်းသည်။

မွန်ပြည်နယ်တွင် အောက်ဆီဂျင်လိုအပ်သည့် ကိုဗစ်-၁၉ ပိုးတွေ့လူနာများအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် အောက်ဆီဂျင်များ လုံလောက်မှုရှိရေး၊ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး အထူးအလေးထားဆောင်ရွက်လျက်ရှိပြီး ယခုအခါ သံဖြူဇရပ်မြို့နယ်တွင် တစ်နေ့လျှင် တစ်မိနစ်ကို လီတာ ၂၅၀ ဖြင့် ထုတ်လုပ်နိုင်ရန်အတွက်လည်းကောင်း၊ မုဒုံမြို့နယ်တွင်လည်း လိုအပ်သည့် အောက်ဆီဂျင်အရည် အလုံအလောက်ထုတ်ပေးနိုင်သည့် စက်ရုံကို တည်ဆောက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# ကျောက်ဆည်မြို့နယ်၌ အောက်ဆီဂျင်စက်ရုံ စတင်တည်ဆောက်

**ကျောက်ဆည် ဇူလိုင် ၂၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ အောက်ဆီဂျင်လိုအပ်မှုများ ဖြည့်ဆည်းပေးနိုင်ရေး ကြက်မင်းတွန်ရပ်ကွက် ရွှေစေတီ ကျောင်းတိုက်အတွင်း ဆရာတော် ဘဒ္ဒန္တပညာသာမိ ဦးဆောင်မှုဖြင့် စေတနာရှင်၊ အလှူရှင်များ၏ ထည့်ဝင်ငွေများဖြင့် ဇူလိုင် ၁၄ ရက်က စတင်ပြီး အောက်ဆီဂျင်စက်ရုံ ဆောက်လုပ်လျက်ရှိသည်။ (ယာပုံ)

အလှူရှင်များ၏ အလှူငွေများဖြင့် စုပေါင်းပြီးအောက်ဆီဂျင်စက်ရုံ ဆောက်လုပ်ခြင်းဖြစ်ကြောင်း၊ စက်ဝယ်ယူရန်အတွက် ငွေကျပ်သိန်း ၁၀၀၀ ကျော် ပေးချေပြီး ဖြစ်ကြောင်း၊ အောက်ဆီဂျင်ထွက် နှုန်းအနေဖြင့် တစ်နာရီ ၅၀ ကုဗမီတာ ဖြစ်သောကြောင့် အကြမ်းအားဖြင့် တစ်ရက်လျှင် လီတာ ၄၀ ဆံ့ အိုး ၂၀၀ အထက် ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ အဓိက ကျောက်ဆည်မြို့ ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ဆေးကုသနေသောအောက်ဆီဂျင် လိုအပ်သည့် လူနာများအတွက် ရည်ရွယ်ပြီး ဆောက်လုပ်ခြင်းဖြစ်ကြောင်း အောက်ဆီဂျင်စက်ရုံဖြစ်မြောက်ရေး ကော်မတီဝင်တစ်ဦးက ပြောသည်။

ကျောက်ဆည်မြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးတွင် ယနေ့နံနက်၉ နာရီအထိ ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ အမျိုးသား ၁၈၇ ဦး၊ အမျိုးသမီး ၁၄၆ ဦး၊ ကျန်းမာရေးကောင်းမွန်၍ ဆေးရုံမှ ပြန်လည်ဆင်းခွင့်ရရှိသူ အမျိုးသား ၁၃၀ ၊ အမျိုးသမီး ၇၆ ဦး၊ သေဆုံးသူ အမျိုးသား ၁၃ဦး၊ အမျိုးသမီးကိုးဦး၊ ဆေးဝါးဆက်လက်ကုသခံယူနေသူ အမျိုးသား ၄၄ ဦး၊ အမျိုးသမီး ၆၁ ဦး ရှိကြောင်း အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးမှ သိရသည်။

သက်မောင်(ကျောက်ဆည်)



# သုံးခွမြို့နယ်၌ အောက်ဆီဂျင်ထုတ်စက်ရုံ တည်ဆောက်မည်

**သုံးခွ ဇူလိုင် ၂၀**

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် သုံးခွမြို့နယ်တွင် ကိုဗစ်လူနာများနှင့် အောက်ဆီဂျင် အသုံးပြုနေရသူများ အောက်ဆီဂျင် လိုအပ်ချက်များပြားလာသဖြင့် အရေးပေါ် အသုံးပြုနိုင်ရန် အောက်ဆီဂျင်ထုတ်စက်ရုံတစ်ရုံ တည်ဆောက်မည်ဟု သိရသည်။

တစ်နေ့လျှင် အောက်ဆီဂျင်လီတာ ၄၀ ဆံ့အိုးအလုံး ၁၂၀ ဖြည့်တင်း ထုတ်လုပ်ပေးနိုင်သော အဆိုပါစက်ရုံကို သုံးခွ-သန်လျင် ကားလမ်းမဘေး သိုက်တူးကန်ကျေးရွာ(ရဲနွဲ့တာအနီး) ၄ ဒသမ ၉၄ ဧကရှိ ဘိုးဘွားရိပ်သာ၌ တည်ဆောက်မည်ဖြစ်ကာ ဦးအုန်းဆိုင်မိသားစု New Golden Gate(ခေတ်သစ်)ပွဲရုံ ခရမ်းမြို့နှင့်ဦးကျော်ဝင်းBright Light( လင်းလက်) ပဲမျိုးစုံ ရောင်းဝယ်ရေးကုမ္ပဏီမိသားစု၊ ကြက်တံဆိပ်မိသားစု သုံးခွမြို့တို့က လိုအပ်လျက်နေ သော ငွေကျပ်သိန်း ၉၀၀ ကျော် တန်ဖိုးရှိ အောက်ဆီဂျင်စက်ကို လှူဒါန်းရန် တရုတ်နိုင်ငံမှ ဝယ်ယူပြီးဖြစ်ကာ ဩဂုတ်လတွင် ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

ယခုအချိန်တွင် သုံးခွမြို့နယ်အတွင်းရှိ အလှူရှင်များမှ စုပေါင်းလှူဒါန်းသော ဘိုးဘွားရိပ်သာအတွင်း၌ ၃၁၅ ကေဗွီအေထရန်စဖော်မာ တစ်လုံးတပ်ဆင်ရန် ဆောင်ရွက်လျက်ရှိပြီး အောက်ဆီဂျင်ထုတ်စက်ထားရန် အဆောက်အအုံအတွက် ဦးဆာသရား-ဒေါ်လာလီသာ မိသားစု၊ ရတနာတောင် ကုမ္ပဏီလီမိတက်၊ စော်ဘွားကြီးကုန်းအင်းစိန် ရန်ကုန်မြို့မှ တစ်ဦးတည်းလှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

## တောင်တွင်းကြီးမြို့နယ်၌ အောက်ဆီဂျင်အခမဲ့ဖြန့်ဝေပေးနိုင်ရေး အလတ်စားအောက်ဆီဂျင်စက်ရုံ တည်ဆောက်သွားမည်

**တောင်တွင်းကြီး ဇူလိုင် ၂၀**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်တွင် ကိုဗစ်-၁၉ ကူးစက်ရောဂါဖြစ်ပွားမှုမြင့်မားနေသည့်ကာလအတွင်း အောက်ဆီဂျင်လိုအပ်နေသော လူနာများအား အောက်ဆီဂျင် အခမဲ့ဖြန့်ဝေပေးနိုင်ရန်အတွက် စိတ္တသုခလူမှုကူညီရေးအသင်းမှ ငွေကျပ်သိန်း ၁၅၀ မတည်၍ အောက်ဆီဂျင်စက်ရုံ အလတ်စား တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

"စက်အထိုင်ဧရိယာ ၂၄ ပေ ၈ ပေ အကျယ်ရှိတဲ့ အောက်ဆီဂျင် ထုတ်လုပ်တဲ့စက်ကို အလတ်စားလောက်ဝယ်ယူမှာပါ။ တစ်နေ့ကို လီတာ ၄၀ အိုး အလုံး ၄၀ မှ ၆၀ ထိ ထုတ်လို့ရမယ့် ငွေကျပ်သိန်း ၅၀၀ ခန့်ရှိတဲ့ စက်ဝယ်ဖို့ခန့်မှန်းထားပါတယ်။ လီတာ ၄၀ အိုးအလွတ် အလုံး ၅၀ အတွက် ငွေကျပ်သိန်း ၁၅၀ နဲ့ 100 KVA ထရန်စဖော်မာအတွက် ငွေကျပ်သိန်း ၁၀၀ စုစုပေါင်း ငွေကျပ်သိန်း ၇၅၀ လောက် မှန်းထားပါတယ်။ လတ်တလောအထိတော့ သိန်းလေးရာကျော်အလှူခံရရှိထားပါပြီ။ အသင်းက မတည်ငွေကျပ်သိန်း ၁၅၀ နဲ့ဆို ငွေကျပ်သိန်း ၅၅၀ လောက်ရှိနေပါပြီ။ အခုပိတ်ရက်တွေပြီးလို့ ဘဏ်တွေဖွင့်တာနဲ့ စက်မှာတော့မှာပါ။ ၄၅ ရက်အတွင်းပြီးစီးအောင် တည်ဆောက်သွားမှာပါ" ဟု တောင်တွင်းကြီးမြို့နယ် စိတ္တသုခလူမှုကူညီရေးအသင်း ဒု-ဥက္ကဋ္ဌ (၁) ဦးကျော်သာထက်က ပြောသည်။

စိတ္တသုခ လူမှုကူညီရေးအသင်းအနေဖြင့် လက်တလော အောက်ဆီဂျင်အခမဲ့ ဖြန့်ဝေပေးနေမှုကို တောင်တွင်းကြီးမြို့နယ် အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများ၊ တောင်တွင်းကြီးမြို့နယ်နှင့်နီးစပ်သည့် မကွေးမြို့နယ်အတွင်းမှ ကျေးရွာများ၊ နတ်မောက်မြို့နယ်၊ မြို့သစ်မြို့နယ်၊ ဆင်ပေါင်ဝဲမြို့နယ်နှင့် မိချောင်းရဲနယ်အထိ ဖြန့်ဝေပေးနေရပြီး ယခုတည်ဆောက်မည့် အောက်ဆီဂျင်စက်ရုံ ပြီးစီးသွားပါက တောင်တွင်းကြီးမြို့နယ်အတွက် လိုအပ်သည့်အောက်ဆီဂျင်ကို လုံလုံလောက်လောက် အခမဲ့ဖြန့်ဝေပေးသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# အမရပူရနှင့် တာချီလိတ်မြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂၀**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၇ ရက် နံနက် ၈ နာရီခွဲတွင် အမရပူရမြို့နယ် မြစ်ငယ်ဘူတာ၌ ရန်ကုန်မြို့ မလွကုန်းဘူတာမှ မြစ်ငယ်ဘူတာသို့ ဆိုက်ရောက်လာသည့် အမှတ် (923-B) အဆန် ရထားကို စစ်ဆေးရှာဖွေရာ တွဲအမှတ် GBHV-40768 တွင် ပဲခူးဘူတာမှ လူမဲ့တန်ဆာဖြင့် တင်ဆောင်လာသည့် အမိုနီယမ်နိုက်ထရိတ် အလေးချိန် ၁၄၉၅၀ ကီလိုကိုလည်းကောင်း(ယာပုံ)၊ အလားတူ ဇူလိုင် ၁၉ ရက် မွန်းလွဲပိုင်းတွင် တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက်တွင် မစုစန္ဒီဝင်းမောင်းနှင်ပြီး မဘူးဘလိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား



## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၁-၇-၂၀၂၁ ဗုဒ္ဓဟူးနေ့

### MRTV HD

- ၀၆:၀၀ ရတနသုတ်၊ မေတ္တသုတ်၊ ခန္ဓပရိတ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၇:၃၅ လေ့လာစရာစုံလင် အဖိမြန်မာပြည်တစ်ခွင်
- ၀၈:၃၅ ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးဆိုင်ရာဆောင်ရွက်ချက် များကြောင်းသိကောင်းစရာ
- ၀၉:၁၀ မွေးမြူရေးရာအဖြာဖြာ
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၁:၂၀ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၁၁:၄၅ ဆေးဘက်ဝင်ဟင်းသီးဟင်းရွက်နှင့် ကျန်းမာရေး
- ၁၃:၃၀ MRTV National News
- ၁၅:၀၀ Grade-11 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ 'ရူပဗေဒဘာသာရပ်'
- ၁၇:၃၅ MRTV Travelouge
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၀ ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးဆိုင်ရာဆောင်ရွက်ချက် များကြောင်းသိကောင်းစရာ
- ၁၉:၂၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'နှလုံးသားဒေါ်ဆောင်ရာ' (အပိုင်း-၂၇)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ ဝဿာန်ဒါဝီတေးသံသီ ဖျော်ဖြေမှုအစီအစဉ်
- ၂၁:၂၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'အိမ်ထောင်ရေးပညတ်ချက်များ' (အပိုင်း-၉)

### mitv

- 07:01 News
- 07:27 Discovering Tribes: Taung Yoe (Their Life and Customs)
- 07:50 Orchid Lover
- 08:01 Ngapali, Unique Spot To Relax
- 08:19 Xylophone's Home
- 08:41 Myanmar Delicate Artistic Handy Creations- The Making Procedure Of Goldsmith
- 08:57 Inn-Waing Waterfall
- 09:01 Next Generation "Skater"
- 09:10 TUK TUK In Myanmar (Pyin Oo Lwin)
- 09:27 Buddha - Dhita (Buddhist Nuns)
- 09:53 Tea
- 10:01 Shwe U Min Natural Cave In Kalaw
- 10:17 Traditional Customs of Holy Waso

### MRTV NRC

- **ကချင် (၀၆:၀၀ မှ ၀၈:၀၀)** ခြင်းတောင်းရက်လုပ်ခြင်းလက်မှုပညာ
- **ကယား (၀၈:၀၀ မှ ၁၀:၀၀)** သွေးချင်းတို့ရဲ့ရိုးရာယဉ်ကျေးမှုများဆီသို့
- **ဝကောကရင် (၁၀:၀၀ မှ ၁၁:၀၀)** အုပ်ဆောင်းပြုလုပ်ပုံ
- **အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)** ကရင်စာပေစကားပြောကြပါစို့(အပိုင်း-၂)
- **အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)** ပန်းချီဆရာစောထွန်းလင်းနှင့်တွေ့ဆုံမေးမြန်းခြင်း
- **ချင်း (လိုင်ဇိုး) (၁၃:၀၀ မှ ၁၄:၀၀)** ရာသီအလိုက်မွန်ရိုးရာပွဲတော်များ
- **ချင်း (ချိုး) ၁၄:၀၀ မှ ၁၅:၀၀)** လည်ပတ်ချင်စရာချုပ်ကျေးရွာ(အပိုင်း-၂)
- **မွန် (၁၅:၀၀ မှ ၁၇:၀၀)** ရာသီအလိုက်မွန်ရိုးရာပွဲတော်များ
- **ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)** မြန်မာပြည်တစ်လွှားလျှာထိအာထိ ရခိုင်ဟင်းလျာများ
- **ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)** ရှမ်းတိုင်းရင်းသားတို့ရဲ့ချစ်စရာ့ရိုးရာအိမ်ကလေး
- **ဝ (၂၁:၀၀ မှ ၂၃:၀၀)** တောင်ယာထမင်းဟင်းအကြောင်း

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ကြေညာချက် သတင်းများ
- ၁၀:၃၀ ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၅)
- ၁၁:၀၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ပေပေ့ငွေးချယ်မှု'
- ၁၁:၃၀ ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၆)

### MRTV SPORTS

- ၀၆:၀၀ အဖွင့်
- ၀၆:၁၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၁၀ Soccer View/ Weekly Sports Info
- ၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
- ၀၈:၀၀ ပြန်လည်ခံစားမြန်မာနေ့ရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- ၂၀:၀၀ ပြည်တွင်းသတင်း

MRTV Farmers' Channel MRTV FARMERS ကို နေ့စဉ် နံနက် (၆:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များမှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews

# ဖန်းမောက်မြို့နယ်၌ အောက်ဆီဂျင်ထုတ်စက်ဝယ်ယူရေး ညှိနှိုင်းစည်းဝေး



**ဖန်းမောက် ဇူလိုင် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ဖန်းမောက်မြို့နယ် စီမံအုပ်ချုပ်ရေးရုံး အစည်းအဝေးခန်းမ၌ ဇူလိုင် ၁၈ ရက်က မြို့နယ် ကိုဗစ်-၁၉ ကော်မတီနှင့် အလှူရှင်များ၊ ရပ်ကျေး အုပ်ချုပ်ရေးမှူးများ ခေါ်ယူ၍ ရောဂါဝေဒနာ အရေးပေါ် အခြေအနေများဖြစ်ပေါ်ပြီး အောက်ဆီဂျင်လိုအပ်မှု ရှိလာပါက အခက်အခဲ တစ်စုံတစ်ရာမရှိစေရေးတွက် အောက်ဆီဂျင်ထုတ်စက်ဝယ်ယူရေး ညှိနှိုင်းစည်းဝေးသည်။

အဆိုပါ စက်ဝယ်ယူတည်ဆောက်မည်ဆိုပါက အနည်းဆုံး ခန့်မှန်းကုန်ကျငွေကျပ်သိန်း ၆၀၀ ခန့် ကုန်ကျမည်ဖြစ်ပြီး ကနဦး မတည်ငွေကျပ်သိန်း ၁၀၀ ကို ဖန်းမောက်မြို့နေ ကိုဆန်းဘို မိသားစုက ထည့်ဝင်လှူဒါန်းပြီး မြို့နယ် ကိုဗစ်-၁၉ ကော်မတီနှင့် အလှူရှင်များ၊ ကော်မတီရန်ပုံငွေမှ ငွေကျပ်သိန်း ၂၉၀၊ စုစုပေါင်း ငွေကျပ်သိန်း ၃၉၀ ဖြင့် စတင်မှာယူဆောင်ရွက်ရန် စီစဉ်နေပြီဖြစ်ကြောင်းနှင့် မြို့နယ်အတွင်းတွင် နေထိုင်ကြသည့် ပြည်သူများအနေဖြင့် ထည့်ဝင်လှူဒါန်းလိုပါက မြို့နယ် ဆရာဝန်ကြီး ဖုန်း- ၀၉ - ၇၇၆၆၈၀၁၆၅ သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

အဆိုပါ စက်ကြီးတပ်ဆင်ပြီးပါက ကသာခရိုင်နှင့် ကောလင်းခရိုင်အတွင်းရှိ ကသာ၊ အင်းတော်၊ ထီးချိုင့်၊ ဝန်းသို၊ ပင်လည်ဘူး၊ ကောလင်းမြို့နယ်များကိုလည်း လိုအပ်သည့် အတိုင်းအတာအရ အောက်ဆီဂျင်ဘူးများ မျှဝေပေးနိုင်မည်ဖြစ်ကြောင်း မြို့နယ် ဆရာဝန်ကြီး ဒေါက်တာ ကျော်ကျော်လင်းက ပြောကြားသည်။

**လှအောင်(ကသာ)**

# ကျောက်တော်မြို့နယ်၌ လျှပ်စစ်တည်ဆောက်ရေး သတ်မှတ်ကာလပြီးစီးနိုင်ရန် ဆောင်ရွက်လျက်ရှိ

**ကျောက်တော် ဇူလိုင် ၂၀**

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရ ရန်ပုံငွေဖြင့် လျှပ်စစ်ဓာတ်အားရရှိရန် ပါရှိသော ကျေးရွာများနှင့် ကျောက်တော်မြို့ပေါ် ရပ်ကွက်အချို့တွင် လျှပ်စစ်တည်ဆောက်ရေးလုပ်ငန်းများကို သတ်မှတ်ကာလပြီးစီးနိုင်ရန် သက်ဆိုင်ရာ ကုမ္ပဏီများက ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ သိရသည်။

ယင်းလျှပ်စစ်တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးနိုင်ရန် မြို့နယ် မြန်မာ့လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ မြို့နယ် လျှပ်စစ်မှူး ဦးသန်းဦးနှင့် တာဝန်ရှိသူတို့က လျှပ်စစ်လုပ်ငန်းများနှင့် ပတ်သက်၍ ကြီးကြပ်ပေးလျက်ရှိကြောင်း သိရသည်။

**အောင်လှဖြူ**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၀ - ၇ - ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၈၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၉၈၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၉၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၉၆၅၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၀၀ | ကျပ် | ၁၀၂၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၁၅ | ကျပ် | ၁၀၃၀ | ကျပ် |
| အောက်တိန်း ၉၂ | ၁၀၂၀ | ကျပ် | ၁၀၅၀ | ကျပ် |
| အောက်တိန်း ၉၅ | ၁၀၄၀ | ကျပ် | ၁၁၃၀ | ကျပ် |

(၃၆၀ ဒီဂရီ စက်သုံးဆီအရောင်းဆိုင်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၆၃၅ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၃၆ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၂၀၉ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၀ . ၀၆၁ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၈၉ . ၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၈၉ . ၁၉ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၅၃ . ၀၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၁ . ၉၃၆ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၈၉၀၀ | ၁၀၇ | ၉၅၂၃၀၀ |
| MTSH | ၃၅၀၀ | ၃၄၅၀၀ | ၁၁၄၄ | ၃၉၅၂၆၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၂၀၀၀၀ | ၂၀၀၀၀ | ၅၀၀ | ၁၀၀၀၀၀၀၀ |
| TMH | ၂၈၀၀ | ၂၇၀၀ | ၂၉ | ၇၈၄၀၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၄၉၀၀ | ၄၉၀၀ | ၁၆ | ၇၈၄၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန် စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံ သတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ပြည်သူများအနေဖြင့် သတ်မှတ် စည်းကမ်းတွေ၊ ညွှန်ကြားချက်တွေကို စနစ်တကျ လိုက်နာဆောင်ရွက်ဖို့ လိုအပ်

**ရခိုင်ပြည်နယ် သံတွဲခရိုင် မအီမြို့ ပြည်သူ့ဆေးရုံမှ တိုက်နယ်ဆရာဝန် ဒေါက်တာမင်းနိုင်ကျော်အား ကိုဗစ်-၁၉ ရောဂါ နှင့် ပတ်သက်၍ ဇူလိုင်လ ၁၇ ရက်နေ့က တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြအပ်ပါသည်။**



ဒေါက်တာမင်းနိုင်ကျော်

**မေး။ ။ ပြည်သူတွေအနေနဲ့ ကိုဗစ်-၁၉ ရောဂါ လက္ခဏာတွေရှိလာရင် ဘယ်လို ဆက်သွယ်ဆောင်ရွက်ရမလဲ ခင်ဗျာ။**

ဖြေ။ ။ ကိုဗစ်-၁၉ ရောဂါလို့ ယူဆရတဲ့ လက္ခဏာတွေခံစားလာရလို့ရှိရင် သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူး၊ သက်ဆိုင်ရာကျန်းမာရေးမှူးနဲ့ ကျွန်တော်တို့ကို အသိပေးဆက်သွယ်ပေးစေလိုပါတယ်။

**မေး။ ။ ကိုဗစ်-၁၉ ရောဂါသံသယလူနာတွေကို ရောဂါပိုးရှိ/ မရှိ ဘယ်လိုစစ်ဆေးပေးနေပါသလဲ။**

ဖြေ။ ။ မအီမှာအခုလက်ရှိတတိယလှိုင်းမှာတော့ RTK Testing နဲ့ စစ်ဆေးနိုင်ခြင်းတော့မရှိသေးပါဘူး။ ဒုတိယလှိုင်းမှာတုန်းကတော့ RTK Testing နဲ့ လူနာ ၆၀ ကျော်ကို လက်ခံကုသခဲ့ပါတယ်။ RTK Testing ကိုလည်း ရနိုင်အောင် ကြိုးစားနေပါတယ်။ ရလာရင်တော့ ဒီမှာစစ်ဆေးနိုင်မှာဖြစ်ပါတယ်။

**မေး။ ။ ကိုဗစ်-၁၉ရောဂါ ပိုးတွေ့ပြီဆိုရင် ဘယ်လိုဆောင်ရွက်ပေးနေပါလဲ ခင်ဗျာ။**

ဖြေ။ ။ ကိုဗစ်-၁၉ ရောဂါရှိနေပြီလို့ သံသယရှိရင် မြို့နယ်ကျန်းမာရေးနဲ့ ကုသရေးဦးစီးဌာနကို ဆက်သွယ်ဖို့ လိုပါမယ်။ ညွှန်ကြားချက်များနဲ့အညီ ဆောင်ရွက်ပေးနေပါတယ်။

**မေး။ ။ ပိုးတွေ့လူနာတွေအတွက် ကျန်းမာရေးဌာနရဲ့ ဆောင်ရွက်ပေးနေမှု၊ စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေနဲ့ Quarantine Center တွေထားရှိမှုကို ဘယ်လိုလျာထားပါသလဲ။**

ဖြေ။ ။ လက်ရှိအနေအထားမှာတော့ မအီပြည်သူ့ဆေးရုံမှာ Positive အတည်ပြု လူနာတစ်ဦးကို သီးသန့်နေရာ သတ်မှတ်ထားရှိပြီးတော့ မြို့နယ်ကျန်းမာရေးနဲ့ ကုသရေးဦးစီးဌာနရဲ့ လမ်းညွှန်မှုနဲ့အညီ ကုသပေးလျက်ရှိပါတယ်။ အခုတတိယလှိုင်းမှာတော့ Quarantine Center ဖွင့်လှစ်ထားရှိခြင်း မရှိသေးပါဘူး။ Quarantine Center ဖွင့်လှစ်နိုင်ရေးကိုလည်း မြို့နယ်ကလမ်းညွှန်ချက်နဲ့ အညီ လိုအပ်ရင်လိုအပ်သလို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မေး။ ။ ရောဂါပိုးတွေ့ရှိသူ နဲ့ Contact ဖြစ်သူတွေအနေနဲ့ ဘယ်လို နေထိုင်သင့်ပါသလဲ။**

ဖြေ။ ။ ရောဂါပိုးတွေ့ရှိသူနဲ့ Contact ဖြစ်သူတွေကိုတော့ နေအိမ်အပြင်မထွက်ဘဲ မိမိနေအိမ်မှာ ပါးစပ်၊ နှာခေါင်းစည်း(mask)တပ်ဆင်ပြီး Home Quarantine အနေနဲ့ နေထိုင်စေဖို့ ဆောင်ရွက်ထားပါတယ်။

**မေး။ ။ ဘယ်လို လက္ခဏာမျိုးပြသရင် စိုးရိမ်ရတဲ့ အခြေအနေ ခေါ်ပါသလဲ။**

ဖြေ။ ။ လူနာအနေနဲ့ အသက်ရှူကျပ်လာခြင်း၊ မောပန်းနွမ်းနယ်ခြင်း၊ ချောင်းတအားဆိုးခြင်း စတဲ့လက္ခဏာမျိုးတွေ တွေ့ရင် စိုးရိမ်ရပါတယ်။ ကိုဗစ်-၁၉ ပိုးတွေ့ရှိသူ လူနာအနေနဲ့ သွေးထဲမှာရှိတဲ့ အောက်ဆီဂျင်ပမာဏကို တိုင်းကြည့်လို့ ၉၀ ဝန်းကျင်၊ ၉၀ အောက်တွေ့ရှိရင် စိုးရိမ်ရတဲ့အတွက် အောက်ဆီဂျင်ပေးဖို့ လိုအပ်ပါတယ်။ အဲဒီလိုမျိုး ပြင်းထန်တဲ့လူနာတွေကို စစ်ဆေးပြီးတဲ့တိုင် ကျွန်တော်တို့ဆေးရုံမှာ သီးခြားနေရာထားရှိပြီးတော့ သီးခြားကုသမှု ဆောင်ရွက်ပေးပါတယ်။

**မေး။ ။ လူနာတွေအတွက် အောက်ဆီဂျင် လိုအပ်ချက်များကို ဘယ်လိုစီစဉ်ထားပါသလဲ။**

ဖြေ။ ။ မအီဆေးရုံအနေနဲ့ လက်ရှိအနေအထားမှာတော့ အောက်ဆီဂျင် ဆလင်ဒါ (Oxygen Cylinder) အကြီး ငါးလုံး၊ အသေး နှစ်လုံးနှင့် အောက်ဆီဂျင်ထုတ်စက် သုံးလုံးရှိပါတယ်။ တကယ်လို့ ဒီထက်လိုအပ်လာခဲ့ရင်လည်း ပေးနိုင်ဖို့အတွက် ကြိုးစားဆောင်ရွက်နေပါတယ်။

**မေး။ ။ ကိုဗစ်ဖြစ်လာရင် ဘယ်လိုစားသောက်နေထိုင်သင့်ပါသလဲ။**

ဖြေ။ ။ ခန္ဓာကိုယ် ခုခံစွမ်းအားကတစ်ဆင့် ကိုဗစ်ကို ပြန်လည်တိုက်ခိုက်စေနိုင်တဲ့အတွက် ခန္ဓာကိုယ်ကို ကိုယ်ခံစွမ်းအား တိုးမြှင့်ထားဖို့ အရေးကြီးပါတယ်။ ဒါကြောင့် ကိုဗစ်ဖြစ်လာတဲ့ လူနာတွေအနေနဲ့ ရေများများသောက်ပေးဖို့၊ အာဟာရရှိတဲ့ အစားအစာတွေကို စားပေးဖို့၊ အသက်ရှူလေ့ကျင့်ခန်း လုပ်ပေးဖို့၊ ကောင်းကောင်းအနားယူဖို့နဲ့ စိတ်ဖိစီးမှုတွေကို အတတ်နိုင်ဆုံး လျှော့ချထားဖို့ အကြံပေးလိုပါတယ်။

**❑ ခန္ဓာကိုယ် ခုခံစွမ်းအားကတစ်ဆင့် ကိုဗစ်ကို ပြန်လည်တိုက်ခိုက်စေနိုင်တဲ့အတွက် ခန္ဓာကိုယ်ကို ကိုယ်ခံစွမ်းအား တိုးမြှင့်ထားဖို့ အရေးကြီးပါတယ်။ ဒါကြောင့် ကိုဗစ်ဖြစ်လာတဲ့ လူနာတွေအနေနဲ့ ရေများများသောက်ပေးဖို့၊ အာဟာရရှိတဲ့ အစားအစာတွေကို စားပေးဖို့၊ အသက်ရှူလေ့ကျင့်ခန်း လုပ်ပေးဖို့၊ ကောင်းကောင်းအနားယူဖို့နဲ့ စိတ်ဖိစီးမှုတွေကို အတတ်နိုင်ဆုံး လျှော့ချထားဖို့ အကြံပေးလို**

**မေး။ ။ ဒီနေ့အထိ ပိုးတွေ့လူနာ ဦးရေ/ ဆေးရုံတက်ရောက်/ ဆေးရုံဆင်း လူနာဦးရေ ပြန်လည်ကျန်းမာလာမှု အခြေအနေကို သိချင်ပါတယ် ခင်ဗျာ။**

ဖြေ။ ။ မအီဆေးရုံအနေနဲ့ လက်ရှိအခြေအနေမှာ ပိုးတွေ့လူနာ Positive တစ်ဦးပဲ ဆေးကုသမှုခံယူလျက်ရှိပါတယ်။ သံသယဖြစ်ဖွယ်လူနာတွေတော့ ရှိကောင်းရှိနိုင်ပါတယ်။

**မေး။ ။ ကာကွယ်ဆေးထိုးဖို့ ကျန်နေသူများ ထိုးနှံပေးသွားဖို့ စီစဉ်ထားရှိမှု အခြေအနေကို သိပါရစေ။**

ဖြေ။ ။ ကာကွယ်ဆေးထိုး လုပ်ငန်းကတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ ညွှန်ကြားချက်တွေအတိုင်း ပြီးခဲ့တဲ့လက ထိုးနှံခဲ့ပြီးပါပြီ။ ကျန်နေတဲ့သူတွေအတွက်ကတော့ ညွှန်ကြားလာတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မေး။ ။ အခြားဖြည့်စွက် ပြောကြားလိုမှုများ ရှိပါက ပြောကြားပေးစေလိုပါတယ် ခင်ဗျာ။**

ဖြေ။ ။ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် သက်ဆိုင်ရာက အသိပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်တဲ့အခါ တစ်ဦးတစ်ယောက်ရဲ့ လိုက်နာဆောင်ရွက်မှုနဲ့ မရပါ၊ ပြည်သူတွေက တက်ညီလက်ညီ ပူးပေါင်းပါဝင်ဖို့၊ သတ်မှတ်စည်းကမ်းတွေ၊ ညွှန်ကြားချက်တွေကို စနစ်တကျ လိုက်နာဆောင်ရွက်ဖို့ လိုအပ်ပါတယ်။

အခုလို ပြည့်ပြည့်စုံစုံနဲ့ ဖြေကြားပေးတဲ့အတွက် ကျေးဇူးအထူးတင်ပါတယ် ဆရာ။

**မအီ(ပြန်/ဆက်)**

---

## မုဒုံမြို့နယ်၌ အောက်ဆီဂျင်စက်ရုံ တည်ဆောက်ရန် မြေနေရာနှင့် အလှူငွေများ မတည်လှူဒါန်း

**မုဒုံ ဇူလိုင် ၂၀**

မွန်ပြည်နယ် မုဒုံမြို့နယ် ကျောက်တလုံး ကျေးရွာအုပ်စု ဝင်းစိန်တောရကျောင်း ဓမ္မာရုံ၌ ဇူလိုင် ၁၈ ရက်က အောက်ဆီဂျင်စက်ရုံတည်ဆောက်ရန်အတွက် မြေနေရာနှင့် အလှူငွေများ မတည် လှူဒါန်းကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းဖြစ်ပွားချိန်တွင် ရောဂါဖြစ်ပွားမှု မြင့်တက်လျက်ရှိရာ ပြည်သူလူထု အသက်ဆုံးရှုံးမှုများပြားနသောကြောင့် ကုသရေးတွင် အထောက်အကူပြုသည့် အောက်ဆီဂျင် လိုအပ်မှုရရှိနိုင်ရေးအတွက် မုဒုံမြို့နယ် ဖျိုင်းနှစ်ကောင် ဝင်းစိန်တောရကျောင်း၊ ဝင်းစိန် ဆရာတော်ကြီးအား ရည်စူးအမှူးထား၍ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဦးဇင်းလေး (ခ) အရှင်သောဟုလာက စက်ရုံတည်ဆောက်ရန်အတွက် မြေနေရာ ပေ(၆၀x၈၀)နှင့် အလှူငွေကျပ်သိန်း ၁၀၀ မတည်လှူဒါန်းပြီး ကိုဗစ်ကုသရေးစင်တာမှ လူနာများအတွက် ဆန်အိတ် ၅၀ကို လည်းကောင်း၊ အောင်တော်မူ ကျောင်းတိုက်ဆရာတော်(ကမာဝက်မြို့၊ ရှမ်းရွာရပ်)က အလှူငွေကျပ်၂၅သိန်းကို လည်းကောင်း၊ ရာမဘောဇန ကျောင်းဆရာတော် (မုဒုံမြို့ ကန်ကြီးကန်ပတ်လမ်း)က အလှူငွေကျပ်၂၅သိန်းကို လည်းကောင်း၊ ကျိုက်ရွဲအဘ ရသေ့ကျောင်းက အလှူငွေကျပ် ၁၀သိန်းကို လည်းကောင်း၊ စေတနာရှင်ပြည်သူများက အလှူငွေကျပ် ၁၂၅သိန်းကို လည်းကောင်း လှူဒါန်းရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင့်ဇော်၊ မြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာကျော်မိုးနိုင်နှင့် မြို့နယ်ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်၊ ကုသရေး အဖွဲ့ကော်မတီမှ တာဝန်ရှိသူများက လက်ခံယူပြီး စက်ရုံတည်ဆောက်မည့်မြေနေရာကို ကြည့်ရှုကြကြောင်း သိရသည်။



**အောင်မျိုးသူ(ပြန်/ဆက်)**

---

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းစဉ်များတွင် အသုံးပြုရန် အလှူငွေပေးအပ်

**မောင်တော ဇူလိုင် ၂၀**

ရခိုင်ပြည်နယ် မောင်တောမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များတွင် အထွေထွေအသုံးစရိတ်နှင့် ကိုဗစ်-၁၉ လူနာများအတွက် အောက်ဆီဂျင်လိုအပ်မှုများတွင် အသုံးပြုရန် အလှူငွေပေးအပ်ခြင်းကို ဇူလိုင် ၁၈ ရက်က ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မောင်တောခရိုင်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများအတွက် အလှူရှင်များ၏ လှူဒါန်းငွေမှာ ငွေကျပ် ၂၀၅သိန်း၊ မောင်တောမြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီသို့ အလှူရှင်များ၏ လှူဒါန်းငွေမှာ ငွေကျပ် ၈၅သိန်း၊ ဘူးသီးတောင်မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီသို့ အလှူရှင်များ၏ လှူဒါန်းငွေမှာ ငွေကျပ် သိန်း၇၀တို့ဖြစ်ပြီး လှူဒါန်းငွေများကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေဦးနှင့် တာဝန်ရှိသူများက လက်ခံယူကာ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**

# ဒေါက်တာမောင်မောင် ရေးသားသည့် “သားမောင်စစ်သည်သို့” စာအုပ် ထုတ်ဝေဖြန့်ချိ

**နေပြည်တော် ဇူလိုင် ၂၀**

ပြန်ကြားရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဒေါက်တာမောင်မောင် ရေးသားသည့် “သားမောင်စစ်သည်သို့” စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။ ယင်းစာအုပ်မှာ စတုတ္ထအကြိမ်ထုတ်ဝေခြင်း ဖြစ်သည်။ ကိုယ်တိုင်လည်း တပ်မတော်သားဖြစ်ပြီး တပ်မတော်သားစစ်သည်တို့၏ ဖခင်ဖြစ်သူက တပ်မတော်သည် နိုင်ငံတစ်နိုင်ငံအား အရေးပါသည့် အခန်းကဏ္ဍ ဖြစ်ကြောင်း ရေးသားထားသည့် စာအုပ်ဖြစ်သည်။

စာရေးသူသည် ၁၉၄၃ ခုနှစ်တွင် ဗမာ့ကာကွယ်ရေးတပ်မတော်တွင် စတင်တာဝန်ထမ်းဆောင်ကာ မင်္ဂလာဒုံစစ်တက္ကသိုလ် စတုတ္ထပတ် ဗိုလ်သင်တန်း တက်ရောက်ခဲ့သည်။ ထို့မှ ရန်ကုန်တက္ကသိုလ် တက်ရောက်ကာ အင်္ဂလိပ်စာဂုဏ်ထူးဖြင့် ဝိဇ္ဇာဘွဲ့၊ ဥပဒေဝိဇ္ဇာဘွဲ့၊ ဥပဒေ ပါရဂူဘွဲ့တို့ ရရှိခဲ့သူဖြစ်သည်။ ရန်ကုန်တက္ကသိုလ်တွင် ကထိက၊ ပြန်ကြားရေးဌာန နယူးတိုင်းသတင်းစာ အယ်ဒီတာဘဝမှသည် တရားသူကြီးချုပ်၊ နိုင်ငံတော်ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်သမ္မတ တာဝန်များကို ထမ်းဆောင်ခဲ့သည်။

ဗမာ့တပ်မတော်တွင် ခေတ္တတာဝန်ထမ်းခဲ့စဉ်အတွင်း တော်လှန်ရေး၊ စစ်ရေးအတွေ့အကြုံများကို သားဖြစ်သူ တပ်မတော်သားစစ်သည်ကို ရည်စူးကာ ရေးသားခဲ့ခြင်းဟုဆိုသော်လည်း သားမောင်စစ်သည်များ၊ တိုင်းပြည်၏သားကောင်းရတနာများအားလုံးအတွက် ရည်ရွယ်ရင်း ဖြစ်သည်။ မိမိ၏ ငယ်ဘဝ၊ ဗမာ့ကာကွယ်ရေးတပ်မတော်သားဘဝ၊ စစ်တက္ကသိုလ်ကျောင်းသားဘဝ၊ တက္ကသိုလ် ကျောင်းဆရာဘဝ၊ ပြန်ကြားရေးဌာန အယ်ဒီတာဘဝ၊ လန်ဒန်ပညာတော်သင်ဘဝတို့နှင့်အတူ နိုင်ငံ၏အကျိုးကို တပ်မတော်သည် ပြည်သူတို့နှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့သည့် အစဉ်အလာကောင်းများကို စုံလင်စွာ ရေးသားထားသည်။

စာအုပ်တွင် စာမျက်နှာ ၂၇၇ မျက်နှာ ပါဝင်ပြီး အခန်း ၈ ခန်း ပါဝင်သည်။ တန်ဖိုးငွေကျပ် ၅၀၀၀ ဖြင့် ရန်ကုန်မြို့ အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈၊ အမှတ် (တ-၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန် စာအုပ်ဆိုင်ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန် စာအုပ်ဆိုင်




ဖုန်း ၀၂-၄၀၃၀၁၈၆ တို့တွင် ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




# ဗိုလ်မှူးချုပ် သန်းတင် (ငြိမ်း) ရေးသားသည့် “ကိုယ်တွေ့ဖြစ်ရပ်များ - စစ်ဆင်ရေးပြီး စစ်ဆင်ရေးမှ”စာအုပ် ထုတ်ဝေဖြန့်ချိ

**နေပြည်တော် ဇူလိုင် ၂၀**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဗိုလ်မှူးချုပ်သန်းတင် (ငြိမ်း) ရေးသားသည့် “ကိုယ်တွေ့ဖြစ်ရပ်များ - စစ်ဆင်ရေးပြီး စစ်ဆင်ရေးမှ” စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။ ယင်းစာအုပ်မှာ ၂၀၀၄ ခုနှစ် အမျိုးသားစာပေ (နိုင်ငံရေး) ဆုရစာအုပ်ဖြစ်ပြီး တတိယအကြိမ် ထုတ်ဝေခြင်းဖြစ်သည်။ စာရေးသူ၏ အသက် ၁၆ နှစ်အရွယ် တပ်သားသစ်ဘဝမှစတင်လျက် တပ်မတော်တွင် တာဝန်အဆင့်ဆင့် ထမ်းဆောင်လျက် နိုင်ငံနှင့် ပြည်သူအတွက် တိုက်ပွဲဝင်အောင်မြင်ခဲ့သည့် စစ်ခေါင်းဆောင်တစ်ဦး၏ ကိုယ်တွေ့မှတ်တမ်းစာအုပ်ဖြစ်သည်။

စာရေးသူက “ဤဖြစ်ရပ်တွေက တကယ့်ဖြစ်ရပ်တွေ ဖြစ်ပါသည်။ လွတ်လပ်ရေးရပြီး မြန်မာ့တပ်မတော်သည် ရောင်စုံသူပုန်သောင်းကျန်းသူတွေအပေါ် တရားတဲ့စစ်ပွဲတွေဖြင့် ရင်ဆိုင်ခဲ့ရပါသည်။ ရဲဘော်တွေရဲ့ နောင်တော်တွေဟာ မည်ကဲ့သို့ တိုက်ခိုက်ပြီး ကျော်လွှားခဲ့ရသည့် ဖြစ်ရပ်တွေကို နောင်လာနောက်သား ညီငယ်အရာရှိ၊ အကြပ်တပ်သားတွေအားလုံးကို သိစေချင်ပါသည်” ဟု အမှာစာတွင် ရေးသားထားပြီး နိုင်ငံ၏လွတ်လပ်ရေးကို ထိန်းသိမ်းနိုင်ရန် တပ်မတော်သားများသည် ဇွဲ၊ စွမ်းရည် တိုင်းပြည်လူမျိုးနှင့် တပ်မတော်ကိုချစ်သည့် စိတ်ဓာတ်လိုအပ်ကြောင်း နှိုးဆော်ရေးသားထားသည်။

စာအုပ်တွင် စာမျက်နှာ ၄၃၇ မျက်နှာပါဝင်ပြီး အပိုင်း (၇) ပိုင်းခွဲကာ ကိုးကားသော စာအုပ်စာတမ်းများ၊ ဓာတ်ပုံ၊ မြေပုံများဖြင့် ပြည့်စုံဝေဆာစွာ ရေးသားထားသည်။ တန်ဖိုးငွေကျပ်၆၅၀၀ ဖြင့် ရန်ကုန်မြို့ အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်ဆိုင် ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈၊ အမှတ် (တ-၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၂-၄၀၃၀၁၈၆ တို့တွင် ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စာပေဗိမာန်စာမူဆုရ စာအုပ်များ ဖြန့်ချိရောင်းချ

## စာပွင့်ဝတ်မှုန်ကဗျာများ

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၁၈ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု၊ ကဗျာပေါင်းချုပ် တတိယဆုရရှိသည့် စာရေးဆရာ အထဝါစိုး (မန္တလေး) ၏ **“စာပွင့်ဝတ်မှုန်ကဗျာများ”**စာအုပ်ကို ငွေကျပ် ၂၂၀၀ ဖြင့် ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် ဝတ္ထုတိုစုစုပေါင်း ၇၆ ပုဒ် ပါဝင်သည်။ မိသားစုဖွဲ့၊ အညာကျေးလက်ဖွဲ့၊ မြို့ဖွဲ့၊ အမျိုးသားအားမာန်ဖွဲ့များအပြင် လူငယ်နှင့်မူးယစ်ဆေးဝါး အန္တရာယ်ကို ညွှန်းဆိုသော ကဗျာများလည်း ပါဝင်သည်။ ကဗျာဟန်အနေဖြင့် လေးဆစ်ချိုးအတွဲများကို လှိုင်လှိုင်သုံး၍ ရေးဖွဲ့ထားသည်။ ကဗျာတစ်အုပ်လုံးတွင် တေးထပ်၊ လွမ်းချင်း၊ တျာချင်း၊ အဲချင်း၊ အိုင်ချင်း၊ စကြာလည်တေးထပ်၊ ဧကပိုဒ်ရတု၊ ဟိုက္ကူ စသည်ဖြင့် ကဗျာပုံစံအမျိုးမျိုးဖြင့် ရေးဖွဲ့ထားသည်။ ရေးဖွဲ့ပုံ ပေါ့ပါးသွက်လက်ပြီး အရပ်သုံးစကားလုံးများနှင့် ပါဠိသက်စကားလုံးများကို ထည့်သွင်းသုံးစွဲထားသည့် ကဗျာစာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

## ရာမဇာတ်ထဲက ရေကျော်မောင်မောင်

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၁၈ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု၊ စာပဒေသာ ဒုတိယဆုရရှိသည့် စာရေးဆရာ မင်းသျှင်အောင် (တွံတေး) ၏ **“ရာမဇာတ်ထဲက ရေကျော်မောင်မောင်”** စာအုပ်ကို ငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် မြန်မာစာပေနှင့် ယဉ်ကျေးမှုနယ်ပယ်အတွင်းသို့ ပုဂံခေတ်နှင့် အင်းဝခေတ်တို့၌ ရာမဇာတ်ဝတ္ထု စတင်စီးဆင်းဝင်ရောက်လာခဲ့ပုံမှအစပြု၍ ရာမာယဏသမိုင်းကြောင်း၊ နန်းတွင်းရာမဇာတ်တော်ကြီးနှင့် ဇာတ်ဝင်သီချင်းကြီးများကို ခြေရာကောက် စုစည်းထားသည်။ ဆယ်ကျော်သက်အရွယ်တွင် ရာမဇာတ်၌ ရွှေသမင်အကဖြင့် နာမည်ရခဲ့ပြီး နောက်ပိုင်းတွင် ရာမဇာတ်သဘင်ပညာရှင်တစ်ဦးဖြစ်သည့် ရေကျော်မောင်မောင်၏ ဘဝတစ်စိတ်တစ်ဒေသသည် ရာမဇာတ်နှင့် တစ်သားတည်း ပျော်ဝင်ခဲ့ရာမှ ဘဝဆည်းဆာအချိန်၌ သာသနာ့အရိပ်သို့ ခိုဝင်ခဲ့ပုံ ဘဝဇာတ်ခုံကို ရေးဖွဲ့ထားသော စာအုပ်ကောင်းဖြစ်သည်။

## သမီးနှင့် သားသို့ ပေးစာများ

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၁၈ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု၊ လူငယ်စာပေ တတိယဆုရရှိသည့် စာရေးဆရာ နိုက်၏ **“သမီးနှင့် သားသို့ ပေးစာများ”** စာအုပ်ကို ငွေကျပ် ၁၃၀၀ ဖြင့် ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် ဆောင်းပါး ၁၅ ပုဒ် ပါဝင်ပြီး ပေးစာပုံစံ စကားပြေဖြင့် ရေးဖွဲ့ထားသည်။ ဆောင်းပါးတစ်ပုဒ်ချင်းစီကို ဦးတည်ချက်နှင့်အညီ စုစုစည်းစည်း လှလှပပ ရေးသားတင်ပြထားသည်။ လူငယ်များကို အတွေးလိမ္မာ၊ အသိတရား၊ တွေးခေါ်နိုင်စွမ်းအားနှင့် ဆင်ခြင်ဉာဏ်တိုးတက်စေရန် သိမ်မွေ့စွာ သွန်သင်ညွှန်ပြဆုံးမထားချက်များကို ပြေပြစ်သော အရေးအသား ဆီလျော်သော နမူနာ၊ ဥပမာများ၊ ဖြစ်ရပ်များနှင့် လူငယ်များအတွက် ဦးတည်စုစည်း ရေးသားတင်ပြထားသည်။

လူငယ်များအတွက် အကျိုးရှိစေမည့် ဖတ်သင့်ဖတ်ထိုက်သော အားထားထိုက်သည့်အတွက် စာဖတ်ပရိသတ်များ လက်ဝယ်ထားရှိသင့်သည့် စာအုပ်ကောင်းတစ်အုပ် ဖြစ်ပါသည်။

အဆိုပါစာအုပ်များကို အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈၊ အမှတ် တ- ၅၅၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၂-၄၀၃၀၁၈၆ နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ်- ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန် အရောင်းဌာန ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

## စက္ကန့်ပေါ်က အလှကဗျာများ

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၁၇ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု၊ ကဗျာပေါင်းချုပ် တတိယဆုရရှိသည့် စာရေးဆရာ မောင်ကြည်နွယ် (ပင်လယ်ဘူး)၏ **“စက္ကန့်ပေါ် က အလှကဗျာများ”** စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ဆရာ မောင်ကြည်နွယ် (ပင်လယ်ဘူး) ရေးဖွဲ့သော စက္ကန့်ပေါ်က အလှကဗျာများတွင် စုစုပေါင်း ကဗျာ ၈၄ ပုဒ်ပါဝင်သည်။ ဤစာအုပ်တွင် မြန်မာကဗျာစပ်နည်းများဖြင့် မူးမြစ်ဝန်းကျင်မှ တံငါသည်များ၊ လယ်သမားများ၏ ဘဝသရုပ်များ အပါအဝင် ရွာခလေ့၊ ရပ်ခလေ့ မြန်မာ့ယဉ်ကျေးမှုနှင့် မြန်မာ့မျိုးချစ်စိတ် အကြောင်းအရာများကို ဖွဲ့ထုံး၊ စပ်နည်းစုံလင်စွာ ကဗျာအလှခြယ်သထားသည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်ပေသည်။

အဆိုပါစာအုပ်ကို ငွေကျပ် ၂၂၀၀ ကျပ်ဖြင့် အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈၊ အမှတ် (တ- ၅၅) သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၂-၄၀၃၀၁၈၆ နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ်- ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန် အရောင်းဌာန ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



## မန္တလေးတိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေး ဒုတိယအကြိမ် ကျင်းပ

နေပြည်တော် ဇူလိုင် ၂၀

မန္တလေးတိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဒုတိယအကြိမ် လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ အစည်းအဝေးခန်းမ၌ ကျင်းပရာ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုဦး၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဝင်များ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မန္တလေးခရိုင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် အစည်းအဝေးသို့တက်ရောက်လာကြသူများက မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့ အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးကြရာ တိုင်းမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆွေးနွေးသည်။

ယင်းနောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် လူနာ ၁၀၀၀ ခန့် ဝင်ဆံ့နိုင်သော Quarantine Center ပြုလုပ်မည့် ပုသိမ်ကြီးမြို့နယ်ရှိ မန္တလေးနည်းပညာ တက္ကသိုလ်သို့ သွားရောက်ကြည့်ရှုခဲ့ပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

“အဂတိပယ်ခွာ ပြည်သာယာ”

Remove Corruption, Promote Prosperity

### အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေး အဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကဒ်ပြား မိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓါတ်ပုံ၊ အသံဖိုင်၊ ဗွီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ် တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည် ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ် (၁၄၄)၊
ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊ ၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm ၊
Website Address – http://www.accm.gov.mm

## ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများထားရှိရန်အတွက် ကြိုတင်ပြင်ဆင်မှုများ ဆက်လက်ဆောင်ရွက်၊ ပြီးစီးသည့် စင်တာများတွင် စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

နေပြည်တော် ဇူလိုင် ၂၀

**ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့် သူများထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းများ၌ ကြိုတင်ပြင်ဆင်မှုများကို လုပ်ဆောင်လျက်ရှိပြီး ပြီးစီးသည့်နေရာများတွင် စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် အခြားဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့အစည်းများ၊ တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍လည်း သက်ဆိုင်ရာမြို့နယ်များ၌ Quarantine Center များကို ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။**



ယင်းသို့ ပြင်ဆင်ဆောင်ရွက်ပေးနေမှုများနှင့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို ယနေ့တွင် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများ၊ တိုင်းမှူးများ၊ ဒုတိယတိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ကိုဗစ်-၁၉ ရောဂါ အထောက်အကူပြုပစ္စည်းများ၊ အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် အလှူငွေများ ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ပြင်ဆင်လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ ည ၇ နာရီထိ နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၁၁၅ ဦးနှင့် အမျိုးသမီး ၁၂၇ ဦး စုစုပေါင်း ၂၄၂ ဦးကိုလည်းကောင်း၊ ဥတ္တရသီရိမြို့နယ်ရှိ နယ်မြေခံတပ်၌ ဓာတ်ခွဲအတည်ပြု ပိုးတွေ့လူနာ အမျိုးသား ၁၁ ဦး၊ အမျိုးသမီး ၁၉ ဦး စုစုပေါင်း ၃၀ ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ဓာတ်ခွဲအတည်ပြု ပိုးတွေ့လူနာ အမျိုးသား ၃၀၉ ဦးနှင့် အမျိုးသမီး ၁၉၆ ဦး စုစုပေါင်း ၅၀၅ ဦးကိုလည်းကောင်း၊ ရဲမွန်တပ်မြို့ရှိ နယ်မြေခံတပ်၌ ဓာတ်ခွဲအတည်ပြု ပိုးတွေ့ လူနာအမျိုးသား ၆၀ နှင့် အမျိုးသမီး ၁၀ ဦး စုစုပေါင်း ၇၀ ကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံ သင်တန်းကျောင်း၌ ဓာတ်ခွဲအတည်ပြု ပိုးတွေ့လူနာ အမျိုးသား ၂၇ ဦး၊ အမျိုးသမီး ရှစ်ဦး စုစုပေါင်း ၃၅ ဦးကိုလည်းကောင်း အသီးသီးလက်ခံထားရှိကြောင်းနှင့် ယနေ့တွင် ကျန်းမာရေးကောင်းမွန်လာသည့် စောင့်ကြည့်လူနာများနှင့် ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း အမျိုးသား ၅၆ ဦး၊ အမျိုးသမီး ၂၃ ဦး၊ စုစုပေါင်း ၇၉ ဦးတို့ကို သက်ဆိုင်ရာ ရပ်ကွက်များသို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

အထက်ပါ စောင့်ကြည့်လူနာများနှင့် ဓာတ်ခွဲအတည်ပြု ပိုးတွေ့လူနာများ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံဆေးကုသရေး အဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

သတင်းစဉ်

## ချင်းရွှေဟော် နယ်စပ်ဂိတ်မှ အောက်ဆီဂျင်အိုး ၇၀၀နှင့် နှာခေါင်းစည်း ၂၈၉၅ ဖာ ထပ်မံဝင်ရောက်

ချင်းရွှေဟော် ဇူလိုင် ၂၀

ကိုဗစ်-၁၉ ကူးစက်မြန်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် တရုတ်နိုင်ငံမှ ဝယ်ယူတင်သွင်းသည့် တစ်လုံးလျှင် အောက်ဆီဂျင် လီတာ ၄၀ ဆံ့ အိုးအလွတ် အလုံး ၇၀၀ နှင့် နှာခေါင်းစည်း ၂၈၉၅ ဖာ တင်ဆောင်လာသည့် ၂၂ ဘီး မော်တော်ယာဉ် နှစ်စီးနှင့် ခြောက်ဘီးမော်တော်ယာဉ် တစ်စီး စုစုပေါင်း မော်တော်ယာဉ် သုံးစီးတို့သည် ယနေ့နံနက် ၆ နာရီမှ ချင်းရွှေဟော်မြို့ရှိ မြန်မာ-တရုတ်နှစ်နိုင်ငံ နယ်စပ်ဂိတ်ပေါက်မှတစ်ဆင့် ထပ်မံဝင်ရောက်လာခဲ့ကြောင်း သိရသည်။

အဆိုပါ ချင်းရွှေဟော်နယ်စပ်ဂိတ်မှ ဝင်ရောက်လာခဲ့သည့် အောက်ဆီဂျင်အိုးအလွတ် အလုံး ၇၀၀ နှင့် ဆက်စပ်ပစ္စည်းဖြစ်သည့် နှာခေါင်းစည်း ၂၈၉၅ ဖာများကို ကွမ်းလုံမြို့နယ်၊ ရွှေကူဝကျေးရွာရှိ ဂူဂျားဂိုဒေါင်နှင့် ရွှေတြိဂံဂိုဒေါင်များတွင် ခေတ္တချထားပြီး ၎င်းဂိုဒေါင်များမှတစ်ဆင့် လားရှိုးမြို့၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့များသို့ ဆက်လက်ပို့ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# မုဒုံမြို့နယ် နီးပဒေါကျေးရွာနှင့် ရောင်းဒေါင်းကျေးရွာကြား မော်လမြိုင်-သံဖြူဇရပ် ကားလမ်းမကြီး ရေကျော်မှုဖြစ်ပွား၍ ကားလမ်းပိတ်ဆို့မှုဖြစ်

မုဒုံ ဇူလိုင် ၂၀

မွန်ပြည်နယ် မုဒုံမြို့နယ်တွင် ဇူလိုင် ၁၉ ရက် ညနေ ၄ နာရီမှစ၍ မိုးအဆက်မပြတ် ရွာသွန်းပြီး တောင်ကျရေများ စီးဆင်းလာမှုကြောင့် နီးပဒေါကျေးရွာနှင့် ရောင်းဒေါင်းကျေးရွာကြား မော်လမြိုင်-သံဖြူဇရပ် ကားလမ်းမကြီးတွင် ယနေ့မွန်းလွဲ ၁ နာရီက ရေနှစ်ပေခွဲခန့် ရေတက်လျက်ရှိသည်။ (ယာပုံ)



အဆိုပါ ကားလမ်းမကြီး နေရာသည် နှစ်စဉ် မိုးရာသီ၌ ကားလမ်းရေကျော်မှု ဖြစ်ပွားလေ့ရှိရာ ယနေ့မွန်းလွဲပိုင်းတွင် ကားလမ်းမကြီးပေါ်သို့ နှစ်ပေခွဲခန့် လမ်းရေကျော်နေသဖြင့် မော်တော်ယာဉ်နှင့် ဆိုင်ကယ်များ ဖြတ်သန်းခွင့် မပြုဘဲ အရေးကြီးသော ကားများကိုသာ ဖြတ်သန်းခွင့်ပြုမည်ဖြစ်ကြောင်း ရေတဖြည်းဖြည်း မြင့်တက်လာခြင်းကြောင့် အခြေအနေကို စောင့်ကြည့်လျက်ရှိပြီး ရေပြန်ကျသွားမှ ကားများကို ဖြတ်သန်းသွားလာခွင့်ပြုမည်ဖြစ်ကြောင်း နီးပဒေါကျေးရွာအုပ်ချုပ်ရေးမှူးက ပြောသည်။

ကားလမ်းရေကျော်မှုဖြစ်ပွားရာနေရာသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရဲတပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အရေးပေါ်ကယ်ဆယ်ရေး အဖွဲ့များနှင့် ကျေးရွာနေ ပြည်သူများက ဘေးအန္တရာယ်ဖြစ်ပွားမှု မရှိစေရေးအတွက် ပူးပေါင်းကူညီ စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။ **အောင်မျိုးသူ(ပြန်/ဆက်)**



# မိုင်းယောင်း၌ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် လူနေအိမ်အချို့ ရေဝင်မှုဖြစ်ပွား အန္တရာယ်မဖြစ်ပွားရေး အသိပေးနှိုးဆော်

မိုင်းယောင်း ဇူလိုင် ၂၀

ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းယောင်းမြို့နယ်တွင် ယမန်နေ့ညက မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရပ်ကွက်နှင့် ကျေးရွာအချို့၌ ယနေ့တွင် ရေဝင်မှုဖြစ်ပွားကြောင်း သိရသည်။

မိုးအဆက်မပြတ် သည်းထန်စွာ ရွာသွန်းမှုကြောင့် တောင်ကျရေများ၊ မိုးရေများသည် အနိမ့်ပိုင်းနှင့် ချောင်းဘေးရှိ ရပ်ကွက်အချို့နှင့် ဝမ်လွတ်၊ ဝမ်လဲ၊ ဝမ်ဒေ စသည့် အနိမ့်ပိုင်းကျေးရွာများ၊ ဝမ်တောင်း၊ ကော့ခွယ်၊ လော့ငိုး စသည့် ချောင်းကမ်းနံဘေး ကျေးရွာများတွင် လူနေအိမ်အတွင်းသို့ ရေများဝင်ရောက်ခြင်း၊**(အပေါ်ပုံ)** ကျေးရွာလမ်းမ ရေဖုံးလွှမ်းခြင်းများ ဖြစ်ပေါ်လျက်ရှိပြီး လူနှင့် တိရစ္ဆာန်များ ဘေးအန္တရာယ်ဖြစ်ပွားခြင်းမှ ကာကွယ်နိုင်ရေးကို သက်ဆိုင်ရာ တာဝန်ရှိသူများက အသိပေးနှိုးဆော်လျက်ရှိကြောင်း သိရသည်။

မိုင်းယောင်း၌ မိုးရာသီကာလအတွင်း မိုးများပြီး မိုးသည်းထန်စွာ ရွာသွန်းပါက အနိမ့်ပိုင်းနှင့် ချောင်းကမ်းနံဘေးရှိ ရပ်ကွက်၊ ကျေးရွာများတွင် ယခုကဲ့သို့ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လေ့ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# နာဂဒေသ လေရှီးမြို့၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မတူပီချောင်း ရေအားလျှပ်စစ် သဲများပိတ်ဆို့နေမှု ရှင်းလင်း

လေရှီး ဇူလိုင် ၂၀

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ လေရှီးမြို့၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မတူပီချောင်း ရေအားလျှပ်စစ်ကို ဇူလိုင် ၁၈ ရက်က ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (NRDC)ကျောင်းဆင်း ညီအစ်ကိုများ၊ ဒုတိယ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်မြင့်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခေါင်းပေါ့တို့ ဦးဆောင်၍ဌာနဆိုင်ရာများ၊လေရှီးမြို့ပေါ်ရှိ လူငယ်အဖွဲ့အစည်းများ ပူးပေါင်း၍ ရေအားလျှပ်စစ် ရေလှောင်ကန် သဲများပိတ်ဆို့နေမှုကို သွားရောက်ရှင်းလင်း ဖယ်ထုတ်ခဲ့ကြောင်း သိရသည်။ **(အောက်ဝဲပုံ)**



အဆိုပါ ရေအားလျှပ်စစ်သည် မိုးသည်းထန်စွာ ရွာသွန်းပြီး သဲများပိတ်ဆို့၍ လျှပ်စစ်မီး ပြတ်တောက်သွားသောကြောင့် အမြန်ဆုံး မီးလင်းမှုရရှိစေရေး စုပေါင်းအင်အား ၄၀ခန့်က ယမန်နေ့ နံနက် ၁၀နာရီတွင် စတင် ရှင်းလင်းခဲ့ရာ မွန်းလွဲ ၁ နာရီ၌ ရှင်းလင်းဖယ်ထုတ်နိုင်ခဲ့ပြီး ၎င်း ရေအားလျှပ်စစ်မီးကို ပုံမှန် အတိုင်း မီးလင်းမှုရရှိနေပြီဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ရွှေကိုမလို ရေချိုသာလိုပါသည်

ခင်အေးကြူ(ရွှေသန်လျှင်)

**ကျောက်တန်းမြို့နယ်ဟုဆိုလိုက်လျှင် ရန်ကုန်မြစ်၏ မြစ်လက်တက်တစ်ခုဖြစ်သော မှော်ဝန်းမြစ်အတွင်းရှိ ကျွန်းငယ်တစ်ခုပေါ်တွင် မြတ်စွာဘုရား၏ ဓာတ်တော်မွေတော်များကို ဌာပနာသွင်း၍ တည်ထားသည့် ကျိုက်မှော်ဝန်း ကျောက်တန်းရေလယ်ဘုရားကို အမှတ်ရကြမည်ဖြစ်သလို မရောက်ဖူးသူများ သည်လည်း ဖူးမြော်လိုစိတ် ဖြစ်ပေါ်ကြပေလိမ့်မည်။**



HDPE Sheet ရေကန်တည်ဆောက်အပြီး ပညာရှင်များ၏ ပီတိအပြုံး။

ကျောက်တန်းမြို့သည် ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ်၏ ရုံးစိုက်ရာမြို့ဖြစ်၍ မှော်ဝန်းချောင်းကမ်းပေါ်တွင် တည်ရှိသည်။ မှော်ဝန်းမြစ်ထဲမှ တန်း၍နေသော ကျောက်တန်းကြီးကို အစွဲပြု၍ကျောက်တန်းမြို့ဟုခေါ်သည်။ ကျောက်တန်းမြို့နယ်တွင် ကျေးရွာအုပ်စု ၄၅ အုပ်စု ကျေးရွာပေါင်း ၈၀ ရှိသည်။

အချို့ကျေးရွာများသည် ရေချိုရရှိသည့်အတွက် ရေရှားပါးမှု မဖြစ်ပေါ်သော်လည်း ပင်လယ် ကမ်းစပ်ရှိကျေးရွာများသည် မြေသားရေကန်များတွင် သုံးပေအထက် တူးဖော်ပါက ရေငန်ပေါက်သည့်အပြင် မြေသားရေကန်များမှာ ရေစိမ့်ခြင်း၊ ရေခန်းခြောက်ခြင်း၊ ရေငွေ့ပျံခြင်းတို့ကြောင့် နွေရာသီတွင် ရေရှားပါးမှုကို ရင်ဆိုင်နေကြရသည်။

"၂၀၃၀ ပြည့်နှစ်တွင် ကျေးလက်ဒေသအားလုံး သန့်ရှင်းသောသောက်သုံးရေ ဖူလုံရမည်" ဆိုသည့် ရည်ရွယ်ချက်နှင့်အညီ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် သန့်ရှင်းသော သောက်သုံးရေများ ရရှိရန်အတွက် တွင်းတိမ်၊ တွင်းနက်၊ စိမ့်စမ်း၊ မြေသားရေကန်၊ အမြင့်တင်ရေစင်၊ မိုးရေလှောင် အုတ်ရေကန်၊ အိမ်သွယ်ရေတိုင်စနစ်နှင့် ရေသန့်စင်စနစ် စသည့် နည်းလမ်းအမျိုးမျိုးဖြင့် ဆောင်ရွက်ပေးလျက်ရှိသော်လည်း သဘာဝတရားကြောင့် ရေငန်ပေါက်နေသည့် ပင်လယ်ကမ်းစပ်ရှိ ကျေးရွာများသည် နှစ်စဉ် ရေရှားပါးမှု ကြုံတွေ့ရလျက်ရှိသည်။

ထို့ကြောင့် ရေငန်ပေါက်ခြင်း၊ ရေစိမ့်ခြင်း၊ ရေခန်းခြောက်ခြင်း၊ ရေငွေ့ပျံခြင်းကို ကာကွယ်နိုင်သည့် HDPE Sheet ခင်းပြီး မိုးရေလှောင်မည့် မြေသားရေကန်ကို သံတဲကျေးရွာတွင် စတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

သံတဲကျေးရွာသည် ရန်ကုန်မြစ်ဝ၏ ကမ်းနဖူး အရှေ့ဘက်အခြမ်းတွင် တည်ရှိပြီး ကျောက်တန်းမြို့နယ် အရှေ့တောင်ဘက် ၃၉ မိုင်ခန့်အကွာ၊ မရမ်း၊ ဖွဲဘာ ရေကာတာ၏ အပြင်ဘက်တွင် တည်ရှိသည်။ နှစ်ပေါင်းများစွာက တည်ဆောက်ထားသည့် သံတဲမီးပြတိုက်ကြီး ရှိခြင်းကြောင့် အဆိုပါမီးပြတိုက်ကို အစွဲပြု၍ အနီးဝန်းကျင်မြေပေါ်တွင် အိမ်များ ဆောက်လုပ်နေထိုင်ရာမှ သံတဲကျေးရွာဟု ဖြစ်ပေါ်လာရခြင်းဖြစ်ကြောင်း ဆိုစမှတ်ပြုကြသည်။



တည်ဆောက်ပြီးသွားသော HDPE Sheet ခင်း မြေသားမိုးရေလှောင်ကန်။

ထို့ပြင် ပင်လယ်ကမ်းစပ်၌ နှစ်ပေါင်းများစွာ တည်ရှိသည့် နယ်ခြားမှတ်တိုင်နှင့် သံတဲဒေသထွက် ကြက်ဆားလှော်၊ ဘဲဆားလှော်၊ အုန်းစိမ်းရေ ချိုချိုလေး စသည်တို့က ကျေးရွာသို့ ခရီးသွားဧည့်သည်များ လာရောက်လေ့လာ လည်ပတ်ချင်စရာ ဖြစ်သည်။

သံတဲရွာ၌ မြေသားရေကန် ငါးကန် ရှိသည့်အတွက် မိုးရာသီနှင့် ဆောင်းဥတုတွင် သောက်သုံးရေ ဖူလုံသော်လည်း နွေရာသီတွင် ရေကန်များ၌ ရေခန်းခြောက်ခြင်း၊ ရေငန်ပေါက်ခြင်း၊ ရေငွေ့ပျံခြင်းတို့ကြောင့် ရေရှားပါးပြတ်လပ်မှုနှင့် ရင်ဆိုင်နေရသည့် ကျေးရွာတစ်ရွာ ဖြစ်ခဲ့ရသည်။

ယခုအခါ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသည် သံတဲကျေးရွာကို နွေ၊ မိုး၊ ဆောင်း ရေချိုရရှိအောင်၊ ရေရှားပါးပြတ်လပ်မှု မရှိအောင် HDPE Sheet ခင်းပြီး ရေချိုဂါလန် ၄၇၀၀၀၀ ခန့် သိုလှောင်နိုင်သည့် ရေကန်ကို စတင်အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်သည်။

ထိုသို့ဆောင်ရွက်ပေးမှုနှင့် ပတ်သက်၍ သံတဲကျေးရွာတွင် နေထိုင်သူ ဦးခင်ဇော်က "ကျွန်တော် အသက် ၅၈ နှစ်ရှိပါပြီ။ နှစ်စဉ်နှစ်တိုင်း နွေရာသီရောက်ရင် သောက်သုံးရေအတွက် အခြားနီးစပ်ရာ ရွာတွေက သွားသယ်ခဲ့ရတယ်။ အခု ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မိုးရေလှောင်ကန် လုပ်ပေးလိုက်တော့ နွေရာသီ ရေရှားပါးမှာကို မပူရတော့ဘူး။ အခုလို မိုးတွေရွာနေတဲ့ကြားကနေ ကျေးရွာနေပြည်သူတွေအတွက် ဆောင်ရွက်ပေးတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနကို ကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

ဒေသခံတစ်ဦးဖြစ်သူ ဒေါ်မော်မော်လွင်ကလည်း "ကျွန်မတို့ရွာက ရေလုပ်ငန်းနဲ့ အသက်မွေးဝမ်းကျောင်း ပြုကြပါတယ်။ သံတဲရွာနဲ့ပတ်သက်ပြီး အုတ်ရစ်ကျော်ကြား သံတဲသား ဆိုတဲ့ ဆိုရိုးစကားလည်း ရှိခဲ့ပါတယ်။ ပင်လယ်ကြီးရှိနေသရွေ့ ကျွန်မတို့ရဲ့ စားဝတ်နေရေးအတွက် မပူပင်ရပေမယ့် နွေရာသီရောက်ပြီဆိုရင် သောက်သုံးရေအတွက်တော့ ပူပင်ရပါတယ်။ ပင်လယ်နဲ့နီးတော့ ရေငန်ပေါက်တယ်၊ ရှိတဲ့ရေကန်တွေကလည်း အငွေ့ပျံတော့ သောက်သုံးရေ မလုံလောက်ဘဲ ရှားပါးခဲ့ရပါတယ်။ အခု ရေငန်ဝင်ရောက်တာကိုလည်း ကာကွယ်နိုင်သလို မြေအောက်ရေစိမ့်တာကိုလည်း တားဆီးနိုင်တဲ့ HDPE Sheet ခင်းပြီး မိုးရေလှောင်ကန်ကို ဆောင်ရွက်ပေးတဲ့အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနကို ကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

ကျောက်တန်းမြို့နယ်တွင် သံတဲရွာအပါအဝင် ပင်လယ်ကမ်းစပ်ရှိ ရွာများသည် ရေပြင်ကြီးကို မြင်ရသော်လည်း နွေရာသီတိုင်း သောက်သုံးရေရှားပါးသည့် အခက်အခဲကို ရင်ဆိုင်နေကြရသဖြင့် ယခုကဲ့သို့ HDPE Sheet ခင်းပြီး မိုးရေလှောင်ကန် ဆောင်ရွက်ပေးသည့်အတွက် ဝမ်းသာပီတိဖြစ်ရကြောင်း ကျောက်တန်းမြို့နယ် နရွဲချောင်ရွာတွင် နေထိုင်သူ ဦးမြင့်အေးကလည်း မှတ်ချက်ပြု ပြောကြားသည်။

ထမင်းအသက် ခုနစ်ရက်၊ ရေအသက် တစ်မနက် ဟူသည့် ဆိုရိုးစကားအတိုင်း သက်ရှိလူသားများအတွက် မရှိလျှင်မဖြစ်သည့် ရေချိုကို သံတဲကျေးရွာမှ ပြည်သူများ လုံလောက်စွာ ရရှိနိုင်ရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့မှုကို အများပြည်သူ မုဒိတာပွားများနိုင်စေရန် ရေးသားတင်ပြလိုက်ရပါသည်။ ။

## မြောက်ဦးမြို့နယ်ရှိ ကျေးရွာ ၁၁ ရွာ၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီး

**မြောက်ဦး ဇူလိုင် ၂၀**

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်လျက် ကျေးရွာ ၁၁ ရွာတွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း လုပ်ငန်းများကို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး ပြီးစီးပြီဖြစ်သည်။

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ရန်အတွက် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ရန်ပုံငွေမှ ကျေးရွာတစ်ရွာလျှင် ငွေကျပ်သိန်း ၁၀၀ နှုန်းဖြင့် ကျေးရွာ ၁၁ ရွာအတွက် ငွေကျပ်သိန်း ၁၁၀၀ ထောက်ပံ့ပေးပြီး ယင်းကျေးရွာများမှ ပြည်သူထည့်ဝင်ငွေကျပ် ၂၁ ဒသမ ၅ သန်းဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဒေသခံပြည်သူများ၏ လိုအပ်ချက်နှင့်အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

စီမံကိန်းကျေးရွာများဖြစ်သော လက်သန်းချီ(သစ်)၊ ပြွန်ခေါင်၊ မောင်ညိုကျွန်း၊ အောက်စည်မောင်း၊ မူချာ၊ တင်းထိန်ရုံ၊ ပုဒိုင်း၊ ပါးတော်၊ ငစွယ်ကန်နှင့် ဘော်ရွာဈေး ကျေးရွာများတွင် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း၊ မြေသားရေကန် အနက်တူးခြင်း၊ ခြံစည်းရိုးကာရံခြင်းနှင့် လက်တူးတွင်းတူးဖော်ခြင်း လုပ်ငန်းများ ပြီးစီးပြီဖြစ်ကာ လုပ်ငန်းပြီးစီးမှုကို မြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးထွန်းရန်နိုင်သူ ဦးဆောင်သည့်အဖွဲ့က စစ်ဆေးပြီးဖြစ်ကြောင်းနှင့် လုပ်ငန်းများ ပြီးစီးသဖြင့် ကျေးရွာများရှိ အိမ်ခြေ ၁၇၁၂ အိမ်မှ လူဦးရေ ၈၁၀၅ ဦးအတွက် လူမှုဘဝများ ဖွံ့ဖြိုးတိုးတက်လာရန် အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

တင်ဝင်း

## သာပေါင်းမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**သာပေါင်း ဇူလိုင် ၂၀**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်တွင် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင်လပထမပတ်က ပျဉ်းမထုံးကျေးရွာအုပ်စု သူဌေးစမ်းကျေးရွာ မြတ်တောင်ညိုဘုရားကုန်းမြေ၌ ကျင်းပခဲ့ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပြည်သူများ စုပေါင်း၍ သစ်ပင်များ စိုက်ပျိုးကြသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမင်းဇော်ထိုက်၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးအောင်ကျော်သိန်း၊ ခေတ္တ မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးခင်မောင်ဌေး၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးရဲအောင်နှင့် သစ်တောဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပျဉ်းမထုံးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာနေပြည်သူများ စုပေါင်း၍ ကျွန်းပင် ၃၅၀၊ ပျဉ်းကတိုးပင် ၂၅၀၊ မဟော်ဂနီပင် ၂၀၀၊ မန်ဂျန်ရှားပင် ၃၅၀ နှင့် အော်ရေးရှားပင် ၃၅၀ တို့ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

မြန်မာ့အလင်း
အယ်ဒီတာ့ထံ ပေးစာ

# နှလုံးသားမေတ္တာကင်းမဲ့သော CDM ဆေးဝန်ထမ်းများအား ထိရောက်စွာ အရေးယူပေးပါ

အယ်ဒီတာခင်ဗျာ–

ကျွန်တော်တို့ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ဟုမ္မလင်းမြို့နယ် ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံမှ CDM ပြုလုပ်သွားတဲ့ ဆရာဝန်များရဲ့ ရုံးခန်းများနဲ့ စတိုခန်းများကို ဇူလိုင် ၁၇ ရက် မွန်းတည့် ၁၂ နာရီ ၁၅ မိနစ်မှာ ဟုမ္မလင်းမြို့နယ် အုပ်ချုပ်ရေးမှူးနဲ့ တာဝန်ရှိသူများက သွားရောက်စစ်ဆေးခဲ့ရာ သားဖွားခန်း၊ ခွဲစိတ်လူနာဆောင်၊ ဖျားနာလူနာဆောင်နဲ့ မျက်စိ၊ အရိုးအကြောကုသဆောင်တို့အတွင်းမှ အောက်ဆီဂျင်အိုး(လီတာ ၄၀ ဆံ့) ၂၈ လုံး၊ အောက်ဆီဂျင်အိုး(လီတာ ၂၀ ဆံ့) တစ်လုံး၊ အောက်ဆီဂျင်အိုး (၁၅ လီတာဆံ့) ခြောက်လုံး စုစုပေါင်း အောက်ဆီဂျင်အိုး ၃၅ လုံး၊ အိမ်သုံးအောက်ဆီဂျင်ထုတ်စက် (Oxygen concentrator) ၁၃ လုံးတို့ကို ရှာဖွေတွေ့ရှိခဲ့တယ်လို့ သိရပါတယ်။

ဒီသတင်းဟာ ကျွန်တော်တို့ ဟုမ္မလင်းဒေသခံတွေသာမက တစ်နိုင်ငံလုံးက ပြည်သူတွေအတွက် အော့နှလုံးနာစရာကောင်းတဲ့ သတင်းတစ်ပုဒ်ပဲ ဖြစ်ပါတယ်။ ဒီနေ့အချိန်မှာ ကျန်းမာရေးအတွက် ပြည်သူအားလုံးက အသက်လုပြီး ရင်ဆိုင်နေရချိန်မှာ ယခုလို လူသား မဆန်တဲ့၊ နှလုံးသားမေတ္တာကင်းမဲ့တဲ့ ကျင့်ဝတ်သိက္ခာ မစောင့်ထိန်းတဲ့ CDM လုပ်တဲ့ ကျန်းမာရေးဝန်ထမ်းတွေရဲ့ လုပ်ရပ်ဟာ အင်မတန် ကောက်ကျစ်ယုတ်မာတဲ့ လုပ်ရပ်တွေဖြစ်တယ်လို့ ကျွန်တော်တို့ နားလည်လိုက်ပါပြီ။

ကျန်းမာရေးလောကမှာ ပြည်သူတွေအပေါ် အင်မတန် စေတနာ မေတ္တာကရုဏာကြီးမားပြီး ကျန်းမာရေးစောင့်ရှောက်မှု ပေးနေသူတွေ အများကြီးရှိပါတယ်။ သူတို့ကို သာဓုအကြိမ်ကြိမ် ခေါ်မိပါတယ်။ နောင်သံသရာအဆက်ဆက် ဘဝအကျိုးပေးကောင်းသူများ ဖြစ်ကြပါစေလို့ ဆုတောင်းပေးပါတယ်။ ဒါပေမယ့် အခုလို ကိုဗစ်ရောဂါကြောင့် အသက်ရှူခက်ခဲပြီး အောက်ဆီဂျင် လိုအပ်နေချိန်မှာ ယခုလို ယုတ်မာပက်စက်တဲ့ အလုပ်မျိုးကို သာမန်ပြည်သူတွေကတောင် လုပ်လည်း မလုပ်၊ ကြံလည်းမကြံ၊ ပြောလည်း မပြောခဲ့ကြဘဲ CDM လုပ်တဲ့ ဆရာဝန်တွေ၊ ဆေးဝန်ထမ်းတွေက ကိုယ်ချင်းစာစိတ်ကင်းမဲ့စွာ ယခုလို လုပ်ဆောင်ခဲ့တဲ့ လုပ်ရပ်အပေါ် ပြောစရာစကားလုံးမရှိအောင် ဖြစ်ခဲ့ရပါတယ်။

ကျန်းမာရေးကို နိုင်ငံရေးနဲ့ ရောစပ်အသုံးမချဖို့ ပြောကြားလိုပါတယ်။ ထိရောက်စွာ အရေးယူပေးဖို့လည်း တင်ပြအပ်ပါတယ်။ အခြား တိုင်းဒေသကြီး/ပြည်နယ်များရဲ့ ဆေးရုံများကိုလည်း အခုလို စစ်ဆေးဖော်ထုတ်ပြီး နိုင်ငံတော်က ဝယ်ယူပေးခဲ့တဲ့ ကျန်းမာရေး အရင်းအမြစ်တွေကို ထိရောက်မှန်ကန်စွာ အသုံးပြုနိုင်ဖို့အတွက် ကြပ်မတ်ပေးကြပါလို့ အယ်ဒီတာမှတစ်ဆင့် အသိပေးတင်ပြအပ်ပါတယ်။

**ဟုမ္မလင်းဒေသခံပြည်သူတစ်ဦး**

## အယ်ဒီတာ့ထံ ပေးစာကဏ္ဍသို့ ပေးစာများ ပေးပို့နိုင်

မြန်မာ့အလင်းသတင်းစာဖတ်ရှုသူ ပြည်သူများအနေဖြင့် မိမိတို့ ပတ်ဝန်းကျင်၌ ဖြစ်ပျက်နေသော အကြောင်းအရာများကို သတင်းစာဖတ် ပြည်သူများ၊ သက်ဆိုင်ရာ အဖွဲ့အစည်းများသို့ သိရှိစေလိုသော အပြုသဘောဖြင့်ရေးသားသော ပေးစာများကို မြန်မာ့အလင်းသတင်းစာ အယ်ဒီတာ့ထံ ပေးစာကဏ္ဍသို့ လိပ်မူ၍ ပေးပို့နိုင်ပါသည်။

ယင်းကဲ့သို့ ပေးစာများပေးပို့ရာတွင် အမည်၊ ဆက်သွယ်ရမည့် လိပ်စာနှင့် ဖုန်းနံပါတ်တို့ကို ထည့်သွင်းရေးသားရမည်ဖြစ်ပြီး ပေးပို့သည့် ပေးစာအတွက် တာဝန်ယူသည်ဟု ပါရှိရမည်ဖြစ်ပါကြောင်း သတင်းစာဖတ်ပြည်သူများအား အသိပေးဖိတ်ခေါ်အပ်ပါသည်။

**စာတည်းအဖွဲ့**

# ရခိုင်ပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဆွေးနွေး



**စစ်တွေ ဇူလိုင် ၂၀**

ရခိုင်ပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ပြည်နယ်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာ အောင်ကျော်မင်း၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ တွေ့ဆုံပွဲကို ယမန်နေ့က ပြည်နယ်စီမံ အုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပွဲတွင် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက ကိုဗစ်-၁၉ တတိယအကျော့ ဖြစ်ပွားမှုနှုန်းသည် တဖြည်းဖြည်း တိုးတက်များပြားလာသည်ကို တွေ့ရကြောင်း၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာ လုပ်ဆောင်နိုင်ရန် ယခုကဲ့သို့ လူမှုရေးအသင်းအဖွဲ့များနှင့်တွေ့ဆုံကာ ညှိနှိုင်းတိုင်ပင်ဆွေးနွေးခြင်းဖြစ်ကြောင်း၊ မိမိတို့ ပြည်နယ်စီမံ အုပ်ချုပ်ရေးကောင်စီနှင့် ကျန်းမာရေးဝန်ထမ်းများကလည်း အတတ်နိုင်ဆုံး ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အတူ ပရဟိတအဖွဲ့အစည်းများ ဖြစ်သော လူမှုရေးအသင်းအဖွဲ့များကလည်း ကြိုးစားလုပ်ဆောင်နေသည်ကို ကြားသိရကြောင်း၊ အောက်ဆီဂျင် လိုအပ်ချက်အတွက်လည်း အောက်ဆီဂျင် ပြတ်လပ်မှု မရှိစေရေးအတွက် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူးတို့က နေ့မနားညမနား ဆောင်ရွက်နေကြောင်း၊ ယခုအခါ အောက်ဆီဂျင်သည် အလုံအလောက် ရရှိနေပြီဖြစ်ကြောင်း၊ ထို့ကြောင့် ယခုအစည်းအဝေးတွင် လူမှုရေးအသင်းအဖွဲ့များအနေဖြင့် လိုအပ်ချက်များ၊ အခက်အခဲများမည်သို့ရှိကြသည် မည်ကဲ့သို့ လုပ်ဆောင်လျှင် အောင်မြင်မည်ကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးကြစေလိုကြောင်းနှင့် မိမိတို့ဘက်ကလည်း တတ်နိုင်သလောက် ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးက ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး လုပ်ငန်းများတွင် ပူးပေါင်းပါဝင် ဆောင်ရွက်နေမှု၊ အောက်ဆီဂျင် ပြတ်လပ်မှု မရှိစေရေးအတွက် ကြိုးစား ဆောင်ရွက်နေမှုနှင့် ကိုဗစ်-၁၉ ကာကွယ်ရေး လုပ်ငန်းများတွင် ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီနှင့် တပ်မတော်တို့က လူမှုရေး အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ကူညီဖြည့်ဆည်း ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသည့် လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များက ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေး လုပ်ငန်းများတွင် ပူးပေါင်းပါဝင် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ယင်းနောက် ကိုဗစ်-၁၉ ရောဂါကုသရေး လုပ်ငန်းများတွင် ရှေ့တန်းမှ တာဝန်ထမ်းဆောင်နေကြသည့် ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများအတွက် တာဝန်ရှိသူများက ကြက်ဥများကို ထောက်ပံ့ပေးကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# မိုင်းယောင်းတံတား ကျိုင်းယဲန်းဘက်ခြမ်း ဖြတ်သန်းခွင့် ယာယီပိတ်

**မိုင်းယောင်း ဇူလိုင် ၂၀**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် အထူးဒေသ(၄)မှ ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယောင်းမြို့နယ် မိုင်းယု-ကျိုင်းယဲန်း တံတား ကျိုင်းယဲန်းဘက်အခြမ်းကို ဇူလိုင် ၁၉ ရက်က ဝင်/ထွက်သွားလာခွင့်ကို ရက်အကန့်အသတ်မရှိ ယာယီပိတ်လိုက်ကြောင်း မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

ကျိုင်းတုံ၊ တာချီလိတ်၊ မိုင်းယောင်းမြို့နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုများကြောင့် ကုန်စည်စီးဆင်းမှု မပြတ်တောက်စေရေး ဖွင့်လှစ်ထားရှိသည့် မိုင်းယု-ကျိုင်းယဲန်းတံတား မှတစ်ဆင့် ရောဂါပိုးကူးစက်လာမှု မရှိစေရန်နှင့် ကိုဗစ်-၁၉ ရောဂါကို ကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် အထူးဒေသ(၄) ကျိုင်းယဲန်းဘက်အခြမ်းကို ခရီးသည်ယာဉ်များ၊ ကုန်တင်ယာဉ်များ၊ ဆိုင်ကယ်နှင့် လူများပါ ဝင်/ထွက် သွားလာခွင့် မပြုတော့ကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**



# ဒလမြို့နယ်၌ ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိ

**ရန်ကုန် ဇူလိုင် ၂၀**

ဒလမြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာန မြို့နယ်ဆေးရုံမှ ဒလမြို့နယ်နေ ကိုဗစ်-၁၉ ကူးစက်ခံလူနာများအား လက်ခံကုသပေးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ ဆေးရုံသို့ လာရောက်ပြသသူများအား ဆေးကုသပေးခြင်း၊ လိုအပ်သည့် ဆေးများပေးခြင်းဖြင့် ဆောင်ရွက်ပေး ပြီး ဆေးရုံတက်ရောက် ကုသခြင်းကို လက်ခံခြင်းမရှိဟု သိရသည်။

"ဆေးရုံမှာက ကိုဗစ်လူနာ တွေရှိတယ်။ ကူးစက်မှာစိုးလို့ ဆေးရုံတက်ရောက် ကုသခြင်းကို လက်မခံတာပါ။ လာရောက်ပြသသူတွေကို ဆေးဝါးကုသမှုတွေတော့ လုပ်ဆောင်ပေးပါတယ်" ဟု လက်ထောက်ဆရာဝန် ထက်ရှား အောင်က ပြောသည်။

ထို့ပြင် ဆေးရုံတွင် အောက်ဆီဂျင် လိုအပ်သူ လူနာများအတွက် အောက်ဆီဂျင်များ လုံလောက်စွာ ရရှိလျက်ရှိကြောင်း သိရသည်။

**မောင်ယဉ်ဦး**



အပြင်ထွက်တိုင်း ပါးစပ်နှင့်နှာခေါင်းစည်း (mask) ကို စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ။






# မြန်မာကလပ်များ ယှဉ်ပြိုင်ခွင့်ရထားသည့် ၂၀၂၂ အာရှအဆင့် ကလပ်ပြိုင်ပွဲများကျင်းပမည့်ရက် ထုတ်ပြန်

**နေပြည်တော် ဇူလိုင် ၂၀**

အာရှဘောလုံးအဖွဲ့ချုပ်သည် မြန်မာကလပ်များ ယှဉ်ပြိုင်ခွင့်ရထားသည့် ၂၀၂၂ အာရှအဆင့် ကလပ်ပြိုင်ပွဲများဖြစ်သည့် အာရှချန်ပီယံလိဂ်နှင့် AFC Cup ပြိုင်ပွဲများ ကျင်းပမည့်ရက်များ ထုတ်ပြန်လိုက်ပြီ ဖြစ်သည်။

အာရှဘောလုံးအဖွဲ့ချုပ်၏ ထုတ်ပြန်ချက်အရ AFC Cup ပြိုင်ပွဲကို ၂၀၂၂ ခုနှစ် ဧပြီမှ အောက်တိုဘာအတွင်း ပြုလုပ်မည်ဖြစ်သည်။ လာမည့်နှစ်တွင် AFC Cup ပြိုင်ပွဲ တစ်ခုလုံးကျင်းပနိုင်ရန် အာရှဘောလုံးအဖွဲ့ချုပ်က စီစဉ်ဆောင်ရွက်နေခြင်းဖြစ်ပြီး မြန်မာကလပ်အသင်းများမှာ အာဆီယံဇုန်တွင် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် လာမည့်နှစ် AFC Cup ပြိုင်ပွဲကျင်းပမည့်ရက်ကို နောက်ဆုတ်ထားပြီး နှစ်ကျော့စနစ်ဖြင့် မကျင်းပဘဲ တစ်ကျော့တည်းသာ ကျင်းပမည်ဖြစ်သည်။ မြန်မာကလပ်များ ယှဉ်ပြိုင်ရမည့် အာဆီယံဇုန် အကြိုခြေစစ်ပွဲကို ၂၀၂၂ ခုနှစ် ဧပြီ ၁၂ ရက်၊ ခြေစစ်ပွဲ Play-off ပွဲစဉ်များကို မေ ၁၇ ရက်၊ အုပ်စုပွဲစဉ်များကို ဇွန် ၂၄ ရက်မှ ၃၀ ရက်၊ အာဆီယံဇုန် ဆီမီးဖိုင်နယ်ပွဲစဉ် များကို ဩဂုတ် ၉၊ ၁၀ ရက်၊ ဇုန်ဗိုလ်လုပွဲကို ဩဂုတ် ၂၃၊၂၄ ရက်တွင် ကျင်းပမည်ဖြစ်သည်။ အာဆီယံဇုန်ချန်ပီယံအသင်းသည် ဇုန်အလိုက် နောက်ဆုံးအဆင့် ဖြစ်သည့် Inter-Zone တွင် ထပ်မံယှဉ်ပြိုင်ခွင့်ရမည်ဖြစ်ပြီး ဆီမီးဖိုင်နယ်ပွဲစဉ်များကို စက်တင်ဘာ ၆၊ ၇ ရက်၊ ဗိုလ်လုပွဲကို အောက်တိုဘာ ၂၂ ရက်တွင် ကျင်းပမည်ဖြစ်သည်။ မြန်မာကလပ်အသင်းများသည် AFC Cup ပြိုင်ပွဲ တွင် ၂၀၁၂ ခုနှစ်မှစ၍ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရခဲ့သည်။၂၀၂၂ အာရှချန်ပီယံလိဂ် ခြေစစ်ပွဲတွင် မြန်မာကလပ် အသင်းတစ်သင်း ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်ပြီး ခြေစစ်ပွဲများကို မတ်လတွင် ကျင်းပမည်ဖြစ်သည်။ မြန်မာကလပ်အသင်းများသည် အရှေ့အာရှဇုန်တွင် ယှဉ်ပြိုင်ရခြင်းဖြစ်ပြီး အမှတ်ပေးချန်ပီယံအသင်းကို ယှဉ်ပြိုင်ခွင့်ပြုခြင်းဖြစ်သည်။ မြန်မာကလပ်အသင်းများသည် အာရှဘောလုံးအဖွဲ့ချုပ်က သတ်မှတ်သည့် ကလပ်အသင်း အဆင့်သတ်မှတ်ချက်နိမ့်သေးသဖြင့် အာရှချန်ပီယံလိဂ်ပြိုင်ပွဲတွင် အုပ်စုအဆင့်မှ တိုက်ရိုက်ယှဉ်ပြိုင်ခွင့်မရသေးဘဲ ခြေစစ်ပွဲအဆင့်မှသာ ယှဉ်ပြိုင်ရခြင်းဖြစ်သည်။ မြန်မာကလပ်များသည် ၂၀၁၅ ခုနှစ်တွင် တစ်ကျော့ပြန် ယှဉ်ပြိုင်ခွင့် ရခြင်းဖြစ်ပြီး ၂၀၁၅ ခုနှစ်တွင် ရတနာပုံအသင်း၊ ၂၀၁၆ ခုနှစ်တွင် ရန်ကုန်အသင်း၊ ၂၀၁၇ ခုနှစ်တွင် ရတနာပုံအသင်း၊ ၂၀၁၈ ခုနှစ်တွင် ရှမ်းယူနိုက်တက်အသင်း၊ ၂၀၁၉ ခုနှစ်တွင် ရန်ကုန်အသင်း၊ ၂၀၂၀ ပြည့်နှစ်တွင် ရှမ်းယူနိုက်တက်အသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရခဲ့ပြီး ၂၀၂၁ ခုနှစ်တွင်မူ ရှမ်းယူနိုက်တက်အသင်း ယှဉ်ပြိုင်ခွင့်ရခဲ့သော်လည်း နုတ်ထွက်ခဲ့သည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် ကိုဗစ်-၁၉ ကပ်ရောဂါ အခြေအနေကြောင့် လာမည့်နှစ် အာရှချန်ပီယံလိဂ် ခြေစစ်ပွဲ ကျင်းပမည့်ကာလကို နောက်ဆုတ်ထားပြီး မတ်လမှ စတင်ကျင်းပမည်ဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်၏ ထုတ်ပြန်မှုအရ အာရှချန်ပီယံလိဂ် အရှေ့အာရှဇုန် အကြို ခြေစစ်ပွဲပထမအဆင့်ကို မတ် ၁ ရက်၊ ဒုတိယအဆင့်ကို မတ် ၈ ရက်၊ Play-off အဆင့်ကို မတ် ၁၅ ရက်၊ အနောက်အာရှဇုန် အကြို ခြေစစ်ပွဲပထမအဆင့်ကို မတ် ၁၅ ရက်၊ ဒုတိယအဆင့် ကို ဧပြီ ၅ ရက်၊ Play-off အဆင့်ကို ဧပြီ ၂၀ ရက်တို့တွင် ကျင်းပမည်ဖြစ်သည်။

**ရဲရင့်လွင်**


## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ကရင်ပြည်နယ်ကုသရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက် ကရင်ပြည်နယ်ကုသရေးဦးစီးဌာန အောက်ရှိ ခရိုင်၊ မြို့နယ်၊ တိုက်နယ်ဆေးရုံများတွင် တက်ရောက်ကုသမှုခံယူသည့် လူနာများ ဆေးကုသပေးရန်အတွက် အောက်ဖော်ပြပါ(FDA အသိအမှတ်ပြု)ဆေးနှင့် ဆေးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသဖြင့် အစိုးရအသိအမှတ်ပြု ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

(က) ခွဲစိတ်ခွဲခန်းသုံးဆေးများ
(ခ) ခွဲစိတ်မှန်ဖလင်နှင့် ဆေးရည်များ
(ဂ) ဆေးရုံသုံးပစ္စည်းများ(Consumables)

၂။ **စျေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၂၆-၇-၂၀၂၁ ရက်
**တင်ဒါပိတ်မည့် ရက်နှင့်အချိန်** - ၈-၈-၂၀၂၁ ရက် ညနေ ၄:၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့်ပစ္စည်းများစာရင်း အသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်။

**ပြည်နယ်ကုသရေးဦးစီးဌာနမှူး**
**ကရင်ပြည်နယ်၊ ဘားအံမြို့**
**ဖုန်း-၀၅၈-၂၃၄၉၃/၂၂၇၅၃**



ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၄၅)၊မြေကွက်အမှတ်(၁၀၄၆)၊မြေကွက်တည်နေရာအမှတ်(၁၀၄၆)၊စက်မှုလယ်ယာလမ်း၊(၄၅)ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ဦးကျော်ရှိန်(S/KGN-049920)အမည်ပေါက်နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေအားအမည်ပေါက်ဦးကျော်ရှိန်(ကွယ်လွန်)သဖြင့်ဇနီးဖြစ်သူဒေါ် အုန်းရီ(၁၂/မဂဒ(နိုင်)၀၃၇၂၉၂)မှဂရန်မူရင်း၊နိုင်ငံသားစိစစ်ရေးကတ်ပြား၊ခင်ပွန်းဦးကျော်ရှိန်သေစာရင်း၊တစ်ဦးတည်းသောဇနီးဖြစ်ပြီးတရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြောင်းဒေါ် အုန်းရီ၏ကျမ်းကျိန်လွှာ၊ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်မြေပုံကူးနှင့်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာခြင်းအားတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။ ဌာနမှူး ( ဒုတိယညွှန်ကြားရေးမှူးချုပ် )

မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



## မလင်းလင်းမိုး(ခ)လင်းမေနှိုင်း၊ ဒေါ်ထွေးကြည်နှင့် အများသိစေရန်ကြေညာခြင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ မြစ်ငယ်ရပ်၊ ဦးမြတ်လေးလမ်း၊ အမှတ်(၄)နေ နန်းထိုက်တော်ဝင်ရွှေဆိုင်ပိုင်ရှင်များဖြစ်ကြသည့် ကိုမင်းမင်းထွန်း(ဘ)ဦးအင်ရွှေ ၆/မမန (နိုင်) ၁၁၆၆၇၂နှင့် မတင်ဇာလင်း(ဘ)ဦးမြင့်နိုင် ၆/မမန(နိုင်)၁၄၄၇၁၄ ဇနီးမောင်နှံတို့၏ လွှဲအပ်ချက်အရ ပုလောမြို့၊ အမှတ်(၂)ရပ်ကွက်၊ ခရေပင်လမ်း၊ အိမ်အမှတ်(၈)နေ မလင်းလင်းမိုး(ခ)လင်းမေနှိုင်းနှင့် မိခင်ဒေါ်ထွေးကြည်တို့ထံသို့ အသိပေးအကြောင်းကြားလိုက်သည်မှာ-

ကျွန်ုပ်မိတ်ဆွေများ၏ နန်းထိုက်တော်ဝင်ရွှေဆိုင်မှ ရွှေထည်မျိုးစုံကို မလင်းလင်းမိုးကမှာယူပြီး ပုလောမြို့တွင် ပြန်လည်ရောင်းချ၍ ကျွန်ုပ်မိတ်ဆွေများထံသို့ ရွှေထည်ဖိုးငွေများပေးပို့သည့်အလုပ်ကို လူသိရှင်ကြားလုပ်ကိုင်ခဲ့ကြပါသည်။ မလင်းလင်းမိုး မှာယူသည့် ရွှေထည်များကို ကျွန်ုပ်မိတ်ဆွေများက ပို့ပေးရာတွင် မလင်းလင်းမိုး လက်ခံရယူသကဲ့သို့ မိခင်ဒေါ်ထွေးကြည်ကလည်း လက်ခံရယူခဲ့ပါသည်။ ယခုနောက်ပိုင်း မှာယူခဲ့သောရွှေထည်များနှင့် ရောင်းချငွေများ ကြွေးကျန်ရှိနေသော်လည်း လူကြီးမင်းတို့မှ ကျွန်ုပ်မိတ်ဆွေများထံသို့ ပေးသွင်းခြင်းမရှိဘဲ ပျက်ကွက်နေခဲ့ပါသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေများထံ ဤသတင်းစာကြေညာသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ဖြေရှင်းပေးစေလိုပါသည်။ မလင်းလင်းမိုးမှာ ထွက်ပြေးတိမ်းရှောင်နေကြောင်းသိရှိရ၍ တွေ့ရှိသောသူများအနေဖြင့်လည်း အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဦးဝင်းသန်းဇော်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၉၆)**
**အမှတ်(၃၄၄)၊ ဈေးလမ်း၊ သန်းဖိုရပ်၊ မြိတ်မြို့**
**ဖုန်း-၀၉-၄၁၀၀၄၈၀၆**



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
## နေပြည်တော်
## လျှောက်လွှာခေါ်ယူခြင်း
### ၁၃၈၃ခုနှစ် ဝါဆိုလဆန်း ၁၂ရက်
### (၂၀၂၁ခုနှစ် ဇူလိုင် ၂၀ရက်)

၁။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများတွင် ခန့်ထားရန်အတွက် ယှဉ်တွဲဖော်ပြပါ သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသူများလျှောက်ထားနိုင်ပါသည်။

| စဉ် | ခန့်ထားမည့်ရာထူး/ လစာနှုန်းထား(ကျပ်) | ခန့်ထားမည့် ရာထူးနေရာ | အနိမ့်ဆုံးရှိရမည့် ပညာအရည်အချင်း |
|---|---|---|---|
| (က) | လက်ထောက်လူဝင်မှု ကြီးကြပ်ရေးမှူး (လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ၁၁၁၂ နေရာ | ပညာရေးဝန်ကြီးဌာန အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုရရှိရမည်။ |
| (ခ) | အငယ်တန်းစာရေး (လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ၁၆၁ နေရာ | |
| (ဂ) | ဒုတိယလက်ထောက်ကွန်ပျူတာ လုပ်ဆောင်ရေးမှူး(လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ၃၇၇ နေရာ | |
| (ဃ) | ယာဉ်မောင်း-၅(အမျိုးသား) (လစာနှုန်းကျပ် ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) | ၃၀ နေရာ | အခြေခံပညာ အလယ်တန်းအဆင့်၊ ယာဉ်မောင်းလိုင်စင် (ခ) ရှိရမည်။ |
| (င) | အမှုတွဲထိန်း(လစာနှုန်းကျပ် ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) | ၁၅၀ နေရာ | အခြေခံပညာ အလယ်တန်း အောင်မြင်ရမည်။ |
| (စ) | အစောင့်(အမျိုးသား)(လစာနှုန်းကျပ် ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | ၁၀၀ နေရာ | အခြေခံပညာ အလယ်တန်းအဆင့် ရှိရမည်။ |
| (ဆ) | ရုံးအကူ(လစာနှုန်းကျပ် ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | ၁၅ နေရာ | |

၂။ အထက်ဖော်ပြပါရာထူးနေရာများအတွက် လျှောက်ထားသူများသည် ရွေးချယ်ခြင်းခံရပါက ဝန်ကြီးရုံး၊ သင်တန်းကျောင်း၊ ဦးစီးဌာနများ၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် တာဝန်ထမ်းဆောင်ရမည် ဖြစ်ပြီး လျှောက်ထားသူများသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ကျန်းမာရေးကောင်းမွန်ပြီး ဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(ဂ) အမှတ်စဉ်(က)(ခ)(ဂ)လျှောက်ထားလိုသူများသည် ၂၀-၇-၂၀၂၁ ရက်တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၂၆)နှစ်ထက် မကျော်စေရ။ အမျိုးသားဝန်ထမ်းအရပ် ၅ ပေ ၃ လက်မနှင့် ကိုယ်အလေးချိန်ပေါင် (၁၀၀)ထက်မနည်းရ၊ ပေါင်(၁၄၀)ထပ်မကျော်ရ။ အမျိုးသမီးဝန်ထမ်း အရပ် ၅ ပေ ၁ လက်မနှင့် ကိုယ်အလေးချိန်ပေါင် (၉၀)ထက်မနည်းရ၊ ပေါင် ၁၂၀ထက်မကျော်ရ။ (ဤဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်နေသူဖြစ်ပါက အသက် ၃၅နှစ်ထက် မကျော်စေရ)
(ဃ) အမှတ်(က)(ခ)(ဂ)လျှောက်ထားလိုသူများသည် ကွန်ပျူတာ ကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။
(င) အမှတ်စဉ်(က)(ခ)(ဂ)လျှောက်ထားလိုသူများသည် အိမ်ထောင်မရှိသူ လူပျို/အပျိုဖြစ်ရမည်။ (ဤဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်ဆဲ ဝန်ထမ်းဖြစ်ပါက ကင်းလွတ်ခွင့်ပြုသည်)
(စ) အမှတ်စဉ်(ဃ)(င)(စ)(ဆ) လျှောက်ထားလိုသူများသည် ၂၀-၇-၂၀၂၁ ရက်တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၃၀)ထက် မကျော်စေရ။
(ဆ) ဝန်ထမ်းအဖြစ်ခန့်အပ်ခြင်းခံရပါက အနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်ရမည်။

၃။ လျှောက်လွှာပုံစံအား တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံးများ၊ ပြည်ထောင်စုနယ်မြေဦးစီးမှူးရုံး၊ နေပြည်တော်၊ ဒုတိယပြည်နယ်မှူးဦးစီးမှူးရုံး ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)များတွင် ထုတ်ယူရမည်ဖြစ်ပြီး လျှောက်လွှာနှင့်အတူ အောက်ပါအထောက်အထားများပူးတွဲတင်ပြရမည်-

(က) ဘွဲ့လက်မှတ်မိတ္တူ
(ခ) အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ
(ဂ) အမှတ်စဉ် (ဃ)မှ (ဆ)အထိ လျှောက်ထားသူများသည် အခြေခံအလယ်တန်းအဆင့် ပညာရေးအထောက်အထားမိတ္တူ
(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
(င) အိမ်ထောင်စုစာရင်းမိတ္တူ
(စ) အလုပ်သမားမှတ်ပုံတင်မိတ္တူ
(ဆ) လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာမူရင်းနှင့် ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။
(ဇ) ပြန်တမ်းဝင်အရာရှိတစ်ဦးဦး၏ ထောက်ခံချက်

၄။ အစိုးရဌာနများတွင် လက်ရှိတာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများ ဝင်ရောက်ဖြေဆိုခွင့်မပြုပါ။

၅။ လျှောက်လွှာများကို (၆-၈-၂၀၂၁)ရက် နောက်ဆုံးထား၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဝန်ကြီးရုံး၊ ရုံးအမှတ်(၄၈)၊ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံးများ၊ ပြည်ထောင်စုနယ်မြေဦးစီးမှူးရုံး၊ နေပြည်တော်၊ ဒုတိယပြည်နယ်မှူးရုံး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)များတွင် လူကိုယ်တိုင် လာရောက်လျှောက်ထားရမည်။

၆။ အမှတ်စဉ်(က)မှ (ဂ)အထိ လျှောက်ထားသူများသည် အင်္ဂလိပ်စာ ရေးဖြေ၊ ကွန်ပျူတာ၊ လူတွေ့နှုတ်ဖြေနှင့် အမှတ်စဉ်(ဃ)မှ (ဆ)အထိ လျှောက်ထားသူများ သည် လူတွေ့နှုတ်ဖြေတို့ကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များနှင့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တို့တွင် ဖြေဆိုရမည်ဖြစ်သည်။ ဖြေဆိုမည့်နေ့ရက်အား သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံးများ၊ ပြည်ထောင်စုနယ်မြေဦးစီးမှူးရုံး၊ နေပြည်တော်၊ ဒုတိယပြည်နယ်ဦးစီးမှူးရုံး ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)များတွင် ကြေညာပေးပါမည်။ ဝန်ကြီးဌာန၏ Website www.mip.gov.mm တွင် ဖော်ပြထားပါမည်။

၇။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံးများ၊ ပြည်ထောင်စုနယ်မြေဦးစီးမှူးရုံး၊ နေပြည်တော်၊ ဒုတိယပြည်နယ်မှူးရုံး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)များသို့ဖြစ်စေ၊ ရုံးအမှတ်(၄၈)၊ နေပြည်တော်သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ် ၀၆၇-၄၃၁၂၇၉၊ ၀၆၇- ၄၃၁၀၀၂၊၀၆၇- ၄၃၁၀၁၃ များသို့ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။


# ကွင်းလယ်ကစားသမား လိုကွန်ဂါကို အာဆင်နယ် အပြီးသတ်ခေါ်ယူ

ပရီမီယာလိဂ်ကလပ် အာဆင်နယ်အသင်းသည် အန်ဒါလက်ချ်အသင်းမှ ကွင်းလယ်ကစားသမား ဆမ်ဘီလိုကွန်ဂါကို ကာလရှည်စာချုပ်ဖြင့် အပြီးသတ်ခေါ်ယူလိုက်ပြီဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ သို့သော်လည်း အဆိုပါ ဘယ်လ်ဂျီယံ ယူ-၂၁ ကစားသမား၏ ပြောင်းရွှေ့ကြေးကို ဖော်ပြထားခြင်း မရှိပေ။

လိုကွန်ဂါသည် အာဆင်နယ်အသင်း၌ နံပါတ် ၂၃ ဂျာစီကို ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။ ၎င်းသည် ဘယ်လ်ဂျီယံ ယူ-၂၁ အသင်းအတွက် ခုနစ်ပွဲပါဝင်ကစားထားပြီး နှစ်ဂိုးသွင်းယူပေးထားနိုင်သည်။ နည်းပြ အာတီတာ၏ အာဆင်နယ်အသင်းသည် ကစားသမားခေါ်ယူမှုကို ဆက်လက်လုပ်ဆောင်သွားဖွယ်ရှိနေရာ ဘရိုက်တန်အသင်းမှ အင်္ဂလန် ခံစစ်ကစားသမားဘင်ဝိုက်ကို ပေါင်သန်း ၅၀၊ ဘင်ဖီကာအသင်းမှ အသက် ၂၁ နှစ်အရွယ် ဘယ်ခံစစ်ကစားသမား နူနိုတာ ဗာရက်စ်ကို ပေါင်ရှစ်သန်းဖြင့် ခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း သိရသည်။ အာဆင်နယ်အသင်းသည် ယခုနှစ်ရာသီအကြို ချစ်ကြည်ရေးခြေစမ်းပွဲ တတိယမြောက်ပွဲစဉ်အဖြစ် အင်တာမီလန်အသင်းနှင့် ဇူလိုင် ၂၆ ရက်တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**အောင်ဇော်**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း






၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ဂန္ဓကုဋိတိုက်(၅၄×၂၇×၁၈)ပေ(အဆောက်အဦ ဇာတ်နိပါတ်တော် စကျင်ကျောက်ထွင်းပန်းချီ၊ ဆိုလာ) | ၁၅၉၈ | ၂၄ လုံး | ၂၂ လုံး | ၂ လုံး |
| ၂။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁ | ၄၅၅ ခန်း | ၈ ခန်း | ၄၄၇ ခန်း |
| ၃။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၇ တိုင် | ၄၃ တိုင် |
| ၄။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၁၆ ခု | ၆၃၆ ခု |
| ၅။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၁၁ တိုင် | ၁၆၉ တိုင် |
| ၆။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၉ တိုင် | ၈၁ တိုင် |
| ၇။ | ခမ္မာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀. ၂၁ | ၁ လုံး | - | - |
| ၈။ | ရေပန်းအကြီး(အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၁ | ၁ ခု | - | - |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၉။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု |
| ၁၀။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ (၄၆ ပေ×၃၄ ပေ×၂၂. ၈ ပေ) | ၁၄၉၈ | ၁ ခု |
| | (ခ) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ဂ) အဝင်မုခ်အဆောက်အဦ ပင်မလှေကား(၃၅ ပေ×၃၂ ပေ) | ၅၆၂ | ၁ စင်း |
| | (ဃ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (င) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (စ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (ဆ) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| | (ဇ) ရေကန်ပတ်လည်မြေယာရှုခင်း | ၅၀ | ၁ ခု |
| ၁၁။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၂။ | မဟာရံတံတိုင်း၏ မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း |
| ၁၃။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှုနှင့် Expansion Joint) | ၄ | ၂၁၈. ၁၄ ခု |
| ၁၄။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |
| ၁၅။ | High Mast မီးတိုင်(၂၀ မီတာ (၁)တိုင်) | ၄၉၄ | ၉ တိုင် |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** **၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**
**(ခ) ဒေါ်အေးအေးကြည်** **၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## အလှူငွေများထည့်ဝင်လှူဒါန်းထားသည့် အလှူရှင်ဘုရားဒါယကာ၊ ဒါယိကာမများစာရင်း

### ၂၀၂၁ ခုနှစ်၊ ဇွန်လ အလှူရှင်စာရင်း

| | | | |
|---|---|---|---|
| ၈၀၂။ | ဦးငွေကြူ+ဒေါ်နှင်းနှင်းဦး (သား)မောင်မြင့်သူ (မြေး)မသန့်ဟေသူ | နေပြည်တော် | ၁၀၀၀၀၀ |
| ၈၀၃။ | ဦးကျော်စိုးနိုင်+ဒေါ်စန်းစန်းအေး (သမီး)မအိမ့်ကျော့ခင်(သား)မောင်ကျော်ထက်လင်း | နေပြည်တော် | ၁၀၀၀၀ |
| ၈၀၄။ | ဦးမြင့်သိန်းမိသားစု | တောင်ကြီးမြို့ | ၁၀၀၀၀ |
| ၈၀၅။ | ဦးခင်မောင်ဝင်း+ဒေါ်ငွေငွေဝင်း | ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၈၀၆။ | ဦးဝေမိုးအောင်+ဒေါ်ခင်စန္ဒာဖြိုးခိုင် (Toldo Marine Insurance Co.,Ltd.) | ရန်ကုန်မြို့ | ၅၀၀၀၀ |
| ၈၀၇။ | ကွယ်လွန်သူ ဦးတင်ရှန်အားရည်စူး၍ ဒေါ်ရွှေ၊ တပ်ကြပ်ကြီးသက်ဦး မိသားစု | တောင်ငူမြို့ | ၁၀၀၀၀၀ |
| ၈၀၈။ | ဦးတင်ထွန်း+ဒေါ်မိုးမိုးလင်း (သမီး)မထက်ထက်လင်းလင်း(အား/ကာ)မိသားစု | တောင်ကြီးမြို့ | ၃၀၀၀၀ |
| ၈၀၉။ | ဦးဉာဏ်ဆောင်+ဒေါ်ခင်စန်းမြင့် | ချောက်မြို့ | ၁၁၈၁၀ |
| ၈၁၀။ | ဦးဝင်းနိုင်+ဒေါ်စန်းစန်းရင် | တောင်ငူမြို့ | ၂၀၀၀၀၀ (ကြွေပြား- ၁ ကျင်းလှူဒါန်း) |
| ၈၁၁။ | ဦးအောင်ကျော်ကျော်+ဒေါ်အေးအေးဝင်း | တောင်ငူမြို့ | ၂၀၀၀၀၀ (ကြွေပြား- ၁ ကျင်းလှူဒါန်း) |
| ၈၁၂။ | ဦးကျော်အောင်+ဒေါ်အေးအေးမြင့် | တောင်ငူမြို့ | ၂၀၀၀၀၀ (ကြွေပြား- ၁ ကျင်းလှူဒါန်း) |
| ၈၁၃။ | ကွယ်လွန်သူဦးဘာဘူအားရည်စူး၍ ဒေါ်ကလေးမ(သား)တပ်ကြပ်ကြီးမြင့်အောင်(သမီး)ဒေါ်ခင်သန်းနွယ် | တောင်ငူမြို့ | ၂၀၀၀၀၀ (ကြွေပြား- ၁ ကျင်းလှူဒါန်း) |
| ၈၁၄။ | တပ်ကြပ်အောင်ဝင်း+ဒေါ်ခင်မာဝင်း ရဲလ်မင်းဝင်း+ဒေါ်ဝင်းသီရိခိုင်၊ (ဒေါ်စန်းစန်းအေး)၊ တပ်ကြပ်မောင်ငွေ+ ဒေါ်သန်းတင့်စိုးမိသားစု | ရန်ကုန်မြို့ | ၂၀၀၀၀၀ (ကြွေပြား- ၁ ကျင်းလှူဒါန်း) |
| ၈၁၅။ | တပ်ကြပ်လွမ်းယဉ်ဆွေ+ဒေါ်အေးအေးမာ | တောင်ငူမြို့ | ၂၀၀၀၀၀ (ကြွေပြား- ၁ ကျင်းလှူဒါန်း) |
| ၈၁၆။ | ဦးတင်မောင်ရှိန်မိသားစု | ရန်ကုန်မြို့ | ၃၀၀၀၀ |
| ၈၁၇။ | ကွယ်လွန်သူ ဗိုလ်မှူးကြူးမြင့်+ဒေါ်ထွေးလှ တို့အားရည်စူး၍ သားသမီးတစ်စုကောင်းမှု | ရန်ကုန်မြို့ | ၁၅၀၀၀၀ |
| ၈၁၈။ | ဦးမောင်မောင်လွင်မိသားစု | လားရှိုးမြို့ | ၃၀၀၀၀၀ |
| ၈၁၉။ | ဒေါ်အေးအေးမြင့် | လားရှိုးမြို့ | ၆၀၀၀၀၀ |
| ၈၂၀။ | ဒေါ်ကြူကြူငွေ | တပ်ကုန်းမြို့ | ၁၀၀၀၀၀ |
| ၈၂၁။ | ဗိုလ်ကြီးကြည်စိုး(ငြိမ်း) | တပ်ကုန်းမြို့ | ၂၀၀၀၀၀ |
| ၈၂၂။ | ဒေါ်မာလာသင်း | ရန်ကုန်မြို့ | ၁၀၀၀၀ |
| ၈၂၃။ | ဦးစိုးမင်းအောင် | မန္တလေးမြို့ | ၃၀၀၀၀ |
| ၈၂၄။ | ဦးသန်းငွေ(ကွယ်လွန်)+ဒေါ်ထွေးကြည်တို့၏ ကိတ္တိမသား(မြေး)မောင်ဇွဲပြည့်လျှံဝင်းမိသားစုကောင်းမှု (၅)နှစ်ပြည့်မွေးနေ့အလှူ | ရမည်းသင်းမြို့ | ၂၀၀၀၀၀ |
| ၈၂၅။ | ဒုတိယဗိုလ်မှူးကြီးအေးမင်းထွန်း+ ဒေါ်ဇင်မင်းအေး(သား)မောင်စွမ်းဉာဏ်ဇော်(သမီး)မမေမြတ်မွန် | မုံရွာမြို့ | ၁၀၀၀၀၀ |
| ၈၂၆။ | ဒေါ်ဇာခြည်မင်းဝေ | ရန်ကုန်မြို့ | ၅၀၀၀၀၀၀ |
| ၈၂၇။ | ဦးပြုံးမောင်မောင်+အကယ်ဒမီဒေါ်ခင်သီတာထွန်း သားသမီးမြေးတစ်စု | ရန်ကုန်မြို့ | ၁၅၀၀၀၀၀ (မဟာရံတံတိုင်းရှိထောင့်တိုင်(စကျင်မြန်မာမှုပါ)-၁ တိုင်လှူဒါန်း) |
| ၈၂၈။ | ဦးစောထွန်းအောင်မြင့်နှင့်မိသားစု ပြည်ထောင်စုဝန်ကြီး(တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန) | နေပြည်တော် | ၅၀၀၀၀၀ |
| ၈၂၉။ | ဒေါ်ယုဇနသီရိ | တပ်ကုန်းမြို့ | ၁၀၀၀၀၀ |
| ၈၃၀။ | ဦးငွေ | တပ်ကုန်းမြို့ | ၁၀၀၀၀၀ |
| ၈၃၁။ | ဒေါ်မီမီစိုး | မိတ္ထီလာမြို့ | ၄၀၀၀၀ |
| ၈၃၂။ | သီရိမင်္ဂလာဈေး ရွှေဖြိုးငွေဖြိုးပြောင်းဖူးပွဲရုံ ဦးမြင့်သန်း+ဒေါ်ထွေးခင်မိသားစု | ရန်ကုန်မြို့ | ၃၀၀၀၀၀၀ |
| ၈၃၃။ | ဦးမြတ်သူထက် United Five Co.,Ltd. မိသားစု | ရန်ကုန်မြို့ | ၃၀၀၀၀၀၀ |
| ၈၃၄။ | ဦးမျိုးမြင့်+ဒေါ်ရင်မြိုင်တို့အားရည်စူး၍ ဒေါ်စန်းသီတာမြိုင်ကောင်းမှု | ဝါးခယ်မမြို့ | ၁၂၀၀၀၀ (Garden Light-၁တိုင်လှူဒါန်း) |
| ၈၃၅။ | ဒေါ်စန်းစန်းလွင် | မန္တလေးမြို့ | ၁၀၀၀၀၀ |
| ၈၃၆။ | ဦးမြတ်မင်းထက် | မင်္ဂလာဒုံ | ၁၀၀၀၀ |
| ၈၃၇။ | သကြားစက်ရုံ(ကံလှ) မှဝန်ထမ်းများ(မစက) | မကွေးမြို့ | ၁၉၀၀၀၀ |
| ၈၃၈။ | အင်းဝဘဏ်ကျိုက်ထိုဘဏ်ခွဲမှဝန်ထမ်းများ | ကျိုက်ထိုမြို့ | ၂၀၀၀၀၀ |
| ၈၃၉။ | ဒေါ်ဦးဦးရွှေ မွေးနေ့အလှူ | ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၈၄၀။ | ဒေါ်စန်းစန်း မွေးနေ့အလှူ | ရန်ကုန်မြို့ | ၆၃၀၀ |
| ၈၄၁။ | ဒေါ်စန်းစန်းနှင့်သားများအလှူငွေ | ရန်ကုန်မြို့ | ၅၀၀၀ |
| ၈၄၂။ | ကွယ်လွန်သူ ဆရာမဒေါ်ညွန့်ညွန့်လွင် အားရည်စူး၍ ခင်ပွန်း ဗိုလ်မှူးသန်းစိန်(ငြိမ်း)ကောင်းမှု | မိတ္ထီလာ | ၁၄၀၀၀၀၀၀ (မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ်ပန်း ၂၀ ခုလှူဒါန်း) |

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးကိုကိုလေး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**ကုန်သွယ်ရေးဦးစီးဌာန**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**
**အသက် (၆၀) နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်အောင်ကျော်လမ်း၊ တိုက်အမှတ် (၅၂/၆၀) အခန်း(၁၁)နေ ဒေါ်သိန်းနုခိုင်၊ ဒုတိယညွှန်ကြားရေးမှူး၊ ကုန်သွယ်ရေးဦးစီးဌာန၏ခင်ပွန်း မပန်းမြတ်သဉ္ဇာ၏ဖခင် ဦးကိုကိုလေး အသက် (၆၀) နှစ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်သည် ၂၀-၇-၂၀၂၂ရက် (အင်္ဂါနေ့) ညနေ ၁၅ : ၀၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်**
**အရာထမ်း၊ အမှုထမ်းများ**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးကိုကိုလေး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**ကုန်သွယ်ရေးဦးစီးဌာန**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**
**အသက် (၆၀) နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်အောင်ကျော်လမ်း၊ တိုက်အမှတ် (၅၂/၆၀) အခန်း(၁၁)နေ ဒေါ်သိန်းနုခိုင်၊ ဒုတိယညွှန်ကြားရေးမှူး၊ ကုန်သွယ်ရေးဦးစီးဌာန၏ခင်ပွန်း မပန်းမြတ်သဉ္ဇာ၏ဖခင် ဦးကိုကိုလေး အသက် (၆၀) နှစ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်သည် ၂၀-၇-၂၀၂၂ရက် (အင်္ဂါနေ့) ညနေ ၁၅ : ၀၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ**
**ကုန်သွယ်ရေးဦးစီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ (၅)ရပ်ကွက်၊ အမှတ်(က-၄/၃၉) နေ ဒေါ်ဝင်းကြည်၏ ခင်ပွန်း၊ စစ်တက္ကသိုလ်အပတ်စဉ်(၃၀)မှ ဦးအောင်သန့်(ဂိတ်မှူး)မန္တလေး-ပြင်ဦးလွင် လွင်မန်းကားဂိတ်၊ ဇနီး ဒေါ်အေးအေးကြူတို့၏ ဖခင်ဖြစ်သူ ဦးချစ်လှိုင်(ငြိမ်း) ဌာနခွဲမှူး၊ ရေနံထွက်ပစ္စည်းဖြန့်ဖြူးရောင်းချရေးကော်ပိုရေးရှင်း၊ အသက်(၈၅)နှစ် သည် ၂၀-၇-၂၀၂၂ရက်(အင်္ဂါနေ့) နံနက် ၉:၃၀နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် သူငယ်ချင်း မိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အပတ်စဉ်(၃၀)မှ သူငယ်ချင်းမိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၆)ရပ်ကွက်၊ မြဝတီမင်းကြီး(၆)လမ်း၊ အမှတ်(၆၃၀)နေ (ဦးထန်ခန့်ဟန်)၏ဇနီး ၊ စစ်တက္ကသိုလ်အပတ်စဉ်(၃၀)မှ လေယာဉ်မှူးကြီး ဦးခုပ်ခန့်မုံ၊ ဇနီး ဒေါက်တာ ဒေါ်သီတာထွန်း တို့၏ မိခင်ဖြစ်သူ ဒေါ်လျှန်ခေါ်မန်း အသက်(၇၄)နှစ်သည် ၂၀-၇-၂၀၂၂ရက်(အင်္ဂါနေ့) နံနက် ၂ နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် သူငယ်ချင်း မိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အပတ်စဉ်(၃၀)မှ သူငယ်ချင်းမိသားစုများ**

## ဒေါ်မိုးအိအိဝင်း @ Albin

**အသက် (၄၅)နှစ်**

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ မေခအိမ်ရာ၊ မေခလမ်းသွယ်(၁)၊ အိမ်အမှတ် A(4)MM နေ (ဦးဌေးဝင်း-ဒေါ်မိုးမိုး)တို့၏သမီးကြီး၊ မမေရီစကားဝါ၊ မမြမူးစံ တို့၏ကျေးဇူးရှင်မိခင် ဒေါ်မိုးအိအိဝင်း @ Albin သည် ၁၈-၇-၂၀၂၂ ရက် နံနက် ၅:၃၀ တွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၇-၂၀၂၂ ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ရန်ကုန်မြို့၊ တာမွေမြို့နယ်**
**လယ်ယာရွှေမြေလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ အမှတ် (၂၄/၂၅)၊**
**Shwe EinZali Condo-1**
**အခန်းအမှတ် (3-C) အရောင်းအဝယ်နှင့် စပ်လျဉ်းပြီး**
## ကန့်ကွက်နိုင်ပါသည်

အဆိုပါကွန်ဒိုတိုက်ခန်းကို ကန်ထရိုက်တာဒေါ်ခင်အေးချို ၁၂/မဂတ(နိုင်)၀၆၅၄၆၇ထံမှ ဝယ်ယူသူ ဒေါ်ခင်မာလာရွှေ ၁၂/စခန(နိုင်)၀၀၃၂၄၇နှင့် ဒေါ်ပွင့်ဖြူရွှေ ၁၂/စခန(နိုင်)၀၆၁၈၀၄ အား ရောင်းချပြီး ဝယ်ယူသူမှ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများ ယနေ့မှစ၍ ၁၀ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကို လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ**
**ဒေါ်ခင်မာလာရွှေနှင့် ဒေါ်ပွင့်ဖြူရွှေ**
**အမှတ် (၁၃)၊ ၅-လွှာ၊ စမ်းရေတွင်းလမ်း၊ စမ်းချောင်း**
**ဖုန်း-၀၉- ၇၉၄၄၇၃၅၇၇၊ ၀၉-၄၂၀၀၁၈၀၂၁**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

**ရွှေမင်းဝင်ဝဲကြီးကျောင်းတိုက်ဦးစီး ပဓာန နာယက**
**သက်တော်ရှည်ဆရာတော်ကြီး**
**ဘဒ္ဒန္တ စန္ဒာဝရ**
**တောင်ငူမြို့**
**သက်တော်(၉၅)နှစ်၊ သိက္ခာတော်(၇၄)ဝါ**

တောင်ငူမြို့၊ ရွှေမင်းဝင်ဝဲကြီးကျောင်းတိုက် ဦးစီးပဓာန နာယက သက်တော်ရှည် ဆရာတော်ကြီး ဘဒ္ဒန္တ စန္ဒာဝရသည် (၁၃၈၃ခုနှစ် ဝါဆိုလဆန်း ၁၂ရက်) ၂၀-၇-၂၀၂၂ရက် နံနက် ၁၁နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၃ခုနှစ် ဝါဆိုလဆန်း ၁၃ရက်) ၂၁-၇-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် တောင်ငူမြို့ ပေါ်ရိသာဒ်သုသာန်သို့ ပို့ဆောင်၍ အန္တိမအဂ္ဂိစျာပန ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

**တပည့် ဦးဝိစက္ခဏနှင့် သံဃာတော်များ**
**ဒါယကာ၊ ဒါယိကာမများ**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊

**ရေတွင်း၊ တံတား ဒါယကာကြီး**
**ဦးခင်ဇော်(ခ)ဦးဇော်ကြီး**
**ကျားကိုးကောင် သွပ်ပြားစက်ရုံ**
**အသက်(၅၆)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းနေ (ဦးဌေးလွင်)-ဒေါ်တင်တင်ဝင်းတို့၏သားကြီး၊ တောင်ဒဂုံမြို့နယ်နေ ဦးခင်ကြိုင်-ဒေါ်သန်းသန်းဆင့်တို့၏သားသမက်၊ တောင်ဒဂုံမြို့နယ်နေ ဒေါ်ခင်ဆွေဦး၏ချစ်လှစွာသောခင်ပွန်း၊ ဦးကျော်စိန်-ဒေါ်အေးမိစံတို့၏မောင်၊ ဒေါ်ခင်သီတာလွင်၊ ဦးကျော်မင်းဦး-ဒေါ်နီလာလွင်၊ ဒေါ်စုသီရိတို့၏အစ်ကို၊ ကိုအောင်ပိုင်ဖြိုး-မဟေဝန်ဦး၊ ကိုဝေယံဇော်ဦးတို့၏ချစ်လှစွာသောဖခင်ကြီး၊ မခင်ရတနာဖြိုး၊ မခင်ဟေသာဖြိုးတို့၏ ဘဘသည် ၂၀-၇-၂၀၂၂ရက် မွန်းလွဲ ၂:၂၀နာရီတွင် နေအိမ်၌ (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၁-၇-၂၀၂၂ရက်တွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးသန့်**
**အသက် (၇၉)နှစ်**

အလုပ်သင်ဗိုလ်၊ ဗိုလ်လောင်းအမှတ်စဉ်(၂၂)မှ သူငယ်ချင်း လေယာဉ်မှူးကြီး မြတ်မိုးအောင် (မြန်မာအမျိုးသားလေကြောင်း)-ဒေါ်ခင်ပပသော်တို့၏ ကျေးဇူးရှင်ဖခင်ကြီး ဦးသန့်အသက် (၇၉)နှစ်သည် ၂၀-၇-၂၀၂၂ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။
ကောင်းရာဘုံဘဝရောက်ရှိပါစေ...

**တေဇ(၂၂)မှ သူငယ်ချင်းများနှင့် မိသားစုဝင်များ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးယုံစိန်**
**အသက် (၇၈)နှစ်**

အလုပ်သင်ဗိုလ်၊ ဗိုလ်လောင်းအမှတ်စဉ်(၂၂)မှ သူငယ်ချင်း ဗိုလ်မှူး ညီညီထွေး (ငြိမ်း)-ဒေါ်စန်းစန်းဌေးတို့၏ကျေးဇူးရှင်ဖခင်ကြီး ဦးယုံစိန် အသက် (၇၈)နှစ်သည် ၂၀-၇-၂၀၂၂ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။
ကောင်းရာဘုံဘဝရောက်ရှိပါစေ...

**တေဇ(၂၂)မှ သူငယ်ချင်းများနှင့် မိသားစုဝင်များ**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်ခင်မာနွယ် (မန္တလေး)**
**အသက်(၇၅)နှစ်**

